# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၂)ရက် ၊ စနေနေ့ ၊ (26-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၈၇)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၅)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၅

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က

စာမျက်နှာ ၁၈ ကော်လံ ၁



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။




Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၂၆ ရက်
အယ်ဒီတာ့အာဘော်

# မျိုးချစ်တပ်မတော်သားတို့၏ ပြည်သူ့အတွက်အောင်ပွဲများ

သပိတ်ကျင်းမြို့သည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပေါ်၌ရှိသော သဘော်ဆိပ်မြို့ဖြစ်ပြီး မန္တလေးမြို့နှင့် ရေကြောင်းအားဖြင့် ၇၇ မိုင်ခန့် ကုန်းကြောင်းအနေဖြင့် မိုင် ၆၀ ခန့်သာ ဝေးကွာသောကြောင့် မန္တလေး၊ ဗန်းမော်၊ မြစ်ကြီးနားသွား သဘော်ကြီးများ၊ မန္တလေးနှင့် သပိတ်ကျင်းသွား ကူးတို့သဘော်ငယ်များလည်းရှိသဖြင့် ရေကြောင်းသွားလာရေးနှင့် ကုန်သွယ်မှုကောင်းမွန်သည့် မြို့ဖြစ်သည်။ ထို့ကြောင့် သပိတ်ကျင်းမြို့ကို TNLA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၈ ရက်မှစ၍ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဒေသခံပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့်ပစ္စည်းများကို အတင်းအဓမ္မလုယက်ယူဆောင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံပြည်သူများသည် ယာယီနေရပ်စွန့်ခွာကာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ သာလွန်အင်အားဖြင့် သပိတ်ကျင်းမြို့ကို အလစ်အငိုက်လာရောက်တိုက်ခိုက်မှုကြောင့် မြို့တွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့ မကျဆုံးစေရေးအတွက် အပြင်းအထန်ခုခံခဲ့သော်လည်း ထိခိုက်ကျဆုံးဒဏ်ရာရရှိမှုများ များပြားလာခြင်း၊ ရန်သူ့အင်အား အဆမတန် များပြားခြင်းများကြောင့် တန်ပြန်တိုက်ခိုက်နိုင်ရန် လိုအပ်သည့်စစ်ရေးပြင်ဆင်မှုများကို အချိန်ယူဆောင်ရွက်ခဲ့ပြီးနောက် မြေပြင်၊ ဝေဟင်၊ ရေပြင် ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့ကို အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးဖြင့် တန်ပြန်တိုက်စစ်များ တစ်ဆင့်ပြီးတစ်ဆင့် ခြေကုပ်ယူတိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက် တွင် သပိတ်ကျင်းမြို့တစ်မြို့လုံးကို တပ်မတော်က အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူများသည် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့ဖြင့် ပူးပေါင်းပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အချက်အချာကျသည့် ဘားအံ-ကျုံဒိုး-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးနှင့် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့ကို ၂၀၂၅ ခုနှစ် မေ ၁၃ ရက်မှစ၍ သာလွန်အင်အားများဖြင့် အပြင်းအထန်တိုက်ခိုက်လာခဲ့သည်။ ထိုသို့ တိုက်ခိုက်မှုများကြောင့် ဒေသတွင်းကုန်စည်စီးဆင်းမှု ရပ်တန့်သွားခဲ့ပြီး အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကာ နေထိုင်စားသောက်ရေးတို့တွင် များစွာအခက်အခဲဖြစ်ပေါ်ခဲ့ရသဖြင့် ၂၀၂၅ ခုနှစ် မေ ၁၃ ရက်မှစ၍ တပ်မတော်က ကျုံဒိုး-ကော့ကရိတ်ကြားတွင် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို စစ်ဆင်ရေးကာလ သုံးလကျော်ဆင်နွှဲပြီးနောက် ဒေသတွင်းကုန်စည်စီးဆင်းမှုအတွက် အရေးပါသော ကျုံဒိုး-ကော့ကရိတ် ပြည်ထောင်စုကားလမ်းမကြီးကို ဇူလိုင် ၂၄ ရက်တွင် ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် သပိတ်ကျင်းမြို့၊ ကျုံဒိုးမြို့၊ ကော့ကရိတ်မြို့တို့ကို ပြည်သူ့အတွက် အသက်ကိုပင် ပဓာနမထား ရှုပ်ရှပ်ချုံချုံ တိုက်ခိုက်တွန်းလှန်ခဲ့ကာ အောင်ပွဲဆင်နိုင်ခဲ့ကြသည်။ ယခုအခါ ထိုမြို့များမှ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များ မြို့များအတွင်း ဘေးကင်းစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး၊ အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများကို ပြန်လည်ပြုပြင်ခြင်းနှင့် မြို့တွင်းမိုင်းရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း နေ့မအား ညမအား ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဒေသခံပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး ဆောင်ရွက်လျက်ရှိသော အောင်ပွဲရတိုက်ပွဲဝင် တပ်မတော်သားများ၏ စွမ်းဆောင်ချက်များသည် နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် အောင်ပွဲများပင်ဖြစ်သောကြောင့် အောင်ပွဲရ တပ်မတော်သားများကို ဂုဏ်ယူလေးစားပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၂၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၅၂၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၉၆၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၂၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၉၆၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အပြင် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် နေကြာ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၇၉၃ ဧက၊ ဘုတလင်မြို့နယ်တွင် ၃၀၅၅ ဧက၊ အရာတော်မြို့နယ်တွင် ဧက ၁၁၀၀ နှင့် ချောင်းဦးမြို့နယ်တွင် ၂၅၃ ဧက စုစုပေါင်း ၅၂၀၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၄၅ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၅၇၁၀၊ အရာတော်မြို့နယ်တွင် ၂၇၃၇ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ဧက ၂၅၀ စုစုပေါင်း ၉၆၄၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာ စိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြှင့်မာရေးအတွက်ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်ဆည်မြို့နယ် ထနောင်းတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထနောင်းတပ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ် လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဇူလိုင် ၂၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၃ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် ထနောင်းတပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၆၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးအတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖီးကြမ်းငှက်ပျော အဖီးရေ ၇၈၀၀၀၀ ထိ တင်ပို့ရောင်းနိုင်ခဲ့

**ကျိုက်လတ် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖီးကြမ်းငှက်ပျောအဖီးရေ ၇၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်းက ဖီးကြမ်းငှက်ပျောအဖီးရေ ၅၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဖီးကြမ်းငှက်ပျော အဖီးရေ ၇၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ဖီးကြမ်းငှက်ပျောတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက် သီးနှံတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချတာပါ။ ပြည်တွင်းမှာကို ဖီးကြမ်းငှက်ပျောတွေက ဝယ်လိုအားများနေတဲ့ အခြေအနေရှိနေပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ ဖီးကြမ်းငှက်ပျောတွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိငှက်ပျောဈေးကလဲ အရင်ကထက် အနည်းငယ်ကောင်းလာပါတယ်"ဟု ကျိုက်လတ်မြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ဈေးပေါက်ကြောင်း၊ အဆိုပါဒေသထွက် ဖီးကြမ်းငှက်ပျောအဖီးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ငှက်ပျောစိုက်ပျိုးသူများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပျော်ဘွယ် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အုန်းပင်ခြံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ အုန်းပင်ခြံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပျော်ဘွယ်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည်ပေ ၁ ဒသမ ၆ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၆ ဒသမ ၆၆၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၇ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အုန်းပင်ခြံကျေးရွာရှိ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစွာသွားလာနိုင်ပြီး ၎င်းတို့၏ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ၁၀၉ ဘီလမ်း-၂၊ ၅၉ အေလမ်းထောင့်နေ ဒေါ်နွယ်နွယ်ဝင်းနှင့် မောင်နှမတစ်စုက မိဘနှစ်ပါးအား ရည်စူး၍ ဆေးပဒေသာပင် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ပဲစင်းငုံ ၉၁၆၉၃ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ယင်းမာပင် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၁၆၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၈၈၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၁၆၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲစင်းငုံ ဧက ၈၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ပဲစင်းငုံသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၂၁၈၂ ဧက၊ ကနီမြို့နယ်တွင် ၃၁၂၂၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၅၃၉၀၊ ပုလဲမြို့နယ်တွင် ဧက ၂၂၉၀၀ စုစုပေါင်း ၉၁၆၉၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၀၃၀၀၊ ကနီမြို့နယ်တွင် ဧက ၁၅၃၉၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၀၈၀၀၊ ပုလဲမြို့နယ်တွင် ဧက ၂၂၀၁၀ စုစုပေါင်း ဧက ၈၈၅၀၀ တို့ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပဲစင်းငုံကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အုတ်ဖိုမြို့နယ် ခတ်ချိုကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခတ်ချိုကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခတ်ချိုကွင်းကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၄ ဦးကို ငွေကျပ် ၅၀ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၈ ဦးကို ငွေကျပ် ၅၃ ဒသမ ၃ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ပုသိမ်မြို့နယ် ရွှေသောင်ယံကမ်းခြေသို့ ဇွန်လအတွင်း ခရီးသွားဧည့်သည် ၁၁၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့

**ပုသိမ် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဇွန်လအတွင်း ခရီးသွားဧည့်သည် ၁၁၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်မြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ယခုနှစ် ဇွန်လအတွင်း ခရီးသွားဧည့်သည် ၁၁၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ဇွန်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားအပန်းဖြေသူတွေများခဲ့ပါတယ်။ တစ်လအတွင်း လာတဲ့ဧည့်သည်တွေက နေ့ချင်းပြန်လာတဲ့ ဧည့်သည်များတယ်။ အခုကတော့ မိုးရာသီရောက်လာပြီဖြစ်လို့ ခရီးသွားတွေအလာနည်းနည်းကျဲသွားပေမဲ့ အလာမပြတ်ပါဘူး။ ပြီးခဲ့တဲ့တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းဧည့်သည်တွေအပြင် ပြည်ပခရီးသွားတွေပါ လာခဲ့ပါတယ်"ဟု ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်များ အပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာအလုံးရေ စုစုပေါင်း ၂၀ ကျော်ဖြင့် ကမ်းခြေသို့ လာသည့်ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့်ဧည့်သည်များ အစစအရာရာ အဆင်ပြေစေရန်အတွက် အုပ်ချုပ်ရေးအဖွဲ့များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားဝန်ဆောင်မှုပေးသည့် အသင်းအဖွဲ့များ၊ ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များ ဒေသခံများ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဂျူးမြစ်၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်



ဂျူးမြစ်၏ ရုက္ခဗေဒအမည်မှာ Allium hookeri ဖြစ်ပြီး Chinesechives ဟုခေါ်သကဲ့သို့ Liliaceae ဟုလည်းခေါ်ဆိုကြပါသည်။ ဂျူးမြစ်သည် ထူထဲပြီး အသားများသော အမြစ်များဖြစ်ပြီး အရှေ့ဘက် ဟိမဝန္တာနှင့် အရှေ့အာရှတို့တွင် စီးပွားဖြစ်စိုက်ပျိုးကြပါသည်။ ဂျူးမြစ်တွင် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရရှိစေသည့် အမျှင်ဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ပါဝင်သည့်အတွက် ဂျူးမြစ်ကို နေ့စဉ်စားသုံးခြင်းဖြင့် သွေးဖိအားပုံမှန်ဖြစ်စေခြင်း၊ နှလုံးသွေးလွှတ်ကြောဆိုင်ရာရောဂါများ၊ အယ်လ်ဇိုင်းမားရောဂါနှင့် အိုမင်းရင့်ရော်ခြင်းကို ကာကွယ်နိုင်ခြင်း အစရှိသည့်ကောင်းကျိုးများစွာကို ရရှိစေနိုင်သည်။ ထို့ပြင် ဂျူးမြစ်တွင် အဆီဓာတ်ပါဝင်မှုနည်းပါးသည့်အတွက် ဂျူးမြစ်ကို ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာတစ်မျိုးအဖြစ် ပြုလုပ်စားသုံးနိုင်ပြီး ရောဂါများစွာဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်သည့် အာနိသင်ကို လည်းရရှိစေသဖြင့် ကျန်းမာရေးအတွက် လွန်စွာကောင်းမွန်သော ဂျူးမြစ်ကို လူတိုင်း စားသုံးသင့်သည်။

**ဂျူးမြစ်စိုက်ပျိုးရာဒေသများ**

ဂျူးပင်သည် အိန္ဒိယ၊ သီရိလင်္ကာ၊ မြန်မာ၊ ဘူတန်နှင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ်၊ တိဗက်ပြည်နယ်နှင့် ယူနန်ပြည်နယ်တို့တွင် ပေါက်ရောက်သော အပင်မျိုးစိတ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဂျူးပင်သည် တောင်ပေါ်ဒေသများတွင် အများဆုံးစိုက်ပျိုးဖြစ်ထွန်းပြီး မိုးကုတ်၊ ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးနှင့် ပင်းတယမြို့တို့တွင် အများဆုံးစိုက်ပျိုးကြသည်။

**ဂျူးမြစ်စားသုံးသည့်ပုံစံ**

ဂျူးမြစ်ကို အတို့အမြုပ်အနေဖြင့်ဖြစ်စေ၊ အချဉ်သုပ်၍ဖြစ်စေ၊ ဘူးသီး၊ ဂေါ်ရခါးသီး၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ ငါး စသည်တို့နှင့်ရော၍ ချဉ်ရည်ဟင်းချက်၍ ဖြစ်စေ၊ ရှမ်းထမင်းချဉ်သုပ်နှင့် တွဲဖက်၍ ဖြစ်စေ စားသုံးကြပြီး မြေပဲ၊ ပဲပုပ်၊ အသားတု၊ ငရုတ်သီးခွဲခြမ်းမှုန့်တို့နှင့်ရော၍ အကြွပ်ကြော်၍ သက်သတ်လွတ်သမားများ အများဆုံးစားသုံးကြသည်။

**ဂျူးမြစ်မှရနိုင်သည့် အာဟာရဓာတ်များ**

ဂျူးမြစ်တွင် ဗီတာမင် A၊ ဗီတာမင် K၊ ဗီတာမင် C၊ ဗီတာမင် B6 ၊ ဗီတာမင် E၊ ဖောလိတ်ဓာတ်၊ အမျှင်ဓာတ်၊ ကယ်လ်လိုရီ၊ ကာဗိုဟိုက်ဒရိတ်၊ အဆီဓာတ်၊ ပရိုတင်း၊ မဂ္ဂနိစ် (Mn)၊ သံဓာတ် (Fe)၊ မဂ္ဂနီဆီယမ် (Mg)၊ ကယ်လ်ဆီယမ် (Ca)၊ ပိုတက်ဆီယမ်(K) နှင့် ကြေးနီ (Cu) တို့ပါဝင်နေသည်။ ဂျူးမြစ်တွင် အက်စစ်ဓာတ်နှင့် အမျှင်ဓာတ်ပမာဏ မြင့်မားစွာ ပါဝင်သည့်အပြင် ဖိုင်တိုစတာရောလ် (Phytosterol)၊ ဖီနောလ် (Phenol)၊ အက်စ်ကောဘစ်အက်ဆစ် (Ascorbic Acid)နှင့် အမျှင် (Fiber) ပမာဏမြင့်မားစွာပါဝင်ပြီး အဆီဓာတ်နည်းသည့်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာအဖြစ် ပြုလုပ်စားသုံးနိုင်ကာ ဂျူးမြစ်ကို ဖြည့်စွက်အစာအဖြစ်စားသုံးပါက ရောဂါများဝင်ရောက်ခြင်းမှ အကာအကွယ်ပေးနိုင်သည်။

**တိုင်းရင်းဆေးဆရာများကပြောသည့် ဂျူးမြစ်ဆေး**

တိုင်းရင်းဆေးဆရာများသည် ဂျူးမြစ်အရွက်မှ ထွက်ရှိသည့်အရည်ကို ဆားနှင့်ရောစပ်၍ အစာအိမ်အနာပေါက်ခြင်း(Ulcer)နှင့် အခြားအစာအိမ်နှင့်ပတ်သက်သောရောဂါများကို ကုသရာတွင် အသုံးပြုကြသည်။ အပင်၏အစိတ်အပိုင်းများဖြစ်သည့် ပင်စည်၊ အမြစ်တို့ကို ဆူပွက်အောင် ရေနွေးနှင့်ပြုတ်ခြင်း သို့မဟုတ် ဓာတုပစ္စည်းများတွင် ပျော်ဝင်စေသည့် နည်းလမ်းနှင့် ရရှိသည့် ဂျူးမြစ်အနှစ်ကို နဖူးပေါ် သုတ်လိမ်းပေးခြင်းဖြင့် ကိုယ် အပူချိန်မြင့်မားခြင်းနှင့် သွေးတိုးခြင်းတို့ကို ကျဆင်းစေပါသည်။

**နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း**

ဂျူးမြစ်တွင် ဖောလိတ် (Folate) ဓာတ်ပါဝင်သောကြောင့် နှလုံးသွေးကြောနံရံများကို ထိခိုက်ပျက်စီးမှုမရှိစေရန်ကာကွယ်ပေးပြီး ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသဖြင့် ရုတ်တရက် နှလုံးရပ်ခြင်းနှင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ သွေးကြောများကို ဓာတ်တိုးပစ္စည်းများကြောင့် ထိခိုက်ပျက်စီးမှုမှလည်း ကာကွယ်ပေးနိုင်သည်။

**ကိုယ်ခံအားကောင်းစေသောဂျူးမြစ်**

ဂျူးမြစ်တွင် ကိုယ်ခံအားစနစ်ကို အားဖြည့်ပေးနိုင်သည့် ဗီတာမင် A ပါဝင်သောကြောင့် နာကျင်ရောင်ရမ်းမှုကိုသက်သာစေပြီး ခန္ဓာကိုယ်ကိုကျန်းမာစေသကဲ့သို့ ကူးစက်ရောဂါများကို တိုက်ထုတ်ပေးနိုင်သည့်အပြင် ဗီတာမင် E ကြွယ်ဝမှုကြောင့်လည်း အသား အရေကို ကျန်းမာလှပစေနိုင်သည်။

**အာရုံကြောစနစ်ကိုကျန်းမာစေခြင်း**

ဂျူးမြစ်တွင်ပါဝင်သည့် အာရုံကြောကျန်းမာရေးကို အဓိကထောက်ပံ့ပေးနိုင်သည့် ဗီတာမင် B6 က အာရုံကြောကို အားဖြည့်ပေးပြီး နေ့စဉ်စိတ်ဖိစီးမှုကြောင့် ခံစားရနိုင်သည့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ခြေကုန်လက်ပန်းကျခြင်းတို့ကို သက်သာစေနိုင်သည့်အပြင် အာရုံကြောကို အားဖြည့်ပေးနိုင်သည့် မဂ္ဂနိစ် (Mn)၊ ဗီတာ မင် C၊ ဖောလိတ် (Folate) ဓာတ်တို့လည်း ကြွယ်ဝစွာ ပါဝင်သောကြောင့် အာရုံကြောစနစ်ကို ကျန်းမာစေနိုင်သည်။

**အမြင်အာရုံကျန်းမာစေခြင်း**

ဓာတ်တိုးပစ္စည်းများ (Oxidations)သည် အမြင်အာရုံကို များစွာထိခိုက်စေနိုင်ပြီး ၎င်းအမြင်အာရုံထိခိုက်နိုင်မှုကို ကာကွယ်ရန်အတွက် ဗီတာမင် C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Antioxidant) ကြွယ်ဝစွာပါဝင်သည့် ဂျူးမြစ်ကဲ့သို့ အစားအစာများကို စားသုံးပေးရန် လိုအပ်သည်။ ဂျူးမြစ်ကို စားသုံးပေးခြင်းဖြင့် ရေတိမ်ဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်သည်။

**သွေးပေါင်ထိန်းညှိပေးသောဂျူးမြစ်**

ဂျူးမြစ်တွင်ပါဝင်သည့် ပိုတက်ဆီယမ် (K)က သွေးစီးဆင်းမှုကို ကောင်းမွန်စေပြီး နှလုံးကြွက်သားများ၏ ကျုံ့ဆန့်နိုင်မှုကိုကောင်းမွန်စေသကဲ့သို့ သွေးတွင်း အောက်ဆီဂျင်ပမာဏကိုပြည့်ဝစေပြီး ခန္ဓာကိုယ် အစိတ်အပိုင်းများသို့ အောက်ဆီဂျင်ရောက်ရှိစေရန် အကောင်းဆုံးထောက်ပံ့ပေးနိုင်သည်။ ထို့ပြင် ပိုတက်ဆီယမ် (K) ကြွယ်ဝစွာ ပါဝင်နေသည့် ဂျူးမြစ်သည် သွေးပေါင်ချိန်ကို အကောင်းဆုံးထိန်းညှိပေးနိုင်သဖြင့် သွေးတိုးရှိသူများ စားသုံးရန်အတွက် သင့်တော်သည့် အစားအစာတစ်မျိုးဖြစ်သည်။

**❖ဂျူးမြစ်တွင်ပါဝင်သည့် အာရုံကြောကျန်းမာရေးကို အဓိကထောက်ပံ့ပေးနိုင်သည့် ဗီတာမင် B6 က အာရုံကြောကို အားဖြည့်ပေးပြီး နေ့စဉ်စိတ်ဖိစီးမှုကြောင့် ခံစားရနိုင်သည့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ခြေကုန်လက်ပန်းကျခြင်းတို့ကို သက်သာစေနိုင်သည့်အပြင် အာရုံကြောကို အားဖြည့်ပေးနိုင်သည့် မဂ္ဂနိစ် (Mn)၊ ဗီတာမင် C၊ ဖောလိတ် (Folate) ဓာတ်တို့လည်း ကြွယ်ဝစွာ ပါဝင်သောကြောင့် အာရုံကြောစနစ်ကို ကျန်းမာစေနိုင်သည်။ ဓာတ်တိုးပစ္စည်းများ (Oxi-dations)သည် အမြင်အာရုံကို များစွာထိခိုက်စေနိုင်ပြီး ၎င်းအမြင်အာရုံထိခိုက်နိုင်မှုကို ကာကွယ်ရန်အတွက် ဗီတာမင် C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Antioxidant) ကြွယ်ဝစွာပါဝင်သည့် ဂျူးမြစ်ကဲ့သို့ အစားအစာများကိုစားသုံးပေးရန် လိုအပ်သည်။❖**

**အစာခြေစနစ်ကျန်းမာစေခြင်း**

ဂျူးမြစ်တွင် ပျော်ဝင်လွယ်သည့်အမျှင်ဓာတ်နှင့် ပျော်ဝင်မလွယ်သည့် အမျှင်ဓာတ်တို့ပါဝင်နေသဖြင့် အစာခြေစနစ်ကို ကျန်းမာစေသည့်အပြင် အူနံရံများကို ကျန်းမာစေသည်။ ဂျူးမြစ်က အူမကြီးကိုသန့်စင်စေပြီး ဝမ်းမှန်စေသောကြောင့် အစာခြေစနစ်လုပ်ငန်းဆောင်တာများ ကောင်းမွန်စေကာ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲစေရန်အတွက် ဂျူးမြစ်ကို သင့်တင့်မျှတစွာ စားသုံးပေးရန် တိုက်တွန်းလိုသည်။

**ဆီးရွှင်စေခြင်း**

ဂျူးမြစ်တွင် ဆိုဒီယမ် (Na) ပါဝင်မှုနည်းပါးပြီး ကိုယ်တွင်းမှပိုလျှံနေသည့် ရေဓာတ်များနှင့် ဆိုဒီယမ်များကို ခန္ဓာကိုယ်ပြင်ပသို့ ဆီးအဖြစ်စွန့်ထုတ်ရန် လှုံ့ဆော်ပေးသည်။ ကိုယ်တွင်းမှ အဆိပ်အတောက်များကိုဖယ်ရှားပေးပြီး ကျောက်ကပ်ကို ကျန်းမာစေသည်။ ဆီးသွားများသောကြောင့် သွေးတိုးဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ပြီး ခန္ဓာကိုယ်တွင် ရေဝိတ်တက်သကဲ့သို့မဖြစ်စေရန် ကာကွယ်ပေးသည်။

**ကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ခြင်း**

ဂျူးမြစ်တွင် ဓာတ်တိုးဆန့်ကျင်အာနိသင်များ ကြွယ်ဝနေမှုသည် ခန္ဓာကိုယ်ကို ဓာတ်တိုးပစ္စည်းများကြောင့် ထိခိုက်နိုင်မှုမှ အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ဓာတ်တိုးပစ္စည်း များလွန်းသဖြင့် ဖြစ်ပေါ်ခံစားရနိုင်သည့် ကင်ဆာရောဂါများမဖြစ်ပွားစေရန် ကာကွယ်ပေးသကဲ့သို့ ကင်ဆာကျိတ်များ ပွားများမလာစေရန်လည်း ကူညီပေးသည်။

အချုပ်အားဖြင့် ဂျူးမြစ်ကို နေ့စဉ်ပုံမှန်စားသုံးပါက သွေးဖိအားပုံမှန်ဖြစ်စေခြင်း၊ နှလုံးသွေးလွှတ်ကြောဆိုင်ရာရောဂါများ၊ အယ်ဇိုင်းမားရောဂါဖြစ်ပွားခြင်းနှင့် အိုမင်းရင့်ရော်ခြင်းကို ကာကွယ်နိုင်ခြင်း၊ အဆီဓာတ် နည်းပါးခြင်းနှင့် ခုခံအားကောင်းစေခြင်း၊ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် မှိုကြောင့်ဖြစ်သည့် ရောဂါများ၊ အရိုးပါးရောဂါ၊ အဆုတ်နှင့် အူလမ်းကြောင်း ကင်ဆာများကို ကာကွယ်နိုင်ခြင်း စသည့် ကောင်းကျိုးများရရှိစေမည်ဖြစ်ကြောင်း၊ ဂျူးမြစ်ကို နေ့စဉ်စားသုံးသည့် အစားအစာများတွင် သင့်တင့်မျှတစွာ ထည့်သွင်းစားသုံးပေးပါက သွေးတိုး၊ အစာအိမ် အနာပေါက်ခြင်းနှင့် ခန္ဓာကိုယ်အပူချိန်အလွန်မြင့်တက်ခြင်းတို့ကို လျော့နည်းသက်သာစေနိုင်ပြီး ဖိုင်တိုစတာရောလ်၊ ဖီနောလ်၊ အက်စ်ကောဘစ်အက်စစ်နှင့် အမျှင်ပမာဏမြင့်မားစွာပါဝင်ကာ အဆီဓာတ်နည်းသောကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အသီးအရွက်တစ်မျိုးဖြစ်သော ဂျူးမြစ်ကို အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ သင့်တင့်မျှတစွာစားသုံးခြင်းဖြင့် ရောဂါများ အလွယ်တကူ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း ဂျူးမြစ်၏ ကျန်းမာရေးအကျိုးကျေးဇူးများကို ရေးသားတင်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၀၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဇူလိုင် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၀၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၄၀၃၄၅ ဧက စိုက်ပျိုးရန် လျာထားပြီး မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်စပါး ၈၉၉၄ ဧက၊ ဖူးစားပြောင်း ၁၅၇၇ ဧက၊ နှံစားပြောင်း ၂၂၀ ဧက၊ ပဲမျိုးစုံ ၁၂၇၁၆ ဧက၊ ဆီထွက်သီးနှံစုံ ၂၈၀၂ ဧက၊ ချည်မျှင်ရှည်ဝါ ၁၇၈၇ ဧက၊ ကြံ ရှစ်ဧက၊ ထန်း ၂၂၂ ဧက၊ ငရုတ် ၂၃၃ ဧက၊ ကွမ်း ၅၂ ဧက၊ အခြားစားသုံးသီးပင် ၃၄၂၆ ဧက၊ ပရဆေး(လျှော်ဖြူ) ၂၅၇ ဧက၊ ကျွဲနွားစာ ၂၄၇၇ ဧက၊ နှစ်ရှည်ပင် ၆၃၁ ဧက၊ အစေ့ကြွားကြက်ဆူ ၅၈ ဧက၊ အထွေထွေစားသုံးသီးနှံ ၁၄၁ ဧက၊ စုစုပေါင်း သီးနှံစုံ ၆၀၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစုံ ၁၄၀၃၄၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ သီးနှံစုံ ၆၀၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သီးနှံအလိုက် လျာထားဧကတွေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆက်စပ်ဌာနတွေ၊ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံများအခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေး၊ မျိုးရွေးချယ်မှုမှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေစနစ်တကျ သုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးစသည့် နည်းပညာပေး လုပ်ငန်းများကို ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်းစားရေရိက္ခာ ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေပိုမိုရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## ပဲခူးမြို့နယ် ကွေ့တန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပဲခူး ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကွေ့တန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၆၈ ဒသမ ၃၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကွေ့တန်းရှည်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၃၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၁၀ ကို ငွေကျပ် ၃၃ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၉ ဦးကိုမြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၈ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

## စည်းလုံးညီညာပါ

- ငြိမ်းချမ်းစေ မြန်ပြည်တစ်လွှား
အဖျက်များ ကင်းပါစေ၊
ပျော်ရွှင်စွာ ကိုယ်စိတ်နှလုံး
ပြုံးပန်းများဝေ၊
မျိုးဆက်သစ် လူငယ်တွေ
လမ်းမှန်ဖွေ ရောက်စေဖို့၊
ခေါင်းဆောင်ကာ လမ်းညွှန်ပြု
ရေးရှုကြစို့။

- နိုင်ငံတော် တာဝန်တို့
ထမ်းဆောင်လို့ ကျေပွန်ကွယ်၊
အမျိုးဂုဏ် ဇာတိသွေး
နီစွေးသင့်တယ်။
ပရဟိတ အကျိုးသယ်
မြန်မာနွယ် စံချိန်မြှင့်၊
အမှောင်ကို ကျော်ဖြတ်ကူးမှ
ကြည်နူးပျော်ဆင့်။

- မြန်မာအလံ ရှေ့ဆက်လွှင့်
ဂုဏ်တင့်ဖို့ ကြိုးစားပါ၊
စည်းလုံးညီ သွေးချင်းများ
ခွန်အားသုံးကာ၊
အမျိုးသားရေး လမ်းစဉ်သာ
လိုက်နာမခွာ ကျင့်ကြ၊
ဝံသာနု စိတ်ဓာတ်တွေ
ရှိဖို့လေ နှလုံးသွေးကို
မွေးဖွားထာဝရ။ ။

မောင်စစ်သွေး

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

# ရုရှားခရီးသည်တင် လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်

**မော်စကို ဇူလိုင် ၂၅**

ရုရှားအခြေစိုက် အက်စ်ဆဲဗင်း လေကြောင်းလိုင်းပိုင်ခရီးသည်တင် လေယာဉ်တစ်စင်းသည် လေယာဉ် မှူးခန်း ဖိအားပြဿနာကြောင့် ယနေ့တွင် နောက်ကြောင်း ပြန်လှည့်၍ အရေးပေါ်ဆင်းသက် ခဲ့ရကြောင်း သိရသည်။

အဆိုပါခရီးသည်တင်လေယာဉ် သည် ဆိုက်ဘေးရီးယားဒေသ နိုဗို စီဗစ်လေဆိပ်မှတစ်ဆင့် ရုရှား တောင်ပိုင်း ဆိုချီမြို့သို့ ပျံသန်း နေစဉ် လေယာဉ်မှူးခန်းဖိအား မြင့်တက်မှုပြဿနာနှင့် ရင်ဆိုင်ခဲ့ ရခြင်းဖြစ်သည်။

လေယာဉ်မှူးခန်း ဖိအားမြင့် တက်မှုကြောင့် ယင်းခရီးသည်တင် လေယာဉ်သည် နောက်ကြောင်း ပြန်လှည့်၍ နိုဗိုစီဗစ်လေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်။

ဘိုးအင်း-၇၃၇ အမျိုးအစား အဆိုပါခရီးသည်တင် လေယာဉ် သည် နိုဗိုစီဗစ်လေဆိပ်၌ အောင်မြင် စွာဆင်းသက်နိုင်ခဲ့ကြောင်း အက်စ် ဆဲဗင်း လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

အဆိုပါလေယာဉ်သည် ၂၀၀၁ ခုနှစ်တွင် တည်ဆောက်ထုတ်လုပ် ထားပြီး ခရီးသည် ၁၇၆ ဦးထိ လိုက်ပါနိုင်ကြောင်း သိရသည်။

ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၌ အင်တိုနေ့ဗ်အေအင်န် ခရီးသည် တင်လေယာဉ်တစ်စင်း ပျက်ကျမှု ကြောင့် လူပေါင်း ၄၈ ဦးသေဆုံးခဲ့ ရပြီး တစ်ရက်အကြာတွင် အက်စ် ဆဲဗင်းလေကြောင်းလိုင်း ခရီး သည်တင်လေယာဉ် အရေးပေါ် ဆင်းသက်မှု ဖြစ်ပွားခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အိန္ဒိယအနောက်ပိုင်း ရာဂျက်စတန်ပြည်နယ်၌ စာသင်ကျောင်း ခေါင်မိုးပြိုကျမှုဖြစ်ပွား

**ဒေလီ ဇူလိုင် ၂၅**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ရာဂျက်စတန်ပြည်နယ်၌ ယနေ့ တွင် စာသင်ကျောင်းခေါင်မိုးပြိုကျ မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးကလေး လေးဦးသေဆုံးခဲ့ရသည်။

ယင်းအပြင် စာသင်ကျောင်း ခေါင်မိုးပြိုကျမှုကြောင့် ကလေး ၁၇ ဦးဒဏ်ရာများရရှိခဲ့ပြီး အချို့မှာ ဒဏ်ရာများ ပြင်းထန်ကြောင်း ရာဂျက်စတန်ပြည်နယ် တာဝန် ရှိသူများက ပြောကြားခဲ့သည်။

စာသင်ကျောင်းခေါင်မိုးပြိုကျ ခဲ့ပြီးနောက် အပျက်အစီးများ အောက်၌ ပိတ်မိနေသူများရှိနေနိုင် ဆဲဖြစ်ကြောင်း အိန္ဒိယမီဒီယာများ က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ရှာဖွေကယ် ဆယ်ရေးသမားများသည် ခေါင်မိုး အပျက်အစီးများကို ရှင်းလင်း၍ ပိတ်မိနေသူများရှိ၊ မရှိကို ရှာဖွေ နေကြောင်း သိရသည်။

စာသင်ကျောင်း အဆောက် အအုံမှာ သက်တမ်းအိုဟောင်းနေ ပြီဖြစ်ပြီး ရာဂျက်စတန်ပြည်နယ် အတွင်း မိုးသည်းထန်စွာရွာသွန်း ခဲ့မှု၏ အကျိုးဆက်အဖြစ် ပြိုကျ ခဲ့ခြင်းဖြစ်နိုင်ကြောင်း ရာဂျက် စတန်ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ခေါင်မိုးပြိုကျမှုဖြစ်ပွားချိန်တွင် စာသင်ဆောင်အတွင်း ကလေး ၂၅ ဦးနှင့် ဦးရေ ၃၀ကြားထိ ရှိနေ ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# တရုတ်နိုင်ငံအခြေစိုက် ဘီဝိုင်ဒီ လျှပ်စစ်မော်တော်ယာဉ်ကုမ္ပဏီ ပါကစ္စတန်၌ တပ်ဆင်ထုတ်လုပ်ရေးစက်ရုံတည်ဆောက်နေ



**ပေကျင်း ဇူလိုင် ၂၅**

တရုတ်နိုင်ငံအခြေစိုက် ဘီဝိုင်ဒီ လျှပ်စစ်မော်တော်ယာဉ် ကုမ္ပဏီ သည် လျှပ်စစ်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ တစ်ရုံကို ပါကစ္စတန်နိုင်ငံ၌ ၂၀၂၆ ခုနှစ် ဇူလိုင်လ သို့မဟုတ် ဩဂုတ်လ တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပါကစ္စတန်၌ ဖွင့်လှစ်မည့် အဆိုပါ လျှပ်စစ်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသည် ဈေးကွက်သစ်များ၏ လျှပ်စစ် မော်တော်ယာဉ် ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ဘီဝိုင်ဒီကုမ္ပဏီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘီဝိုင်ဒီကုမ္ပဏီသည် ကမ္ဘာ့ ထိပ်တန်း လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီအဖြစ် ရပ် တည်နေသော မော်တော်ယာဉ် ကုမ္ပဏီတစ်ခုဖြစ်သည်။

သို့ရာတွင် တရုတ်ပြည်တွင်း ဈေးကွက်၌ အခြားလျှပ်စစ် မော်တော်ယာဉ် ကုမ္ပဏီများနှင့် ဈေးနှုန်း တိုက်ပွဲဆင်နွှဲနေရ သည့် ဘီဝိုင်ဒီသည် ၎င်း၏ပြည်ပ ဈေးကွက်များကို ချဲ့ထွင်ရန် ကြိုးပမ်းလျက်ရှိသည်။

လက်ရှိအချိန်တွင် ဘီဝိုင်ဒီကုမ္ပဏီ သည် ပါကစ္စတန်၌အခြေစိုက်သည့် လျှပ်စစ်မော်တော်ယာဉ် တပ်ဆင် ထုတ်လုပ်ရေးစက်ရုံကို ကရာချိမြို့ ၌ တည်ဆောက်နေသည်။

တည်ဆောက်မှုလုပ်ငန်းများ ပြီးဆုံးချိန်တွင် ယင်းစက်ရုံသည် ကနဦးအဆင့်၌ တစ်နှစ်လျှင် လျှပ်စစ်မော်တော်ယာဉ် အစီးရေ ၂၅၀၀၀ထိ တပ်ဆင်ထုတ်လုပ်ပေး မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဗီယက်နမ်နိုင်ငံ၌ ယာဉ်မတော်တဆမှုဖြစ်ပွား အနည်းဆုံး ကိုးဦးသေဆုံး၍ ၁၆ ဦး ဒဏ်ရာရရှိ

**ဟနွိုင်း ဇူလိုင် ၂၅**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း၌ ယနေ့နံနက်ပိုင်းတွင် ယာဉ်တိမ်း မှောက်မှုဖြစ်ပွားခဲ့ရာ ကလေးများ အပါအဝင် အနည်းဆုံး လူပေါင်း ကိုးဦးသေဆုံးခဲ့ရသည်။

ဟာတင်ပြည်နယ်၌ ဖြစ်ပွား ခဲ့သော .အဆိုပါယာဉ်မတော်တဆ မှုအတွင်း လူပေါင်း ၁၆ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း ဗီယက် နမ်အစိုးရမီဒီယာများက သတင်း ထုတ်ပြန်ထားသည်။



အဆိုပါ ခရီးသည်တင် ဘတ်စကားသည် ဟနွိုင်းမြို့မှ ဒန်နင်းမြို့သို့ ဦးတည်မောင်းနှင် နေစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း ချော်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ မကြာခဏ ဆိုသလို မော်တော်ယာဉ်မတော် တဆမှုများဖြစ်ပွားတတ်သည်။

ဗီယက်နမ်အစိုးရ ကိန်းဂဏန်း အချက်အလက်များအရ ယခုနှစ် ပထမနှစ်ဝက်အတွင်း ယာဉ် မတော်တဆမှုများကြောင့် လူပေါင်း ၅၀၂၄ဦးထိ ရှိခဲ့သည်။

၂၀၂၄ ခုနှစ် ပထမခြောက်လ တွင်လည်း ယာဉ်မတော်တဆမှု များကြောင့် ဗီယက်နမ်နိုင်ငံ၌ လူပေါင်း ၅၃၄၃ ဦးထိ သေဆုံးခဲ့ရ ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်ဖက်တပ်ဖွဲ့ဝင်များ ဒုတိယမြောက်နေ့အဖြစ် ဆက်လက်တိုက်ခိုက်

**ဗန်ကောက် ဇူလိုင် ၂၅**

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်ဖက်တပ်များသည် ယနေ့တွင် ဒုတိယမြောက်နေ့အဖြစ် အပြန် အလှန်ဆက်လက်တိုက်ခိုက်ခဲ့ကြ ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ယူဘွန် ရက်ချာသာနီနှင့် ဆူရစ်ပြည်နယ် တို့၌ ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ကမ္ဘောဒီးယား တပ်များက အမြောက်များ၊ ဒုံးပစ်လောင်ချာ များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ ကြောင်း ထိုင်းတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အလားတူ ပဋိပက္ခများ ကြောင့် ထိုင်းနိုင်ငံဘက်အခြမ်းရှိ နယ်စပ်ဒေသခံပြည်သူ ၁၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ ပြောင်းပေးထားရကြောင်း ထိုင်း တပ်မတော်သတင်းထုတ်ပြန်ချက် ၌ ဖော်ပြထားသည်။

ကမ္ဘောဒီးယား၏ ပစ်ခတ် တိုက်ခိုက်မှုများကို ထိုင်းတပ်မတော် ကလည်း သင့်လျော်သလို တုံ့ပြန် တိုက်ခိုက်ခဲ့ကြောင်း ထိုင်း တပ်မတော် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားတို့၏ နယ်စပ်တိုက်ပွဲများသည် ယနေ့ တွင် အခြားနေရာများသို့ပါ ပျံ့နှံ့ ခဲ့ရာ နယ်စပ်တစ်လျှောက်နေရာ ပေါင်း ၁၂ နေရာတို့၌ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

နယ်စပ်ချင်းအရှည်မိုင် ၅၀၀ ကျော်ထိစပ်နေသည့် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှေး ယခင်ကလည်း နယ်စပ်ပိုင်ဆိုင်ခွင့် အငြင်းပွားမှုပြဿနာများကြောင့် ပဋိပက္ခများဖြစ်ပွားခဲ့ဖူးသည်။

အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်း စွာအဖြေရှာရန် အမေရိကန်နိုင်ငံ နှင့်မလေးရှားနိုင်ငံကဲ့သို့ နိုင်ငံ များက တိုက်တွန်းထားသော်လည်း ထိုင်းနှင့် ကမ္ဘောဒီးယား နယ်စပ် တိုက်ပွဲများ ဆက်လက်ဖြစ်ပွား နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက လူဇင်ဘတ်နိုင်ငံအခြေစိုက် SES mPOWER ကုမ္ပဏီ၏ ဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်းကို လွှတ်တင်



ဝါရှင်တန် ဇူလိုင် ၂၅

အမေရိကန်နိုင်ငံ အခြေစိုက် Space-Xကုမ္ပဏီသည် လူဇင်ဘတ်နိုင်ငံအခြေစိုက် SES mPOWER ကုမ္ပဏီ၏ ဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်းကို ဇူလိုင် ၂၃ ရက်က လွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် SES 03b mPOWER-9 နှင့် 10 အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုများကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံပထမအဆင့် ဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး နှစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော ဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်းကို ကမ္ဘာမြေပြင်အထက် မိုင်ပေါင်း ၅၀၀၀ အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ကြားကာလအတွင်း SES mPOWER ကုမ္ပဏီ၏ SES 03b mPower ဂြိုဟ်တုလေးစင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံများဖြင့် လွှတ်တင်ပေးခဲ့ကြောင်း၊ ဇူလိုင် ၂၃ ရက် မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်အတွင်း ၈၉ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Exo Mars မစ်ရှင်အတွက် တည်ဆောက်ထားသည့် ရောမလေထီးစနစ်ကို ဥရောပအာကာသအေဂျင်စီက အာတိတ်ဒေသ၌ စမ်းသပ်ခဲ့

ပဲရစ် ဇူလိုင် ၂၅

Exo Mars မစ်ရှင်အတွက် တည်ဆောက်ထားသည့် ရောမလေထီးစနစ်ကို ဥရောပအာကာသအေဂျင်စီက အာတိတ်ဒေသ၌ စမ်းသပ်ခဲ့ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ Exo Mars မစ်ရှင် လေထီးစနစ်သည် နှစ်ထပ်လေထီးစနစ်ဖြစ်ပြီး အင်္ဂါဂြိုဟ်ပေါ်သို့ အာကာသယာဉ်များ ဆင်းသက်နိုင်ရေးအတွက် တည်ဆောက်ခဲ့ဖူးသမျှလေထီးများအနက် အရွယ်အစား အကြီးမားဆုံးဖြစ်ကြောင်း သိရသည်။



အဆိုပါ လေထီးစနစ်သည် ၂၀၂၈ ခုနှစ်တွင် အလေးချိန် ကီလိုဂရမ် ၃၁၀ ရှိ ရိုစလင်းဖရန်ကလင် အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်နိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဥရောပအာကာသအေဂျင်စီသည် Exo Mars မစ်ရှင်အရ ရိုစလင်းဖရန်ကလင် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်ရာတွင် ရိုစလင်းဖရန်ကလင် အာကာသယာဉ်သည် တစ်နာရီလျှင် မိုင် ၁၃၀၅၀ နှုန်းဖြင့် ထိုးဆင်းရမည်ဖြစ်ပြီး ပထမဆုံး လေထီးမပွင့်မီ သဘာဝပွတ်အားဖြင့် ထိုးဆင်းမှုမြန်နှုန်းကို တစ်နာရီမိုင် ၁၀၀၀ နှုန်းထိလျှော့ချမည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာ၏ TRACERS မစ်ရှင်ဂြိုဟ်တုနှစ်စင်းကို Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့

ဝါရှင်တန် ဇူလိုင် ၂၅

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ TRACERS မစ်ရှင်ဂြိုဟ်တုနှစ်စင်းကို Space-X ကုမ္ပဏီက ဇူလိုင် ၂၃ ရက်တွင် လွှတ်တင်ပေးခဲ့ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

TRACERS ဂြိုဟ်တုနှစ်စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် မူလက TRACERS ဂြိုဟ်တုများကို ဇူလိုင် ၂၂ ရက်က လွှတ်တင်ရန်စီစဉ်ထားသော်လည်း လွှတ်တင်ရေးနယ်မြေဝေဟင်လုံခြုံရေးပြဿနာများကြောင့် ဇူလိုင် ၂၃ ရက်မှသာ လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မိနစ် ၅၀ ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော TRACERS ဂြိုဟ်တုနှစ်စင်းနှင့် အခြားဂြိုဟ်တုများကို မိနစ် ၅၀ ကြာအချိန်ယူ၍ သက်ဆိုင်ရာ ပတ်လမ်းများပေါ်သို့ ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

TRACERS မစ်ရှင်ဂြိုဟ်တုများသည် ကမ္ဘာဂြိုဟ်အတွက် အာကာသရာသီဥတု အခြေအနေများကို စောင့်ကြည့်လေ့လာပေးမည်ဖြစ်ကြောင်း သိရသည်။

TRACERS မစ်ရှင်ဂြိုဟ်တုနှစ်စင်းသည် ကမ္ဘာမြေပြင်အထက် အမြင့် ၃၆၇ မိုင်ခန့်အကွာပတ်လမ်းပေါ်၌ နေရာယူ၍ အာကာသရာသီဥတုအခြေအနေများကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## သွေးအတွင်း PFAS ဓာတုပစ္စည်းပါဝင်မှု အဆင့်မြင့်မားပါက ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

နယူးယောက် ဇူလိုင် ၂၅

Per-and polyfluoroalkyl Substance(PFAS) ခေါ် ဓာတုပစ္စည်းများ သွေးအတွင်းပါဝင်မှု အဆင့်မြင့်မားပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပုံစံ-၂ ဆီးချိုရောဂါလူနာ ဦးရေ ၁၈၀ တို့ထံမှရယူထားသည့် သွေးနမူနာများကို လေ့လာဆန်းစစ်ခဲ့ပြီးနောက် ပုံစံ-၂ ဆီးချိုရောဂါမရှိသူ ဦးရေ ၁၈၀ တို့၏ သွေးနမူနာလေ့လာဆန်းစစ်ချက်များနှင့် နှိုင်းယှဉ်လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သွေးအတွင်း PFAS ဓာတုပစ္စည်းများပါဝင်မှု အဆင့်မြင့်မားမှုနှင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားမှုတို့ကြား ဆက်စပ်မှုရှိကြောင်း၊ PFAS ဓာတုပစ္စည်းသည် အမိုင်နိုအက်စစ်များ၊ ကာဗိုဟိုက်ဒရိတ်နှင့် အချို့သောဆေးဝါးများ၏ ဇီဝဓာတုပြောင်းလဲမှုစနစ်များကို ပြောင်းလဲပေးတတ်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နီကိုဥဖျော်ရည်ကို တစ်ရက်လျှင် နှစ်ကြိမ်သောက်သုံးပါက နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့်လေဖြတ်နိုင်ခြေကို လျှော့ချနိုင်

လန်ဒန် ဇူလိုင် ၂၅

သကြားမုန်လာ သို့မဟုတ် နီကိုဥ(Beetroot) ဖျော်ရည်ကို တစ်ရက်လျှင် နှစ်ကြိမ်သောက်သုံးပါက နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ကို လျှော့ချပေးနိုင်ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ အက်ဆီတာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၇၀ ဝန်းကျင်သက်ကြီးပိုင်းများအနေဖြင့် နီကိုဥဖျော်ရည်ကို တစ်ရက်လျှင် နှစ်ကြိမ်တိုက်ကျွေးပါက သွေးဖိအားမြင့်တက်မှုကို လျှော့ချနိုင်ကြောင်း သိရသည်။

ထို့ပြင် နိုက်ထရိတ်ဓာတ်ကြွယ်ဝသည့် နီကိုဥဖျော်ရည်သည် လူငယ်များအတွက်လည်း အကျိုးရှိပြီး အသက် ၃၀ အောက် လူနာများ၏ အာခံတွင်းပိုင်းအကျိုးပြုဗက်တီးရီးယားစုဖွဲ့မှုကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် သက်ကြီးပိုင်းများအနေဖြင့် နီကိုဥဖျော်ရည်ကို ပုံမှန်သောက်သုံးပါက နှလုံးကျန်းမာရေးအတွက် ရေရှည်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

နီကိုဥတွင်ပါဝင်သော နိုက်ထရိတ်များသည် ခန္ဓာကိုယ်အတွင်းသို့ရောက်ရှိသွားချိန်တွင် သွေးကြောများကိုချဲ့ပေးနိုင်သည့် နိုက်ထရစ်အောက်ဆိုက်အဖြစ် ပြောင်းလဲသွားတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ရန်ကုန်ယူနိုက်တက်အသင်းက Negeri Sembilan အသင်းမှ မြန်မာ့လက်ရွေးစင်ကစားသမား ဟိန်းထက်အောင်ကို တစ်နှစ်စာချုပ်ဖြင့်ခေါ်ယူ




ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်ယူနိုက်တက် အသင်းက မလေးရှားကလပ် Negeri Sembilan အသင်းမှ မြန်မာ့လက်ရွေးစင်အသင်း တောင်ပံကစားသမား ဟိန်းထက်အောင်အား တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် လာမည့်ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ် ၂၀၂၅-၂၀၂၆ ပြိုင်ပွဲနှင့် AFC Challenge League ပြိုင်ပွဲတို့ကို ကစားရမည်ဖြစ်သည့်အတွက် ကစားသမားအင်အားပိုင်းတောင့်တင်းမှုရှိစေရန် မြန်မာ့လက်ရွေးစင်အသင်း ကစားသမားတစ်ဦးဖြစ်သည့် ဟိန်းထက်အောင်ကို ခေါ်ယူအင်အားဖြည့်တင်းခဲ့ခြင်းဖြစ်သည်။

ဟိန်းထက်အောင်သည် မန္တလေးအကယ်ဒမီ ကျောင်းဆင်းတစ်ယောက်ဖြစ်ပြီး သက်တမ်းအလိုက်လက်ရွေးစင်အဖြစ် ၂၀၁၅ ခုနှစ်မှ စတင်ပါဝင်ရွေးချယ်ခံခဲ့ရသူဖြစ်ပြီး လူငယ်လက်ရွေးစင် အသင်းနှင့်အတူ တောက်လျှောက်ခြေစွမ်းပြနေသည့် ဟိန်းထက်အောင်ကို ၂၀၂၂ ခုနှစ်မှစတင်ကာ မြန်မာ့လက်ရွေးစင် အသင်းကြီးသို့ ခေါ်ယူခဲ့သည်။

ထို့ပြင် ဟိန်းထက်အောင်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၂၀၁၈ ခုနှစ်တွင် ဟံသာဝတီယူနိုက်တက် အသင်းနှင့် စတင်ခဲ့ပြီး သုံးနှစ်ကြာကစားခဲ့ပြီးနောက် မလေးရှားစူပါလိဂ်ကလပ်အသင်းဖြစ်သည့် Selangor အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ Negeri Sembilan အသင်းတွင် ဆက်လက်ကစားခဲ့သည်။

ဟိန်းထက်အောင်က "ပထမဆုံးအနေနဲ့ ကျွန်တော် ရန်ကုန်ယူနိုက်တက်အသင်းကို ရောက်ရှိလာတဲ့အတွက် ဝမ်းသာပါတယ်။ ရန်ကုန်ယူနိုက်တက် အသင်းဥက္ကဋ္ဌကိုယ်တိုင်က ရင်းရင်းနှီးနှီးနဲ့ ကြိုဆိုပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အကောင်းဆုံးကြိုးစားပြီး အသင်းဖော်တွေနဲ့အတူ ဆုဖလားတွေကိုင်မြှောက်နိုင်အောင် စွမ်းဆောင်ပေးသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# မန်ယူအသင်းမှထွက်ခွာရန် အသင့်ဖြစ်နေကြောင်း ခံစစ်ကစားသမား လုခ်ရှောပြောကြား

မန်ချက်စတာ ဇူလိုင် ၂၅

မန်ယူအသင်း ခံစစ်ကစားသမား လုခ်ရှောသည် အသင်းနှင့် ၁၁ နှစ်ကြာကစားခဲ့ပြီးနောက် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် အသင့်ဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၀ ရှိ ဘယ်တောင်ပံခံစစ်ကစားသမား လုခ်ရှောသည် အသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ် ကျန်ရှိနေသေးသော်လည်း အသင်းခံစစ်ပိုင်းတွင် ဒါလော့၊ ဒိုဂူ အပါအဝင် ယခုနွေရာသီတွင် ခေါ်ယူထားသည့် ဒီယေဂိုလီယွန်တို့နှင့်အတူ ပွဲကစားခွင့် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် လုခ်ရှောအနေဖြင့် ဆော်ဒီပရိုလိဂ်ကလပ်သို့ပြောင်းရွှေ့ကစားရန် စိတ်ဝင်စားနေကာ ဆော်ဒီကလပ် အသင်းများကလည်း ၎င်းကိုခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်နေသကဲ့သို့ ဟန်ဒါဆန်၊ တိုနေး၊ စီရော်နယ်ဒို၊ မာနေး၊ မာရက်ဇ်တို့နောက်တွင် လုခ်ရှောသည် နောက်ဆုံးပြောင်းရွှေ့မည့် ပရီးမီးယားလိဂ် ကစားသမားဖြစ်လာဖွယ်ရှိသည်။

ခံစစ်ကစားသမား လုခ်ရှောသည် မန်ယူအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်တွင် ခြေထောက်ကျိုး ဒဏ်ရာကြောင့် ၁၀ လခန့် အနားယူခဲ့ရသူဖြစ်ကာ မန်ယူအသင်းတွင် ကစားခဲ့သည့် ၁၁ နှစ်ကြာကာလအတွင်း ဒဏ်ရာ ၂၈ ကြိမ်ထိ ရရှိခဲ့ပြီး ငါးနှစ်နီးပါးမှာ ဒဏ်ရာပြဿနာများကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ဘဲ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဒဏ်ရာပြဿနာများကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခုနစ်ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့သည်။

လုခ်ရှောသည် နည်းပြအာမိုရင်၏စီမံကိန်းတွင် ပါဝင်နေသည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် မဖြစ်နိုင်ပါကလည်း လာမည့်နှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ထွက်ခွာရန်ဆုံးဖြတ်ထားကြောင်း ဆက်လက်ပြောကြားခဲ့သည်။

Ref : Daily Mail

Trs : ML




# နယူးကာဆယ်အသင်းက ဆက်ကိုကို အစ်ဆက်ခ်နှင့် အလဲအထပ်ပြုလုပ်ရန် ပြင်ဆင်

လန်ဒန် ဇူလိုင် ၂၅

နယူးကာဆယ် အသင်း တိုက်စစ်မှူး အစ်ဆက်ခ်သည် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသောကြောင့် အသင်းတာဝန်ရှိသူများက လိုက်ပ်ဇစ်အသင်းမှ တိုက်စစ်မှူးဆက်ကိုနှင့် အလဲအထပ်ပြုလုပ်ရန် ပြင်ဆင်လျက်ရှိသည်။

နယူးကာဆယ်အသင်း အနေဖြင့် အစ်ဆက်ခ်ကို အသင်းတွင် ဆက်လက်ထိန်းသိမ်းရန် သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးခဲ့သော်လည်း ၎င်းက လုပ်ခလစာတိုးမြှင့်တောင်းဆိုမှုကြောင့် သက်တမ်းတိုးရန် အခက်တွေ့ခဲ့ပြီးနောက် ကစားသမားအနေဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသဖြင့် တိုက်စစ်ပိုင်းပြန်လည်ဖြည့်တင်းရန်အတွက် လိုက်ပ်ဇစ်အသင်းမှ ဆက်ကိုကို အစားထိုးခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ် အသင်းသည် ဘဏ္ဍာရေးအခက်အခဲများကြောင့် ဆက်ကိုကို ခေါ်ယူရာတွင် ငွေကြေးသုံးစွဲလိုခြင်း မရှိသည့်အတွက် အသင်းမှထွက်ခွာလိုသည့် အစ်ဆက်ခ်နှင့် အစားထိုးသွားမည်ဖြစ်သော်လည်း အစ်ဆက်ခ်၏ ပြောင်းရွှေ့ကြေး မြင့်မားမှုကြောင့် လိုက်ပ်ဇစ်အသင်းနှင့် ထပ်မံဆွေးနွေးမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

ယခုအပြောင်းအရွှေ့ ကာလအတွင်း အစ်ဆက်ခ်ကို လီဗာပူးအသင်းက စတာလင်ပေါင် သန်း ၁၀၀ ကျော်ဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း နယူးကာဆယ် အသင်းက စတာလင်ပေါင် သန်း ၁၅၀ ထိ တိုးမြှင့်တောင်းဆိုမှုကြောင့် အပြောင်းအရွှေ့ အဆင်မပြေဖြစ်ခဲ့ရပြီးနောက် အစ်ဆက်ခ်က လုပ်ခလစာတိုးမြှင့်မပေးပါက အသင်းမှ ထွက်ခွာမည်ဟု ပြောကြားခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ၎င်းကို တစ်ဦးတည်းလေ့ကျင့်ခန်းပြုလုပ်စေခဲ့သည်။

လိုက်ပ်ဇစ်အသင်း တိုက်စစ်မှူးဆက်ကိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၁ ဂိုး သွင်းယူနိုင်ခဲ့သဖြင့် အာဆင်နယ်အသင်း၏ ကမ်းလှမ်းမှုရရှိခဲ့သော်လည်း လိုက်ပ်ဇစ်အသင်းက ငြင်းပယ်ခဲ့ပြီးနောက် ဆက်ကိုအနေဖြင့် အသင်းမှ ထွက်ခွာရန် တောင်းဆိုခဲ့သောကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ရီးရဲလ်က လူငယ်ကစားသမား ချမ်မာအန်ဒရက်စ်ကို စတုဂတ်အသင်းသို့ ရောင်းချ

ဘာလင် ဇူလိုင် ၂၅

ရီးရဲလ်မက်ဒရစ် အသင်းသည် အသင်းအကယ်ဒမီမှ လူငယ်ကစားသမား ချမ်မာအန်ဒရက်စ်ကို ဘွန်ဒက်လီဂါကလပ် စတုဂတ်အသင်းသို့ ယူရိုသုံးသန်းဖြင့် ရောင်းချခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ဆယ်စုနှစ် တစ်ခုကြာကာလအတွင်း ရီးရဲလ်မက်ဒရစ်အသင်းသည် လူငယ်အကယ်ဒမီမှ ကစားသမားများကိုရောင်းချ၍ ဘဏ္ဍာငွေတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ကွင်းလယ်ကစားသမား ချမ်မာအန်ဒရက်စ်ကို စတုဂတ်အသင်းသို့ ယူရိုသုံးသန်းဖြင့် အပြီးသတ်ရောင်းချခဲ့ကာ သဘောတူစာချုပ်တွင်ကစားသမားအနေဖြင့် အခြားကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ပါက အကျိုးခံစားခွင့် ၅၀ ရာခိုင်နှုန်း ရရှိမည့်အပြင် ပြန်လည်ခေါ်ယူခွင့်လည်းပါရှိခဲ့ကြောင်း သိရသည်။




အသက် ၂၀ ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့်ဘောလုံးရာသီက စီနီယာအသင်းကြီးသို့ ရောက်ရှိခဲ့ပြီးနောက် နည်းပြ အန်ဆယ်လော့တီလက်ထက်တွင် ကိုပါဒယ်ရေးဖလားပြိုင်ပွဲ၌ စတင်ပါဝင်ခွင့်ရကာ ပြိုင်ပွဲစုံ သုံးပွဲထိ ပါဝင်ကစားခဲ့ကြောင်း သိရသည်။

၎င်းသည် ကွင်းလယ်ပိုင်းတွင် ခံစစ်၊ တိုက်စစ် လိုက်ပါကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကာ ဘာစီလိုနာအသင်းမှ ဘက်စ်ကွက်၊ မန်စီးတီးအသင်းမှ ရိုဒရီတို့နှင့် ကစားပုံတူနေသဖြင့် နည်းပြသစ် အလွန်ဆိုက အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မပေးနိုင်သောကြောင့် ကစားသမားဘဝ တိုးတက်မှုရရှိစေရန် လာမည့်ရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲ ကစားခွင့်ရမည့် စတုဂတ်အသင်းသို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ချမ်မာသည် ယခုအပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းက ရောင်းချခဲ့သည့် မန်နို့ဇ်၊ အယ်ဗာရိုရိုဒရီဂွက်ဇ်၊ ယူစီ၊ အိုဘရာဒေါ၊ ရာမွန်တို့နောက်တွင် ခြောက်ယောက်မြောက် လူငယ်ကစားသမား ဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းက ၂၀၂၃ ခုနှစ်က ဘန်လေအသင်းသို့ ရောင်းချခဲ့သည့် အသင်းအကယ်ဒမီထွက် ဂိုးသမား ဂျိမ်းထရက်ဖို့ဒ်ကို စာချုပ်ပါသဘောတူညီချက်အရ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ဖြင့် ပြန်လည်ခေါ်ယူနိုင်မည်ဖြစ်သော်လည်း ပြောင်းရွှေ့ကြေး အနည်းငယ်လျှော့ချနိုင်ရန် ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ပြင်သစ်ကလပ် စထရာဘော့အသင်းက အလာဗက်အသင်းမှ တိုက်စစ်မှူး ပန်နီချယ်လီကို ဗီလာရီးရဲလ်အသင်းနှင့် အပြိုင်ကြိုးပမ်းခဲ့ရာ ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဝန်းကျင်ဖြင့် ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်းသိရသည်။
- အသက် ၃၀ ရှိ တိုက်စစ်မှူးစတားလင်း ချဲလ်ဆီးအသင်းတွင် အနာဂတ်စီမံကိန်းမရှိသည့်အတွက် ဖူလ်ဟမ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# Carabao Futsal Champion Cup 2025 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၌ MIU FC အသင်းနှင့် Winner Soccer အသင်းတို့ ကစားရမည်



ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖုဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် Carabao Futsal Champion Cup 2025 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် MIU FC အသင်းနှင့် Winner Soccer အသင်းတို့ ကစားရမည်ဖြစ်သည်။

Carabao Futsal Champion Cup 2025 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် MIU FC အသင်းနှင့် TG United အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့သည်။

အလားတူ နောက်ထပ်ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် Winner Soccer နှင့် YRG FC အသင်းတို့ ကစားခဲ့ရာ ပွဲကစားချိန်အတွင်း ဂိုးမရှိသရေရလဒ် ထွက်ပေါ်နေသည့်အတွက် ပင်နယ်တီအဆုံးအဖြတ် ကစားခဲ့ရာတွင် Winner Soccer အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

Winner Soccer အသင်းသည် လက်ရှိပြိုင်ပွဲတွင် ကစားသမားအင်အားနည်းသည့်အသင်းများ၌ ပါဝင်သည့် အသင်းတစ်သင်းဖြစ်သော်လည်း ကွာတားဖိုင်နယ်အဆင့်တွင် MCDC MHDT အသင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် YRG FC အသင်းတို့ကို အဆင့်ဆင့်ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

Carabao Futsal Champion Cup 2025 ပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် ဇူလိုင် ၂၆ ရက်တွင် TG United အသင်းနှင့် YRG FC အသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ MIU FC အသင်းနှင့် Winner Soccer အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# Citi Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အမ်မာရာဒူကာနူက အိုဆာကာကိုအနိုင်ရရှိ

ဝါရှင်တန် ဇူလိုင် ၂၅

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ကျင်းပနေသည့် Citi Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူနှင့် ဂျပန်တင်းနစ်မယ် အိုဆာကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမ်မာရာဒူကာနူက (၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်မာရာဒူကာနူသည် အိုဆာကာအား အနိုင်ရရှိခဲ့ပြီးနောက် ဗြိတိန်အဆင့်(၁) နေရာကိုပါ ပြန်လည်ရရှိခဲ့ကြောင်းသိရသည်။

အမ်မာရာဒူကာနူ အနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း အောင်မြင်မှုရယူနိုင်ခဲ့ခြင်းမရှိသေးသော်လည်း ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲအများစုတွင် စွမ်းဆောင်ရည်ကောင်းများ ပြသကာ ရလဒ်ကောင်းတချို့ရရှိထားသည်။

အိုဆာကာအား ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီးနောက် အမ်မာရာဒူကာနူသည် ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ဂရိအဆင့်(၁) တင်းနစ်မယ် ဆက်ကာရီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အမ်မာရာဒူကာနူသည် ဂရန်းစလန်းချန်ပီယံဆုဖလား လေးလုံးနှင့် ကမ္ဘာ့အဆင့်(၁)နေရာကို ကာလရှည် ရပ်တည်နိုင်ခဲ့ဖူးသည့် အိုဆာကာအား အနိုင်ရခဲ့ခြင်းသည် ၎င်းအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာကို အထောက်အကူဖြစ်စေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL



# မန်ယူအသင်းနှင့်အနာဂတ်မရေရာသည့် ကိုဘီမိုင်နူးကို စပါးအသင်းခေါ်ယူရန် ကြိုးပမ်း

လန်ဒန် ဇူလိုင် ၂၅

စပါးအသင်းက မန်ယူအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်ကြန့်ကြာနေပြီး အနာဂတ်မရေမရာဖြစ်နေသည့် ကိုဘီမိုင်နူးကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

အသက် ၂၀ ရှိကိုဘီမိုင်နူးသည် မန်ယူအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က အသင်းနှင့်အတူ စတင်ပူးပေါင်းကစားခွင့်ရရှိခဲ့ကာ အစောပိုင်းနှစ်များက နည်းပြ တန်ဟတ် လက်အောက်တွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် ကိုဘီမိုင်နူးသည် ပြီးခဲ့သည့်ဘောလုံးရာသီက ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့မှုနှင့်အတူ လက်ရှိနည်းပြ အာမိုရင် လက်အောက်တွင်လည်း ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် အနာဂတ်မရေမရာဖြစ်နေပြီး လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလ၌ အသင်းမှထွက်ခွာဖွယ်ရှိနေခြင်းဖြစ်သည်။

မန်ယူအသင်းက ကိုဘီမိုင်နူးကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အစောပိုင်းကတည်းက ကြိုးပမ်းနေသော်လည်း လက်ရှိအချိန်ထိ သဘောတူညီမှုမရရှိသေးဘဲ ကြန့်ကြာနေသောကြောင့် စပါးအသင်းက ပုံမှန်ပွဲထွက်ခွင့်အာမခံချက်ဖြင့် ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

စပါးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် စံချိန်တင်ရလဒ်ဆိုးများနှင့် ကြုံတွေ့ခဲ့သော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိထားသည့်အတွက် ကစားသမား အင်အားပိုင်းတောင့်တင်းစေရန် လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များခေါ်ယူရန်ကြိုးပမ်းနေပြီး လက်ရှိတွင်လည်း ရီးရဲလ်မက်ဒရစ်အသင်းမှ ရိုဒရီဂိုနှင့်အတူ ကိုဘီမိုင်နူးတို့ကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အာဒမ်စဗန်ဆင် ဦးဆောင်

မင်နီဆိုတာ ဇူလိုင် ၂၅

အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ်တွင် ကျင်းပနေသည့် 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ကနေဒါဂေါက်သီးရိုက်ကစားသမား အာဒမ်စဗန်ဆင်က သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်းယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားစတီဗင်နှင့် ဒိန်းမတ်ဂေါက်သီးရိုက်ကစားသမား အိုလီဆင်တို့က သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ထားနိုင်ခဲ့ကြသည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ရမ်ဆေး၊ ဂေါ်တာအပ်နှင့် ဂျာမနီဂေါက်သီးရိုက်ကစားသမား ရှမစ်တို့က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အာဒမ်စဗန်ဆင် အနေဖြင့် ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ရလဒ်ကောင်းရရှိထားခြင်းမရှိဘဲ ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲပေါင်း ၂၀ ပွဲတွင် Cut စာရင်းပါသွားခဲ့သည့် ၁၁ ပွဲရှိပြီး အမှတ်ပေးဇယား၏ အဆင့် ၂၅ အတွင်း ရပ်တည်နိုင်ခဲ့သည့် ပြိုင်ပွဲတစ်ပွဲသာရှိခဲ့သည်။

အာဒမ်စဗန်ဆင်က “ဒီနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ဟာဒီရာသီအတွင်းအကောင်းဆုံး စွမ်းဆောင်ရည်လို့ သတ်မှတ်နိုင်ပါတယ်။ ကျင်းစိမ်းတဲ့နေရာတွေမှာလဲ တော်တော်လေးကိုအမှားနည်းခဲ့သလို ထင်မှတ်မထားတဲ့ရလဒ်တွေရယူနိုင်ခဲ့တယ်။ ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက်အကောင်းဆုံးစွမ်းဆောင်ရည်လို့လဲ သတ်မှတ်နိုင်ပါတယ်။ နောက်နေ့တွေမှာဘယ်လိုဖြစ်လာမလဲဆိုတာ မခန့်မှန်းနိုင်ပေမဲ့လဲ ပထမနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ကို ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# နော်တင်ဟမ်အသင်းက ချဲလ်ဆီးအသင်းမှ ထွက်ခွာမည့် အန်ကူကူကိုခေါ်ယူရန် ကမ်းလှမ်းမှု စတင်ပြုလုပ်



လန်ဒန် ဇူလိုင် ၂၅

နော်တင်ဟမ် အသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် ချဲလ်ဆီးအသင်းမှ ထွက်ခွာမည့် အန်ကူကူကို ခေါ်ယူရန်အတွက် ကမ်းလှမ်းမှုများ စတင်ခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ အန်ကူကူသည် လိုက်ပ်ဇစ်အသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးအများအပြား သွင်းယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရခြင်းဖြစ်သည်။

အန်ကူကူသည် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီ၌ ဒဏ်ရာပြဿနာများနှင့်ရုန်းကန်ခဲ့ရပြီး ပြိုင်ပွဲစုံ ၁၄ ပွဲသာ ပါဝင်ကစားနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဒဏ်ရာပြဿနာမရှိခဲ့သော်လည်း နည်းပြမာရက်စ်ကာလက်အောက်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်မရရှိခဲ့ဘဲ လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့် ရရှိနေသောကြောင့် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာမည်ဟု အတည်ပြုထားခြင်းဖြစ်သည်။

နော်တင်ဟမ် အသင်းကလည်းပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အံ့အားသင့်ဖွယ်ခြေစွမ်း ပြသနိုင်ခဲ့ကာ ရာသီအကုန်တွင် အဆင့်(၇)နေရာတွင်ရပ်တည်ပြီး ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ ကစားခွင့်ရရှိခဲ့သော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် နယူးကာဆယ်အသင်းအနေဖြင့် ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ တန်းဆင်းပြစ်ဒဏ်ကြောင့် ၎င်းတို့က ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ် အသင်းသည် လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ကစားရမည်ဖြစ်သည့်အပြင် အသင်းတိုက်စစ်ပိုင်းတွင်လည်း အဓိက ကစားသမားအီလန်ဂါအနေဖြင့် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့်အတွက် ၎င်း၏နေရာ၌အန်ကူကူနှင့်အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# ပြည်တွင်းစားသုံးမှုဖူလုံဖို့ ဂျုံသီးနှံတိုးချဲ့စိုက်ကြစို့

ဒေါက်တာခင်မြင့်ချမ်း(စိုက်သု)



ဂျုံသည် ကမ္ဘာ့ပေါ်တွင် ပြောင်းသီးနှံပြီးလျှင် ဒုတိယထုတ်လုပ်မှုအများဆုံး နှံစားသီးနှံတစ်မျိုးဖြစ်ပြီး မြို့ပြနှင့် စက်မှုထွန်းကားသည့် နိုင်ငံများတွင် ဝယ်လိုအားကောင်းသော သီးနှံတစ်မျိုးဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် အဓိက စိုက်ပျိုးသော ဂျုံမျိုးစိတ်မှာ ပေါင်မုန့်ဂျုံဖြစ်ပြီး ခေါက်ဆွဲနှင့်ပါစတာ ပြုလုပ်ရာတွင်အသုံးပြုသော ဂျုံမျိုးစိတ်ကို မြေထဲပင်လယ်ဝန်းကျင်ရှိ ပူပြင်းခြောက်သွေ့သောဒေသများတွင် အဓိကစိုက်ပျိုးကြသည်။ ဒေသအလိုက်နှင့်ကျန်းမာရေးအထောက်အကူပြုသည့်အစားအစာများထုတ်လုပ်နိုင်ရန်အတွက်အသုံးပြုသော အခြားဂျုံမျိုးစိတ်ကိုလည်း အနည်းငယ်စိုက်ပျိုးလေ့ရှိသည်။

ဂျုံသီးနှံသည် မြန်မာနိုင်ငံတွင် နှံစားသီးနှံများဖြစ်သော စပါးနှင့် အစေ့ထုတ်ပြောင်းပြီးလျှင် ပြောင်းလဲလာသောရာသီဥတု၊ စိုက်ပျိုးရေးရှားပါးလာမှုများကြောင့် အနာဂတ်စားနပ်ရိက္ခာဖူလုံရေးတွင် အရေးပါသည့် သီးနှံတစ်ခုဖြစ်လာသည်။ ဂျုံသည် ဆန်ကဲ့သို့ နေ့စဉ်ရိက္ခာသီးနှံဟု ဆိုနိုင်သည်။ အကြောင်းမှာ ဂျုံနှင့်ပြုလုပ်သည့် အစားအစာများဖြစ်သည့် ခေါက်ဆွဲ၊ ပေါင်မုန့်၊ ကိတ်မုန့် စသည်တို့ကို ကျေးလက်ဒေသပါမကျန် မြန်မာနိုင်ငံအနှံ့အပြား စားသုံးသောကြောင့်ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ အဓိကစိုက်ပျိုးလျက်ရှိပြီး ပြည်တွင်းစားသုံးမှု ဖူလုံခြင်းမရှိသည့်အတွက် နှစ်စဉ် ပြည်ပမှဝယ်ယူတင်သွင်းနေရသည်။ ပြည်တွင်းစားသုံးမှုဖူလုံစေရေး၊ ပြည်ပတင်သွင်းမှုလျှော့ချရေးနှင့် စိုက်ပျိုးသူတောင်သူများ ဝင်ငွေတိုးစေရေးအတွက် အလေးပေးသင့်သော သီးနှံတစ်ခုဖြစ်သည်။

### မြေပြုပြင်ခြင်း

ဂျုံသည် ပူနွေးစွတ်စိုသောရာသီဥတုတွင် မဖြစ်ထွန်းဘဲ အေးမြ၍ ခြောက်သွေ့သောရာသီဥတုကို နှစ်သက်သည်။ ဂျုံကို အပူပိုင်းဒေသတွင် ဆောင်းရာသီ၌သာစိုက်ပျိုးသည်။ ကမ္ဘာ့ဂျုံစိုက်ဒေသအများစုသည် သမပိုင်းဒေသတွင်ရှိသည်။ နုန်းမြေစေး၊ စနယ်မြေစေးတို့တွင် အကောင်းဆုံးဖြစ်ထွန်းသည်။ မြေ၏ချဉ်ငန်ဓာတ် (၆-၈) အတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ သဲဆန်သောမြေများ၊ ရေသွင်းရေထုတ်ခက်ခဲသောမြေများတွင် မစိုက်ပျိုးသင့်ပါ။ ဂျုံသည် မိုးနှောင်းဆောင်းရာသီတွင် စိုက်ပျိုးရသောသီးနှံဖြစ်၍ မြေသည် အစိုဓာတ်ကောင်းစွာ ထိန်းသိမ်းနိုင်မှသာလျှင် အောင်မြင်ဖြစ်ထွန်းနိုင်သည်။ ထိုအချက်သည် ဂျုံအထွက်တိုးရေးတွင် များစွာအရေးပါသောအချက်ဖြစ်သည်။ အစိုဓာတ်ထိန်းသိမ်းနိုင်မှုကောင်းစေရန်၊ မြေကို နက်နက်နှင့်ညက်ညက် ပြုပြင်ပေးရမည်။ ဂျုံကို စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးနိုင်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စက်တင်ဘာလမှ အောက်တိုဘာလထိသာ စိုက်ပျိုးနိုင်သည်။

### ရေသွင်းစိုက်ပျိုးခြင်း

ဂျုံပင်ကို ရေပေးစိုက်ပျိုးခြင်းသည် ရေမသွင်းဘဲ စိုက်ပျိုးခြင်းထက် အထွက်နှုန်းပိုမိုထွက်ရှိစေသည်။ ရေသွင်းရာတွင် မြေအမျိုးအစားအလိုက် နှစ်ကြိမ်မှ သုံးကြိမ်ထိ သွင်းနိုင်သည်။ မြန်မာနိုင်ငံတွင် ၈၀-၉၀ ရာခိုင်နှုန်းခန့် ဂျုံစိုက်ကေတို့မှာ မိုးကောင်းစိုက်ဒေသများ၌ မိုးရာသီတွင်ရရှိသော အစိုဓာတ်နှင့် ဆောင်းရာသီတွင်ကျသော နှင်း၏အစိုဓာတ်တို့ဖြင့် စိုက်ပျိုးရသည်။ မိုးနည်းပြီးဆီးနှင်းအကျနည်း၍ အစိုဓာတ်မလုံလောက်သောနှစ်များတွင် ဂျုံအထွက်နှုန်းကျဆင်းရသည်။ ထို့ကြောင့် ရေရရှိနိုင်သောဒေသများတွင် ရေသွင်းစိုက်ဧရိယာများ တိုးချဲ့ခြင်းဖြင့် ဂျုံထုတ်လုပ်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။

### မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း

မြန်မာနိုင်ငံတွင် ဂျုံသုတေသနလုပ်ငန်းများကို ၁၉၁၄ ခုနှစ်တွင် စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် ပဒူစိုက်ပျိုးရေးဥယျာဉ်၌ ပြည်တွင်းဂျုံမျိုးများစုဆောင်း၍ မျိုးရွေးချယ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်မှစ၍ ဂျုံမျိုးပေါင်းရာနှင့်ချီ၍ ပြည်ပနိုင်ငံများမှတင်သွင်းပြီး ဒေသနှင့်ကိုက်ညီသောမျိုးများရွေးချယ်ခဲ့သည်။ ၁၉၄၆ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း အိန္ဒိယနိုင်ငံက တင်သွင်းသည့် IP-4 မှာ စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်းကောင်း၊ WC-4 မှာ ရှမ်းပြည်နယ်တွင်လည်းကောင်း ကျယ်ပြန့်စွာစိုက်ပျိုးပြီး မုံရွာဂျုံဖြူ၊ ရှမ်းဂျုံဖြူဟု အမည်ပေး၍ ကျယ်ပြန့်စွာစိုက်ပျိုးခဲ့ကြသည်။ ယနေ့ခေတ်တွင် အဆိုပါဂျုံမျိုးများကို ဒေသမျိုးအနေဖြင့် တောင်သူများ ဆက်လက်၍လက်ခံစိုက်ပျိုးနေကြသည်။ ၎င်းဂျုံဖြူမျိုးတို့မှ ရာသီဥတုအေးသောဒေသတွင် နန္နင်းရောဂါကျရောက်သဖြင့် ၁၉၆၈ ခုနှစ်တွင် နန္နင်းရောဂါဒဏ် ခံနိုင်ရည်ရှိသော ပါကစ္စတန်နိုင်ငံမှ မက္ကဆီပက် အထွက်ကောင်းမျိုးများကိုသွင်း၍ စတင်စိုက်ပျိုးခဲ့ကြသည်။ ၁၉၈၂ ခုနှစ်တွင် UNDP အစီ အစဉ်ဖြင့် ပါကစ္စတန်နိုင်ငံမှပင် V-1287၊ Lh-26၊ LYP-73၊ Blue Silver SA-75 မျိုးများမှာယူ တင်သွင်းခဲ့သည်။ သို့သော် ၎င်းဂျုံမျိုးမှာ အစေ့နီညိုရောင်ရှိခြင်း၊ ဂျုံမှုန့်အရည်အသွေး နူးညံ့ပျော့ပျောင်းမှုမရှိခြင်းတို့ကြောင့် မုံရွာဂျုံဖြူ၊ ရှမ်းဂျုံဖြူတို့ကိုသာ တောင်သူများက လက်ခံစိုက်ပျိုးခဲ့သည်။

၁၉၇၆ ခုနှစ်မှစ၍ ယနေ့ထိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် မက္ကဆီကိုနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ပြောင်းဖူးနှင့် ဂျုံသုတေသနဌာန(CIMMYT) နှင့်ပူးပေါင်း၍ ဂျုံသုတေသနလုပ်ငန်းကို ပူးတွဲဆောင်ရွက်လျက်ရှိသည်။ ၁၉၇၆-၁၉၇၉ ခုနှစ်ထိ ပြည်ပမှ မျိုးများမှာယူတင်သွင်းခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှစ၍ ပြည်တွင်းမျိုးစပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ ထိုသို့သုတေသနပြုစမ်းသပ်ဆောင်ရွက်မှုများမှ အထွက်နှုန်းသာလွန်ကောင်းမွန်၍ ဒေသနှင့်ကိုက်ညီသောဂျုံမျိုးများကို အမျိုးသားမျိုးစေ့ကော်မတီသို့ မှတ်ပုံတင်၍ မျိုးသစ်များအဖြစ် ထုတ်ဝေဖြန့်ဖြူးလျက်ရှိသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ထုတ်ဝေဖြန့်ဖြူးလျက်ရှိသောဂျုံမျိုးများမှာ မုံရွာဂျုံဖြူ၊ ဇလုပ်ဖြူ -၁၊ ဇလုပ်ဖြူ-၂၊ ရေဆင်းဂျုံ-၈၊ ရေဆင်းဂျုံ-၉၊ ရေဆင်းဂျုံ-၁၀၊ ရေဆင်းဂျုံ-၁၁၊ ရေဆင်းဂျုံ-၁၂ တို့ဖြစ်ပြီး အဆိုပါမျိုးများသည် အပူဒဏ်ခံ၊ ရေငတ်ဒဏ်ခံ၊ ရောဂါဒဏ်ခံနိုင်သော အထွက်ကောင်းပေါင်မုန့်ဂျုံမျိုးများဖြစ်သည်။

### ကျန်းမာရေးအကျိုးကျေးဇူးများ

ဂျုံကို သဘာဝအတိုင်းသာ အသုံးပြုမည်ဆိုလျှင် ဆေးဖက်ဝင်စွမ်းအင်များစွာရှိသည်။ ဂျုံစေ့၊ ဂျုံဆန်ကွဲ၊ ဂျုံမှုန့်နု၊ ဂျုံကြမ်း၊ ဂျုံဖွဲစသည်ဖြင့် ဂျုံပင်၏အစိတ်အပိုင်းမှန်သမျှ အသုံးဝင်သည်။ ဂျုံစားလျှင် ခွန်အားဖြစ်စေပြီး ကိုယ်လက်ကြံ့ခိုင်စေသည်။ ဂျုံစေ့တွင် ပါဝင်သော ကစီဓာတ်နှင့်ဂလူတင်တို့သည် ခန္ဓာကိုယ်အတွက်လိုအပ်သော အပူနှင့်စွမ်းအင်ကို ဖြည့်တင်းပေးသည်။ ဂျုံသီးနှံတွင် အင်ဆူလင်နှင့် ဂလူးကို့စ်စစ်ထုတ်နိုင်မှုကိုလုပ်ဆောင်သော အင်ဇိုင်းများ၏လုပ်ငန်းဆောင်တာများတွင်ပါဝင်သော မဂ္ဂနီဆီယမ်ဓာတ်ကြွယ်ဝသည့်အတွက် ဂျုံသီးနှံကို စားသုံးခြင်းအားဖြင့် ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့နည်းစေနိုင်ပါသည်။

ဂျုံစေ့၏အပြင်လွှာသည် အတွင်းလွှာထက် ဗီတာမင်နှင့် ပရိုတင်းပိုမိုဝင်ပြီး အတွင်းလွှာတွင် ကစီဓာတ်ပိုများသည်။ ထို့ကြောင့် ဂျုံစေ့ကို ဂျုံကြမ်းအတိုင်းစားသုံးလျှင် အာဟာရပြည့်ဝပြီး အဆီတက်ခြင်းကင်းစေသည်။ ယနေ့ခေတ်တွင် စက်ဖြင့်ကြိတ်ခွဲသောကြောင့်အပေါ်ယံအလွှာရှိအာဟာရဓာတ်များ လေလွင့်ဆုံးရှုံးသွားသည့်အတွက် ကစီဓာတ်ပိုများသော ဂျုံအနုအမျိုးအစားကို ရရှိစေမည်ဖြစ်သည်။

**❖ဂျုံကို သဘာဝအတိုင်းသာအသုံးပြုမည်ဆိုလျှင် ဆေးဖက်ဝင်စွမ်းအင်များစွာရှိသည်။ ဂျုံစေ့၊ ဂျုံဆန်ကွဲ၊ ဂျုံမှုန့်နု၊ ဂျုံကြမ်း၊ ဂျုံဖွဲစသည်ဖြင့် ဂျုံပင်၏အစိတ်အပိုင်းမှန်သမျှ အသုံးဝင်သည်။ ဂျုံစားလျှင် ခွန်အားဖြစ်စေပြီး ကိုယ်လက်ကြံ့ခိုင်စေသည်။ ဂျုံစေ့တွင်ပါဝင်သော ကစီဓာတ်နှင့်ဂလူတင်တို့သည် ခန္ဓာကိုယ်အတွက်လိုအပ်သော အပူနှင့်စွမ်းအင်ကို ဖြည့်တင်းပေးသည်။ ဂျုံသီးနှံတွင် အင်ဆူလင်နှင့် ဂလူးကို့စ်စစ်ထုတ်နိုင်မှုကိုလုပ်ဆောင်သော အင်ဇိုင်းများ၏လုပ်ငန်းဆောင်တာများတွင်ပါဝင်သော မဂ္ဂနီဆီယမ်ဓာတ်ကြွယ်ဝသည့်အတွက် ဂျုံသီးနှံကိုစားသုံးခြင်းအားဖြင့် ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့နည်းစေနိုင်ပါသည်။ ❖**

ဂျုံသီးနှံသည် အာဟာရဓာတ်ပါဝင်မှုမြင့်မားသောသီးနှံဖြစ်သဖြင့် တန်ဖိုးမြှင့်အစားအစာအဖြစ် စားသုံးတတ်လာစေရန် ပညာပေးမှုများဆောင်ရွက်ခြင်းနှင့် ပြည်တွင်းပြည်ပဈေးကွက်များရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်သည်။ ထို့ပြင် ဂျုံပင်မှရရှိသောဂျုံရိုးများကို အလဟဿမဖြစ်စေဘဲ ဦးထုပ်၊ ဖျာစသည်တို့ကိုပြုလုပ်ကြသည်။ မိရိုးဖလာလုပ်ငန်းတစ်ခုဖြစ်သည့် ဂျုံရိုးဦးထုပ်ရက်လုပ်ရောင်းချခြင်းလုပ်ငန်းသည် ဂျုံရိုးချုပ်သည့်ဒိုင်များသာမက ဂျုံရိုးထိုးသည့်လုပ်သားများ၊ လက်လီ၊ လက်ကားရောင်းချသူများလည်း မိသားစုဝင်ငွေရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိ၍ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေနိုင်သည့် သီးနှံတစ်ခုဖြစ်သည်။ ဂျုံသီးနှံသည် မြန်မာနိုင်ငံတွင် တတိယအရေးပါသော နှံစားသီးနှံဖြစ်သော်လည်း ပြောင်းလဲလာသောရာသီဥတုကြောင့် စိုက်ပျိုးရေရှားပါးလာသည့်အတွက် အနာဂတ်စားနပ်ရိက္ခာဖူလုံရေးတွင် အရေးပါသည့်သီးနှံတစ်ခုဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုပေါ်မူတည်၍ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရာတွင် ရေလိုအပ်မှုနည်းသော ဂျုံသီးနှံကို ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအားတိုးတက်ကာ တောင်သူများဝင်ငွေတိုးတက်လာစေမည်ဖြစ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ဂျုံစေ့တန်ချိန် ၃ ဒသမ ၅ သိန်း၊ ဂျုံမှုန့်တန်ချိန် ၄၀၀၀ ခန့် ပြည်ပမှ တင်သွင်းနေရသည်။ ပြည်တွင်း၌ လက်ရှိဂျုံမျိုး ၁၅ မျိုးကို တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတွင် ဧက ၁၂၆၀၀၀ ကျော်စိုက်ပျိုးထားရှိပြီး စုစုပေါင်း ဂျုံအထွက်တင်း ၂၉ ဒသမ ၇ သိန်းကျော်ထွက်ရှိကာ ဂျုံစေ့တန်ချိန် ၈၀၂၂၁ တန်ကျော်ကို နှစ်စဉ် ထုတ်လုပ်လျက်ရှိသည်။ အဆိုပါကိန်းဂဏန်းများအရ မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးမှုမှာ တန်ချိန်စုစုပေါင်း လေးသိန်းကျော်ခန့် စားသုံးလျက်ရှိသည်ကို ခန့်မှန်းတွေ့ရှိရသည်။ သို့ဖြစ်ပါ၍ ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပတင်ပို့မှုလျှော့ချနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတွင် အထွက်နှုန်း၊ အရည်အသွေးကောင်းမွန်သောဂျုံမျိုးများကို ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးကေထက် လေးဆခန့် တိုးချဲ့စိုက်ပျိုးရန် လိုအပ်မည်ဖြစ်သည်။

ဂျုံစိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်ခြင်းဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။ ဂျုံထုတ်လုပ်မှုတိုးမြှင့်ခြင်းဖြင့် ပြည်တွင်းစားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး နိုင်ငံခြားငွေကုန်ကျမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုပြီး လယ်သမားများ၏ ဝင်ငွေတိုးတက်စေနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးရေးကဏ္ဍ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်နိုင်ကာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

# အောက်ဆီဂျင် ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၂၇ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်



ရန်ကုန် ဇူလိုင် ၂၅

CANAL+ ZAT LENN အခပေး ရုပ်သံလိုင်းက အောက်ဆီဂျင် ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၂၇ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း အဆိုပါ အောက်ဆီဂျင် ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မိုးအောင်ရင်ထံမှ သိရသည်။

အောက်ဆီဂျင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ခနတ်ကိုကိုဇော် ရေးသားထားပြီး ဒီရေလှိုင်းက ဇာတ်ညွှန်းရေးသားထားကာ လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ နေပိုင်က တာဝန်ယူ ပုံဖော်ဖန်တီးထားကြောင်း သိရသည်။

" ဒီဇာတ်ကားက ၂၀၂၄ ခုနှစ် ဇူလိုင်လတုန်းက ရုံတင်ပြသခဲ့ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားက လွှန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်က ရိုက်ကူးခဲ့တဲ့ကားပါ။ ဒါပေမဲ့ အချစ်အက်ရှင် ဇာတ်လေးမို့ ဘယ်အချိန်ကြည့်ကြည့် ရိုးသွားမှာမဟုတ်ပါဘူး။ ကျွန်တော်တို့ မင်းသား သုံးလက်ဆုံတဲ့ ဇာတ်လို့လဲ ပြောလို့ရပါတယ်။ အချစ်မှာ ကြေကွဲစရာကြုံလာရင် ကြည်နူးစရာက အောက်ဆီဂျင်ပဲဆိုတဲ့ သဘောပါ။ အဲဒီတုန်းကလဲ မကြည့်လိုက်ရတဲ့ ပရိသတ်တွေ၊ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် CANAL+ ZAT LENN ကနေ ဇူလိုင် ၂၇ ရက် တနင်္ဂနွေနေ့ ည ၇:၃၀ မှာ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ် "ဟု သရုပ်ဆောင် မိုးအောင်ရင်က ပြောပြသည်။

အောက်ဆီဂျင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ မိုးအောင်ရင်၊ ရဲအောင်၊ နေနေ၁်၊ နေရဲ၊ နေဆန်း၊ အောင်ခိုင်ရွှေမှုန်ရတီ၊ ဆောင်းဝတ်ရည်မေ စသည့် သရုပ်ဆောင်များစွာပါဝင်ထားကြောင်း သိရသည်။ ASH

# Artificial ဇာတ်ကား၌ မင်းသား ကူးပါးဟော့မင်း ပါဝင်သရုပ်ဆောင်

နယူးယောက် ဇူလိုင် ၂၅

Amazon MGM စတူဒီယို၏ Artificial ဇာတ်ကား၌ မင်းသား ကူးပါးဟော့မင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် Artificial ဇာတ်ကား၌ မင်းသား ကူးပါးဟော့မင်း ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးပေ။

Artificial ဇာတ်ကား၌ မင်းသား ကူးပါးဟော့မင်းသည် ရုရှားမင်းသား ယူရီဘောရစ်ဆော့၊ အင်ဒရူး ဂါဖီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Artificial ဇာတ်ကား၌ မင်းသား အိုင်ကီဘာရင်ဟော့လည်း ပါဝင်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိတွင် မင်းသား အိုင်ကီဘာရင်ဟော့သည် ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် Amazon MGM နှင့် ဆွေးနွေးနေကြောင်း သိရသည်။

Artificial ဇာတ်ကား၌ လူ့ဉာဏ်ရည်တုနည်းပညာလောကကို နောက်ခံထားရိုက်ကူးမည့် ဟာသဒရာမာ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ လူကာဂွါဒါနီနိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်လ်၊ ဝေကြီးတို့၏ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR Bar တွင် ပြုလုပ်




ရန်ကုန် ဇူလိုင် ၂၅

တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်လ်၊ ဝေကြီးတို့၏ တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR Bar တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်လ်၊ ဝေကြီးတို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို The Heart of Rangoon –THOR Bar ပင်တိုင် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Daily Gita Music Band က အကောင်းဆုံး တီးခတ်ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"The Heart of Rangoon–THOR Bar၌ ဩဂုတ် ၁ ရက်မှာ ချစ်ပရိသတ်ကြီးနဲ့အတူ ရှိနေပါမယ်။ ချစ်ပရိသတ်တွေရဲ့ နှုတ်ဖျားမှာ အခုထိလွှင့်ပျံ့နေဆဲဖြစ်တဲ့ သီချင်းလေးတွေကို အတူတူ ဆိုကြရအောင်ပါ။ ပရိသတ်တွေကြိုက်တဲ့ ဝေကြီးရဲ့သီချင်းတွေကို အများဆုံး သီဆိုဖြစ်မှာပါ "ဟု တေးသံရှင် ဂျူဝယ်လ်က ပြောပြသည်။

တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်လ်၊ ဝေကြီးတို့၏ တေးဂီတဖျော်ဖြေမှု အစီအစဉ်ကို The Heart of Rangoon –THOR Bar တွင် ညနေ ၆ : ၃၀ မှ စတင်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဂျူဝယ်လ်က ပြောပြ၍ သိရသည်။

ASH

# Meet The Parents ဇာတ်ကား၌ မင်းသား စကိုင်းလာဂီဆန်ဒို ပါဝင်

နယူးယောက် ဇူလိုင် ၂၅

ယူနီဗာဆယ်ကုမ္ပဏီ၏ Meet The Parents ဇာတ်ကား၌ မင်းသား စကိုင်းလာဂီဆန်ဒို ပါဝင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

Meet The Parents ဇာတ်ကား၌ စကိုင်းလာဂီဆန်ဒိုသည် မင်းသား ရောဘတ်ဒီနီရို၊ အိုဝင်ဝီဆင်နှင့်မင်းသမီး ဘလိုက်ဒန်နာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Meet The Parents ဇာတ်ကားကို ဒါရိုက်တာ ဂျွန်ဟမ်းဘာ့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ဂျွန်ဟမ်းဘာ့ကိုယ်တိုင် ရေးသားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Meet The Parents ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Meet The Parents ဇာတ်ကားကို ယခုနှစ်အတွင်း စတင်ရိုက်ကူးရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားသည်။

၎င်းဇာတ်ကားကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် စတင်ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Mahar Application က ချစ်မိတော့လည်းဇွတ် ဇာတ်လမ်းတွဲကို မူပိုင်ဇာတ်လမ်းတွဲအဖြစ်HD Quality ဖြင့် ထုတ်လွှင့်ပေးသွားမည်

ရန်ကုန် ဇူလိုင် ၂၅

Mahar Applicationက ချစ်မိတော့လည်းဇွတ် ဇာတ်လမ်းတွဲကို မူပိုင်ဇာတ်လမ်းအဖြစ် HD Qualityဖြင့် ဩဂုတ်လအတွင်း ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါ ချစ်မိတော့လည်းဇွတ် ဇာတ်လမ်းတွဲတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ထက်အောင်ရှိုင်းက ပြောပြ၍ သိရသည်။

အဆိုပါ ချစ်မိတော့လည်းဇွတ် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ညမွှေးပန်းက ရေးသားထားပြီး ညမွှေးပန်း၊ ငွေစင်သွန်းနှင့် Bon–nieတို့က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ ပြည့်ဖြိုးနိုင်(PPN) က တာဝန်ယူပုံဖော် ရိုက်ကူးထားသည့် ဒရာမာ အမျိုးအစား ဇာတ်လမ်းတွဲ ဖြစ်ကြောင်း သိရသည်။

"ဇာတ်လမ်းအမျိုးအစားကတော့ လူငယ်အကြိုက်အချစ်ဟာသဇာတ်မြူးလေးပါ။ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေးဖြစ်ပါတယ်။ လူငယ်တွေကြားထဲမှာ မြင်တွေ့ရတတ်တဲ့ သာမန်အချစ်ဇာတ်လမ်းလေး တစ်ပုဒ်ကို ပေါ့ပေါ့ပါးပါး ရိုက်ကူးထားတဲ့ ဇာတ်မြူးလေးပါပဲ"ဟု သရုပ်ဆောင် ထက်အောင်ရှိုင်းက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထက်အောင်ရှိုင်း၊ လွင်မင်းသန့်၊ ကေညီ၊ ခေးဆက်သွင်၊ ဖုန်းသီရိကျော်၊ မီကိုခန့်၊ အေးသီတာ၊ သာသာ၊ ခင်မို့မို့အေးနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ကြောင်း အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ထက်အောင်ရှိုင်းက ပြောပြ၍ သိရသည်။ ASH

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses MSME Development Work Committee meeting 1/2025



Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivers an address at MSME Development Work Committee meeting 1/2025.

**Nay Pyi Taw July 25**

MSME Development Work Committee held its meeting 1/2025 at the Ministry of Industry here this afternoon, addressed by Chairman of the Work Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were union ministers, U Win Shein, Dr Kan Zaw, U Hla Moe, Dr Charlie Than, U Tun Ohn and Dr Myo Thein Kyaw, the Nay Pyi Taw Council chair, deputy ministers, work committee members, and officials of associations. Region/state chief ministers attended the meeting through video conferencing.

The Vice-Senior General said it is the 5th meeting of the work committee, and sector-wise vital decisions are being implemented with the involvement of the relevant ministries/organizations, local governments and agencies through bilateral connections. The meeting will seek means for greater systematization and progress of MSMEs as per the directives of the Prime Minister. Agriculture is the main business of the country. Experts of the relevant departments must continue their research for exporting value-added agriculture goods and hitting the targets. Serious research on feed, medicine, veterinary care and nurturing is needed for meat and fish and dairy products to meet the quality target.

On behalf of the State, the relevant bodies including the work committee must provide the needs for development of MSMEs, which are helping to promote national economic growth in a way. The relevant ministries must disseminate technology and knowledge through multilateral cooperation to ensure adequacy of technology and human resources for entrepreneurs. Moreover, it is the duty of the work committee to provide financial investment, ensure access to foreign markets that are reliable. Entrepreneurs can acquire technology and human resources for business development at the technological courses and forums jointly conducted by the Industry Ministry and agencies. Moreover, the respective ministries are opening training sessions that are related to the MSMEs. Hence, entrepreneurs must train their workers to become skilled workers and technicians.

The State is opening technological, agricultural high schools for students who passed KG+9 for providing workers with deeper knowledge of their profession and enabling them to stand on their feet. This part needs harmonious actions of the government and entrepreneurs. As regards financial investments, MSMEs should take loans through the proper procedures and financial rules. Entrepreneurs who face natural disasters need financial capital for business reestablishment. There are regulations in connection with loans and financial matters. The State is making necessary relaxing of some regulations. Of the Ks 170 billion funds for MSMEs, Ks 150 billion was distributed as loans and the remaining Ks 20 billion for MSME development. The Prime Minister has given a directive to disburse loans in accord with the financial regulations. In the past, private banks stayed aloof from MSMEs. Thanks to the coordinated acts of the financial management committee 18 private banks will take part in disbursing loans to MSMEs. The initial available amount from the insurance business was Ks 20 million. But now insurance companies are drawing a SOP to raise the amount to Ks 50 million. Those developments formed a part for national economic growth. In view of the national interest, private bankers are now joining hands for further progress of MSMEs.

Business owners must make the most effective use of the loans they have received to ensure the development of their MSME businesses. Furthermore, they should aim to produce their products not only for the domestic market but also for international markets. To support this, agencies in states and regions should provide knowledge and encouragement to business owners. As this is the digital era, online trading is already being practiced. Therefore, entrepreneurs must produce high-quality, value-added products that meet export standards and establish market linkages. To support such international market connectivity, respective business committees and agencies must provide necessary assistance. In previous MSME expos and competitions, One-Stop Service facilities were also provided to business owners who wished to export, connecting them through the country's commercial attachés. As a result of these connections, businesses have been able to engage with international companies and trade banks regarding exports. Hence, it is essential that business owners become proficient in utilizing Interact services, digital technologies, and other economically beneficial technological tools to support their business operations effectively.

Business owners must be supported by professionals who can train them in the necessary technologies so they can produce quality products that meet established standards using skilled labour. Those providing technical training must also deliver content that is easy to understand and easy to apply, combining practical instruction with interactive discussions. A key factor in the development of human resources is the production of skilled workers. Relevant ministries are already conducting various training programmes for business owners and workers to improve technical know-how, management skills, and market access capabilities. Currently, 441 types of training courses are being conducted, and further information can be accessed on the respective ministry websites. A total of 7,273 training sessions have been conducted so far, attended by 150,819 trainees. In addition to these training sessions, further efforts should be made to enhance the necessary capabilities required in the MSME sector. It was also emphasized that, since the number of registered MSMEs in the country is currently low, responsible authorities must take steps to ensure proper supervision and oversight.

Due to the major Mandalay earthquake, it was agreed to promptly provide loans for the reconstruction of MSME businesses, MSME-related factories, workshops, and private industrial enterprises in Nay Pyi Taw Council area, Mandalay Region, Sagaing Region, and the eastern part of Bago Region, based on detailed lists of the types of damages submitted to the Head of State. The loan provision consists of two parts. These are the first part is MSME loans amounting to K150 billion and the second part includes reconstruction funds totaling K500 billion from the State economic promotion fund and natural disaster management fund, along with K200 billion from the Central Bank of Myanmar, all designated as earthquake reconstruction funds. A Standard Operating Procedure (SOP) is being drafted for this. The challenges faced by MSMEs damaged by the earthquake relate to loans, with some borrowers repaying loans irregularly, some unable to repay at all, and some business owners under investigation for borrowing money from various sources. Regardless, if business owners encounter difficulties in rebuilding their capital, they are encouraged to report to the business committee through relevant agencies. Following the guidance of the Prime Minister, efforts must be made to produce high-value products based on the local raw materials from their businesses and regions, aiming to increase the production of quality goods for domestic consumption and export.

The State Administration Council is implementing two national missions, namely "peace and stability of the country and food security," by linking these goals with economic objectives. Emphasis is placed on supporting MSME economic enterprises to promote domestic products, substitute imports, and expand export markets. To strengthen and uplift MSME businesses, policies, technical support, and financial capital must be provided, creating a favourable economic environment. For the development of agriculture-based basic products, the states and regions will consolidate similar types of products according to their respective product categories, enabling the calculation of the nationwide annual production capacity. Based on these factors, export planning can be arranged according to the needs and specifications of international markets for respective export commodities. By carrying out such systematic efforts, trust can be built with international markets and consumers.

*See Page 13*

# Katha District completes cultivation of more than 4,000 acres of vegetables this year



A vegetable plantation.

**Katha July 25**

More than 4,000 acres of croplands were placed under vegetable crops in Katha District of Sagaing Region this monsoon, according to the statistics of Katha District Agriculture Department.

In 2025-26 monsoon crop cultivation season, Katha District earmarked cultivation of 8,826 acres of vegetables. But, local farmers from Katha Township planted 162 acres of vegetables, Indaw Township 3,410 acres, Htigyaing Township 130 acres of Bamauk Township 542 acres, totalling 4,244 acres against the target cultivation.

"This year, during the monsoon cropping season, over 8,000 acres of land in Katha District have been targeted for vegetable cultivation. So far, more than 4,000 acres have already been planted. Efforts are being made to achieve the full targeted acreage," said Daw Khin Myat Myat Oo, Head of the Katha District Department of Agriculture.

"The crops being cultivated include roselle, chilli, herbs, cauliflower, cabbage, potatoes, bottle gourd, and eggplant. To ensure that all vegetables are grown according to GAP (Good Agricultural Practices) standards, farmers are being provided with technical training. We are also teaching them how to grow all vegetables with minimal chemical residues and in ways that align with health standards," she added.

During this monsoon, Katha Township earmarked cultivation of 855 acres of vegetables, Indaw Township 4,024 acres, Htigyaing Township 1,256 acres of Bamauk Township 2,690 acres, totalling 8,826 acres.

This year in Katha District, the respective Township Agriculture Departments have been providing technical training to vegetable farmers to promote cultivation using the GAP (Good Agricultural Practices) system. They are also offering technical support to ensure that vegetables harvested from the farms are safe and healthy for consumption. Moreover, efforts are underway to encourage farmers to expand their vegetable cultivation.

In Katha District, a variety of vegetables are cultivated seasonally every year. These vegetable crops have been successful, contributing to household income. The Township Agriculture Departments are also educating farmers on proper cultivation methods, pest prevention, the use of natural fertilizers, and the production and application of natural pesticides and repellents. 206

# Famers harvest more than 2,900 acres of green gram in Shwebo Township

**Shwebo July 25**

According to the statistics of Shwebo Township Agriculture Department, local farmers have so far harvested 2,974 acres of pre-monsoon green gram in Shwebo Township of Sagaing Region.

In Shwebo Township, a total of 2,974 acres of green gram were cultivated during this year's pre-monsoon season. It is reported that harvesting of these green gram fields began in June, and as of now, 100 per cent of the cultivated areas have been fully harvested, yielding an average of 17.55 baskets per acre.

"The green gram cultivation during this year's pre-monsoon season covered up to 2,974 acres in Shwebo Township. At present, all the cultivated fields have been completely harvested. Regarding green gram farming, educational programs were provided to encourage expansion of cultivation and the use of quality and pure seeds for better yield," said U San Oo, Head of the Township Agriculture Department.

The Shwebo Township Agriculture Department has also conducted awareness activities for green gram farmers on selecting high-quality and region-appropriate seeds, ensuring seed purity, proper farming techniques, pest prevention, systematic use of fertilizers, and improving crop yields.



Green gram being harvested in a field.

During this year's monsoon cropping season, as various types of pulses were cultivated, collaborative efforts were made with farmers to provide them with quality seeds, necessary inputs, and post-harvest technology to enhance both yield and quality of the crops. 206

# Larger volume of green clams sent to Yangon market in June

**Labutta July 25**

Local fishermen and businesspersons from Labutta Township of Ayeyawady Region supplied larger volume of green clams to Yangon market in June, said Daw Moe Myint, the owner of fishery product trading in Labutta Township.

They sent naturally captured green clams to Yangon market. In May, they sold 65,000 viss of green clams to Yangon market, compared to 88,000 viss in June due to high demand from Yangon market.

"We are currently purchasing locally harvested green clams in bulk. These are being bought for the domestic market," said Daw Moe Myint. "In the past month, clam trading has been doing well. Compared to previous months, we've been able to export and sell larger quantities. Fishermen from Labutta Township collect not only fish, prawns, and crabs but also green clams directly from nature. The locally sourced green clams from Labutta are primarily transported and sold to the Yangon market. Because of this increase in trading activity, which is higher than usual, job opportunities for fishermen and traders have also improved."

In Labutta Township, seafood traders purchase various kinds of fish, prawns, crabs, and green clams from local fishermen. These are then systematically cleaned, processed, and packaged before being shipped to Yangon for sale. From Yangon, the products are further distributed to other regions.

Kyaw Kyaw Lin

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

To reach this stage of assured market access, committee members, state and regional chief ministers, and agencies must support MSME entrepreneurs. Everyone must collectively strive systematically for further growth and development of MSME enterprises. The State will provide its support, and business owners are expected to reciprocate accordingly without delay, working collaboratively in a step-by-step manner within the established framework and in a timely fashion.

Following this, U Yin Maung Nyunt, Secretary of the Working Committee and Deputy Minister for Industry, presented the implementation status of the resolutions from the Working Committee Meeting (2/2024) and the progress of the committee's activities.

Subsequently, the review team's chairperson, Deputy Minister for Planning and Finance Daw Than Than Lin, along with the Secretary of the Working Committee and Chairman of the Agency Deputy Minister of for Industry U Yin Maung Nyunt, the Fund Management Committee Chairman Deputy Minister U Min Htut, and Deputy Minister for Labour U Win Shein read out and presented the statements to be submitted to the MSME Development Working Committee. Vice-Chairmen of the Working Committee Union Ministers U Win Shein and Dr. Charlie Than elaborated on the state's efforts for MSME development, the formation and functioning of relevant committees, MSME loan-related matters, the implementation status of the 14 MSME responsibilities, and collaborative efforts with relevant ministries and organizations to accelerate MSME growth.

Afterward, members of the Working Committee, including Union Ministers, the Chairman of the Nay Pyi Taw Council, Chief Ministers of regions and states, Deputy Ministers, and experts from associations, discussed the progress and ongoing implementation of previous meeting resolutions and guidelines. They covered topics such as MSME product exhibitions in international trade fairs, training programs, domestic and international market research initiatives, support for MSMEs affected by the Mandalay earthquake, and policies and frameworks for SME development.

Following this, Vice-Senior General Soe Win summarized and coordinated the discussions, delivered concluding remarks, and adjourned the meeting.

After the meeting, Vice-Senior General Soe Win, along with attendees, viewed locally produced MSME goods from the Nay Pyi Taw Council area and high-value MSME export products on display, offering encouragement. 100

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက Geran-2 ကာမီကာဇီဒရုန်းကို အရပ်သုံးပစ်ကပ်ယာဉ်များနောက်တွင် တပ်ဆင်ပစ်လွှတ်နိုင်ကြောင်း ထုတ်ဖော်ပြသ



ရုရှားနိုင်ငံသည် Geran-2 ကာမီကာဇီ ဒရုန်းကို အရပ်သုံးပစ်ကပ်ယာဉ်များ နောက်တွင် တပ်ဆင်ပစ်လွှတ်နိုင်သည့် ဒရုန်းပစ်လွှတ်မှုပုံစံသစ်ကို ထုတ်ဖော်ပြသလိုက်ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၂၁ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ဤပြုပြင်ပြောင်းလဲမှုသည် နည်းဗျူဟာမြောက်အရေးပါလှပြီး ဒရုန်းစစ်ဆင်ရေးအဖွဲ့များသည် ဝေးလံခေါင်ပါးသော သို့မဟုတ် ကြမ်းတမ်းသည့် မြေပြင်အနေအထားမျိုးမှပင် အုပ်ချုပ်ထောက်ပံ့မှု အနည်းဆုံးဖြင့် ဒရုန်းများကို လျင်မြန်စွာ ပစ်လွှတ်နိုင်စေမည်ဖြစ်သည်။

အဆင့်မြှင့်တင်ထားသော Geran-2 ဒရုန်းများတွင် optical guidance စနစ်သစ်ပါဝင်ပြီး မိုဘိုင်းဖုန်း SIM ကတ်များမှတစ်ဆင့် အဝေးမှထိန်းချုပ်မှုလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ယခုအခါ Geran-2 ဒရုန်းများသည် ကွန်ရက်ချိတ်ဆက်၍ စစ်ဆင်ရေးများ လုပ်ဆောင်နိုင်ပြီး ပိုမိုကြီးမားသော Gerbera ဒရုန်းစနစ်အပါအဝင် အခြားသော UAV များနှင့် အချက်အလက်များ ဖလှယ်နိုင်သည့် စွမ်းရည်များပါရှိလာပြီဖြစ်သည်။

နည်းပညာပိုင်းအရ ဤဒရုန်းသည် အလေးချိန် ကီလိုဂရမ် ၂၀၀ ခန့်ရှိပြီး solid-fuel booster အကူအညီဖြင့် catapult ပစ်လွှတ်စင်ကို အသုံးပြု၍ ပစ်လွှတ်နိုင်သည်။ ၎င်းတွင် ကီလိုဂရမ် ၉၀ ထိ အလေးချိန်ရှိ ပေါက်ကွဲအားပြင်း(high-explosive fragmentation) ထိပ်ဖူးကို သယ်ဆောင်နိုင်စွမ်းရှိပြီး အလတ်စားမှအကြီးစား အခြေခံအဆောက်အအုံပစ်မှတ်များထိ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

ဒရုန်း၏ ပျံသန်းစစ်ဆင်နိုင်သော ထိရောက်အကွာအဝေးမှာ ကီလိုမီတာ ၂၀၀၀ ထိရှိပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၈၀ နှုန်းဖြင့် ပျံသန်းနိုင်ကာ မီတာ ၄၀၀၀ အမြင့်ထိ လေထဲတွင် ၁၂ နာရီကြာ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ ၎င်းဒရုန်းကို မြင်းကောင်ရေ ၅၀ အားရှိ ပစ္စတင်အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး ဒရုန်းတစ်စီးတန်ဖိုးမှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ မှ ၅၀၀၀၀ ကြားရှိသည်။

Geran-2 သည် ရုရှား၏စစ်ဆင်ရေးတွင် အဓိကလက်နက်တစ်ခုဖြစ်လာခဲ့ပြီး၊ ယူကရိန်းကလည်း ပြည်တွင်းထုတ်နှင့် အနောက်နိုင်ငံများမှ ထောက်ပံ့သော အမျိုးမျိုးသော ကာမီကာဇီတိုက်ခိုက်ရေး ဒရုန်းများဖြင့် တန်ပြန်လျက်ရှိသည်။ ဤသို့ပြောင်းလဲတိုးတက်မှုသည် ခေတ်သစ်စစ်မက်ရေးရာ အယူအဆတွင် ကုန်ကျစရိတ်သက်သာပြီး အလွယ်တကူ စွန့်လွှတ်နိုင်သည့် UAV/Drone များသည် အချို့အခန်းကဏ္ဍများတွင် သမားရိုးကျအမြောက်လက်နက်များ နေရာတွင် အစားထိုးလာပြီး ၎င်းတို့၏အရေအတွက်နှင့် အစစအရာရာ ခံနိုင်ရည်ရှိမှုတို့ဖြင့် လက်ရှိလေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များကို အထူးစိန်ခေါ်လျက်ရှိကြောင်း သိရသည်။

**Exclusive Report: Russia intensifies Geran-2 kamikaze drone production with new mobile launcher on civilian all terrain vehicles.** ဘာသာပြန်ဆိုထားပါသည်။

## တူကီယဲနိုင်ငံက ပထမဦးဆုံး ပြည်တွင်းထုတ် ဟိုက်ပါဆောနစ်ဒုံးကျည်အပါအဝင် အဆင့်မြင့်လက်နက်စနစ်များကို IDEF 2025 တွင် မိတ်ဆက်




တူကီယဲနိုင်ငံသည် ၎င်း၏ ပထမဆုံး ပြည်တွင်းထုတ် ဟိုက်ပါဆောနစ်ဒုံးကျည် Tayfun Block-4 အပါအဝင် အဆင့်မြင့်လက်နက်စနစ်များကို IDEF 2025 နိုင်ငံတကာ ကာကွယ်ရေးပြပွဲ၌ မိတ်ဆက်ပြသခဲ့သည်ဟု တူကီယဲနိုင်ငံပိုင် Anadolu သတင်းဌာနမှ ဇူလိုင် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နိုင်ငံပိုင် ကာကွယ်ရေးကုမ္ပဏီကြီး Roketsan သည် အစ္စတန်ဘူလ်မြို့တွင် ကျင်းပသော IDEF 2025 နိုင်ငံတကာ ကာကွယ်ရေးပြပွဲ၌ အဆင့်မြင့်လက်နက်စနစ်သစ် ခြောက်ခုကိုလည်း မိတ်ဆက်ပြသခဲ့သေးသည်။

Tayfun Block-4 ဟိုက်ပါဆောနစ် ပဲ့ထိန်းဒုံးကျည်သည် တူကီယဲနိုင်ငံ၏ ပြည်တွင်းထုတ်တာဝေးပစ် Tayfun ဒုံးကျည်၏ ဟိုက်ပါဆောနစ်ဗားရှင်းဖြစ်သည်။ Roketsan ၏ ထုတ်ပြန်ချက်အရ Tayfun Block-4 သည် တူကီယဲကာကွယ်ရေးလုပ်ငန်းအတွက် နောက်ထပ်စံချိန်တစ်ခုတင်နိုင်ခဲ့ပြီး တာဝေးပစ်ခတ်နိုင်စွမ်းရှိကြောင်း၊ အလေးချိန် ခုနစ်တန်ကျော်ရှိသော Tayfun ဗားရှင်းသစ်သည် ဘက်စုံသုံးထိပ်ဖူးပါရှိပြီး လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ ကွပ်ကဲထိန်းချုပ်မှုဌာနချုပ်များ၊ လေယာဉ်ရုံများနှင့် အရေးကြီး စစ်ဘက်အခြေခံအဆောက်အအုံများကဲ့သို့သော မဟာဗျူဟာမြောက်ပစ်မှတ်များစွာကို ကီလိုမီတာပေါင်းများစွာ အကွာအဝေးမှ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိကြောင်း သိရသည်။

ထို့ပြင် ဘက်စုံသုံး Akata မစ်ရှင်မော်ဂျူးနှင့်အတူ Atmaca ဒုံးကျည်ကိုလည်း ထုတ်ဖော်ပြသခဲ့သည်။ လက်ရှိ တူကီယဲတပ်မတော်ရှိ Atmaca သင်္ဘောဖျက်ဒုံးကျည်၏ ရေငုပ်သင်္ဘောမှ ပစ်လွှတ်နိုင်သောဗားရှင်းလည်းဖြစ်သည်။

နောက်ထပ်လက်နက်စနစ်တစ်မျိုးမှာ မျက်စိနှင့် မမြင်နိုင်လောက်အောင်ဝေးသောအကွာအဝေးမှ တိုက်ခိုက်နိုင်သော နည်းပညာသုံး(beyond visual range) ဝေဟင်မှဝေဟင်ပစ် Gokbora ဒုံးကျည်ဖြစ်ပြီး အကွာအဝေး ၁၀၀ နော်တီကယ်လ်မိုင် (၁၁၅ မိုင်)အတွင်း ရန်သူ့မောင်းသူမဲ့၊ မောင်းသူပါ လေယာဉ်များကို တန်ပြန်တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ ထို့ပြင် မြန်နှုန်းမြင့် ဘက်စုံသုံးလက်နက်စနစ် Eren Loitering Munition(တိုက်ခိုက်ရေးဒရုန်းစနစ်) လည်းပါဝင်လာသည်။

ဆက်လက်၍ ဝေဟင်မှပစ်လွှတ်နိုင်သော ပဲ့ထိန်းဒုံးကျည်စနစ် 300 Er ကို ထုတ်ဖော်ပြသခဲ့ပြီး ၎င်းသည်တိုက်လေယာဉ်နှင့် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်တို့တွင် ပေါင်းစည်းအသုံးပြုနိုင်မည်ဖြစ်သည်။ နောက်တစ်မျိုးမှာ ဂြိုဟ်တု - အာကာသပစ်လွှတ်ရေးယာဉ် Simsek-2 ဖြစ်သည်။ ၎င်းသည် အလေးချိန် ကီလိုဂရမ် ၁၅၀၀ (၃၃၀၇ ပေါင်)ရှိ ဂြိုဟ်တုများကို ကီလိုမီတာ ၇၀၀ ကျော်အမြင့်ရှိ နေ-ထပ်တူကျပတ်လမ်းကြောင်း (sun-synchronous orbit)ထဲသို့ လွှတ်တင်နိုင်စွမ်းရှိသည်။ Simsek-2 ဂြိုဟ်တုလွှတ်တင်ရေးယာဉ်၏ ပထမဆုံးစမ်းသပ်ပစ်လွှတ်မှုကို လာမည့် ၂၀၂၇ ခုနှစ်တွင် ဆောင်ရွက်ရန် စီစဉ်ထားကြောင်း Roketsan ကုမ္ပဏီက ပြောကြားခဲ့ကြောင်း သိရသည်။

ခြောက်ရက်ကြာ ကျင်းပမည့် IDEF ကာကွယ်ရေးပြပွဲကို အင်္ဂါနေ့မှစတင်၍ အစ္စတန်ဘူလ် ကုန်စည်ပြပွဲစင်တာ၊ အတက်တာ့ခ်လေဆိပ်၊ WOW ဟိုတယ်နှင့် အတက်ကွိုင်းမာရီနာတို့တွင် တစ်ပြိုင်နက်တည်း ကျင်းပပြုလုပ်လျက်ရှိသည်။ ဤပွဲကို KFA Fairs ပြပွဲနှင့်ကုန်သွယ်ရေးစင်တာမှဦးဆောင်၍ တူကီယဲနိုင်ငံကာကွယ်ရေးလုပ်ငန်းဆိုင်ရာအတွင်းဝန်ရုံး(SSB) နှင့် တူကီယဲတပ်မတော်ဖောင်ဒေးရှင်းတို့၏ ပံ့ပိုးမှုဖြင့် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

(၁၇) ကြိမ်မြောက်ပြပွဲတွင် နိုင်ငံပေါင်း ၁၀၃ နိုင်ငံမှ ဝန်ကြီးများ၊ စစ်ဦးစီးချုပ်များ၊ တပ်မှူးများနှင့် ထိပ်တန်းကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး နိုင်ငံ ၄၄ နိုင်ငံမှ ပြခန်းများ ဖွင့်လှစ်ပြသခဲ့သည်။ ဤပွဲတွင် ပြည်တွင်းကာကွယ်ရေးကုမ္ပဏီ ၉၀၀ ကျော်နှင့် နိုင်ငံခြားကာကွယ်ရေးကုမ္ပဏီ ၄၀၀ ကျော် ပါဝင်ပြသခဲ့ကြောင်းလည်း သိရသည်။

**Turkiye unveils its 1st hypersonic missile at IDEF 2025 defense fair ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

## အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းတွင် ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့



ဂျကာတာ ဇူလိုင် ၂၅

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းတွင် ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု ဇူလိုင် ၂၄ ရက်က လှုပ်ခတ်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဘူမိသိပ္ပံပညာဌာနမှ ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် ကျွန်း၏အနက် ၁၄၇ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါငလျင် လှုပ်ခတ်ခဲ့ပြီးနောက် နိုင်ငံတွင်းရှိ လူနေအဆောက်အအုံများ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ပျက်စီးခဲ့ကြောင်း၊ သစ်ပင်များနှင့် ဓာတ်တိုင်တချို့ ပြိုလဲခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည်ဖြင့် အက်ကွဲကာ ပြိုကျလုနီးပါးအန္တရာယ်ရှိ အဆောက်အအုံများလည်းရှိကြောင်း၊ အဆိုပါအဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ လတ်တလော လူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရသူများနှင့် အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူတချို့ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းသည် အကျယ်အဝန်းအားဖြင့် ဧရိယာစတုရန်းမိုင်ပေါင်း ၇၂,၀၀၀ ကျော်ရှိပြီး တောင်ထူထပ်၍ မီးတောင်ပေါ်များသဖြင့် မကြာခဏငလျင်လှုပ်ခတ်မှုဒဏ်ကို ခံရလေ့ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## ဥရောပသမဂ္ဂအဖွဲ့အစည်း၏ သစ်တောပြုန်းတီးမှု ထိန်းချုပ်ရေးဥပဒေကြောင့် ကိုကိုးစိုက်ပျိုးရေး လုပ်ငန်းရှင်တချို့ အခက်အခဲဖြစ်ပေါ်နေ

ရာမော့ဆူခရိုး ဇူလိုင် ၂၅

ဥရောပသမဂ္ဂအဖွဲ့အစည်းသည် ဥရောပတိုက်များသို့ ကုန်သွယ်ရာတွင် သစ်တောပြုန်းတီးမှုဖြစ်ပေါ်စေသည့် ကုန်ပစ္စည်းများကုန်သွယ်မှုကိုပိတ်ပင်သည့် ဥပဒေပြဋ္ဌာန်းတော့မည်ဖြစ်ပြီး ၎င်းဥပဒေကြောင့် ကိုကိုးစိုက်ပျိုးသည့် လုပ်ငန်းရှင်တချို့ အခက်အခဲဖြစ်ပေါ်နေကြောင်း အိုင်ဗရီကို့စ်နိုင်ငံ ကော်ဖီနှင့်ကိုကိုးလုပ်ငန်းကောင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သို့သော်လည်း ဥရောပသမဂ္ဂအဖွဲ့အစည်း၏ သစ်တောပြုန်းတီးမှုဥပဒေကို တရားဝင်ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးဘဲ ဥရောပနိုင်ငံကြီးတချို့က ကန့်ကွက်ထားသည့်အတွက် တရားဝင်ပြဋ္ဌာန်းရန် နှောင့်နှေး ကြန့်ကြာနေခြင်းဖြစ်ကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့အစည်းက ဥပဒေပြဋ္ဌာန်းမည့်အရေးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလထိသာ ဆိုင်းငံ့ထားခြင်းဖြစ်ပြီး ၂၀၂၆ ခုနှစ် နှစ်ဦးပိုင်းတွင် အဆိုပါဥပဒေကို တရားဝင်ပြဋ္ဌာန်းလာနိုင်မည် ဖြစ်ကြောင်း သိရသည်။

"ဥရောပတိုက်ကို ကိုကိုးတွေတင်ပို့နေတဲ့ နိုင်ငံတွေထဲမှာ အိုင်ဗရီကို့စ်နိုင်ငံက အများဆုံးဖြစ်ပါတယ်။ ဒါပေမဲ့လဲ ဥရောပသမဂ္ဂအဖွဲ့အစည်းက သစ်တောပြုန်းတီးမှု ထိန်းချုပ်ရေးဥပဒေကိုပြဋ္ဌာန်းလိုက်ရင်တော့ လုပ်ငန်းရှင်တချို့ အခက်အခဲဖြစ်ပေါ်နိုင်ပါတယ်"ဟု အိုင်ဗရီကို့စ်နိုင်ငံ ကော်ဖီနှင့်ကိုကိုးလုပ်ငန်းကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းများ အထိနာလာနိုင်သည့် နိုင်ငံများတွင် အိုင်ဗရီကို့စ်နိုင်ငံလည်း ပါဝင်နေပြီး အိုင်ဗရီကို့စ်နိုင်ငံသည် ချောကလက်လုပ်ငန်းများအတွက် ကုန်ကြမ်းဖြစ်သော ကိုကိုးစိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်သည့် နိုင်ငံလည်းဖြစ်ကြောင်း၊ ဥရောပနိုင်ငံများအတွက် လိုအပ်နေသည့် ကိုကိုးကုန်ကြမ်းကို အိုင်ဗရီကို့စ်နိုင်ငံက အဓိကတင်ပို့နေခြင်းဖြစ်ပြီး ကိုကိုးစိုက်ပျိုးရေးလုပ်ငန်းသည်လည်း သစ်တောပြုန်းတီးမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## နှစ်နိုင်ငံနယ်စပ်စည်းတစ်လျှောက် ဖြတ်သန်းစီးဆင်းနေသည့်ရေဆိုးများလျှော့ချရေး မက္ကဆီကိုနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား သဘောတူညီချက်ရရှိ

ဝါရှင်တန် ဇူလိုင် ၂၅



အမေရိကန်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့မှ ကိုယ်စားလှယ်များသည် ဇူလိုင် ၂၄ ရက်က မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် နှစ်နိုင်ငံနယ်စပ်စည်းတစ်လျှောက်နှင့် ဆန်ဒီယေဂိုမြို့ကို ဖြတ်သန်းစီးဆင်းနေသည့် ရေဆိုးများလျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ သဘောတူညီချက်ရရှိခဲ့ကြောင်း အမေရိကန်နိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နှစ်နိုင်ငံ ဆွေးနွေးမှုပြုလုပ်ခဲ့ရာတွင် အမေရိကန်နိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ စီမံခန့်ခွဲရေးမှူး လီဇယ်လ်ဒင်နှင့် မက္ကဆီကိုနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် သဘာဝပတ်ဝန်းကျင်ဝန်ကြီး အလီစီယာ မာစီနာတို့ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း၊ ဆွေးနွေးမှုများ သဘောတူညီချက်ရရှိခဲ့ပြီးနောက် နှစ်နိုင်ငံကြား ရေဆိုးများစွန့်ထုတ်မှုစနစ်ကို အဆင့်မြှင့်တင်သွားရမည်ဖြစ်ပြီး မက္ကဆီကိုနိုင်ငံ ကတီဂျူအာနာ ရေဆိုးစွန့်ထုတ်မှုစနစ်ကို အမေရိကန်ဒေါ်လာ ၉၃ သန်းအသုံးပြုပြီး အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း၊ အဆင့်မြှင့်တင်ရာတွင်လည်း လေးနှစ်အတွင်းအပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း မက္ကဆီကို သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။

"နှစ်နိုင်ငံ နယ်စပ်စည်းမှာ ရေဆိုးတွေများပြားနေတဲ့ပြဿနာနဲ့ ရင်ဆိုင်နေရတာဆယ်စုနှစ်တစ်စုကျော်နေပြီ။ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် အခုလိုနှစ်နိုင်ငံကြား သဘောတူညီချက် ရရှိခဲ့တာဟာ အမေရိကန်နိုင်ငံသားတွေနဲ့ မက္ကဆီကိုနိုင်ငံသားတွေအတွက် ကြီးမားတဲ့ အောင်ပွဲတစ်ရပ်ဖြစ်ပါတယ်"ဟု အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ စီမံခန့်ခွဲရေးမှူး လီဇယ်လ်ဒင်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## တူကီယဲနိုင်ငံ အလယ်ပိုင်းတွင် တောမီးငြိမ်းသတ်စဉ် မီးသတ်တပ်ဖွဲ့ဝင်နှင့် စေတနာ့ဝန်ထမ်းများ သေဆုံးခဲ့ရ

အန်ကာရာ ဇူလိုင် ၂၅

တူကီယဲနိုင်ငံ အလယ်ပိုင်း Eskisehir ပြည်နယ်တွင် ဇူလိုင် ၂၄ ရက်က တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန် ကြိုးပမ်းနေစဉ် မီးသတ်တပ်ဖွဲ့ဝင်နှင့် စေတနာ့ဝန်ထမ်း ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တူကီယဲနိုင်ငံ၏စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး အီဘရာဟင်ယူမာကာလီ၏အဆိုအရ ယခုနှစ်အစပိုင်းမှ ယနေ့ထိ တောမီးလောင်ကျွမ်းမှု စုစုပေါင်း အကြိမ်ရေ ၄၀၀၀ ကျော်ရှိကြောင်း၊ ယခုကဲ့သို့ တောမီးများလောင်ကျွမ်းရခြင်းသည် အပူချိန်များ မြင့်တက်မှုကြောင့် ဖြစ်ကြောင်း သိရသည်။

"မီးသတ်တပ်ဖွဲ့ဝင်နဲ့စေတနာ့ဝန်ထမ်း ၁၀ ယောက်ထက်မနည်း သေဆုံးခဲ့ရပါတယ်။ သစ်တောဝန်ထမ်းတွေနဲ့ ရှာဖွေကယ်ဆယ်ရေး စေတနာ့ဝန်ထမ်းတချို့လဲ ထိခိုက်ဒဏ်ရာရခဲ့ပါတယ်။ ဒဏ်ရာရသူ ၁၄ ယောက်ကတော့ လက်ရှိဆေးရုံမှာ ဆေးကုသမှုခံယူနေပါတယ်"ဟု ပြည်ထဲရေးဝန်ကြီး အလီယာလီခါယာက ပြောကြားခဲ့သည်။

တူကီယဲသမ္မတ အာဒိုဂန်က နိုင်ငံ့ဝန်ထမ်းများ ယခုကဲ့သို့ဆုံးရှုံးခဲ့သည့်အတွက် ဝမ်းနည်းကြောင်းနှင့် ၎င်းတို့၏မိသားစုများအတွက် ပံ့ပိုးငွေများပေးမည်ဖြစ်ကြောင်း၊ Eskisehir ပြည်နယ် တောမီးကို ငြိမ်းသတ်ရန်နိုင်ငံ၏ အနောက်ပိုင်းနှင့် အလယ်ပိုင်းပြည်နယ်များဖြစ်သော Eskisehir ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များအပါအဝင် Sakarya၊ Antalya ၊ Bilecik နှင့် Denizli ပြည်နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များပါ ဝိုင်းဝန်းငြိမ်းသတ်နေကြောင်း၊ တောမီးကို ရာနှုန်းပြည့် မငြိမ်းသတ်နိုင်သေးသော်လည်း တောမီးပြင်းထန်မှုအရှိန်လျှော့ကျလာကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## ဆိုက်ပရက်စ်နိုင်ငံတစ်လျှောက် အပူလှိုင်းဖြတ်သန်းမှု ကာလရှည်သွားနိုင်ကြောင်း ECMWF က သတိပေးချက်ထုတ်ပြန်

လန်ဒန် ဇူလိုင် ၂၅


ဆိုက်ပရက်စ် နိုင်ငံတစ်လျှောက် အပူလှိုင်းဖြတ်သန်းမှုဖြစ်ပေါ်နေပြီး အပူချိန် မြင့်တက်မှုများဖြစ်ပေါ်ကာ အပူလှိုင်းဖြတ်သန်းမှုကာလ ရှည်ကြာသွားနိုင်ကြောင်း ဗြိတိန်နိုင်ငံ ရီးဒင်းမြို့တွင် အခြေစိုက်သည့် European Centre for Medium-Range Weather Forecasts (ECMWF) က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆိုက်ပရက်စ်နိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများကို ကူးစက်လောင်ကျွမ်းမှုဖြစ်ပွားနေကြောင်း၊ တောမီး ထိန်းချုပ်ရခက်သည့်အခြေအနေဖြင့် ရင်ဆိုင်နေရသည့် ဆိုက်ပရက်စ်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှု ကာလရှည်ကြာနိုင်သောကြောင့် တောမီးအန္တရာယ်ဖြင့် ကာလရှည်ရင်ဆိုင်သွားရမည်ဖြစ်ကြောင်း ECMWF က ထုတ်ပြန်ခဲ့သည်။

"ဆိုက်ပရက်စ်နိုင်ငံမှာ အပူလှိုင်းဖြတ်သန်းနေပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်တွေလဲ မြင့်တက်နေပါတယ်။ အပူလှိုင်းဖြတ်သန်းမှုဟာ ကာလရှည်ကြာသွားနိုင်တဲ့အတွက် အပူချိန်မြင့်တက်မှုတွေကလဲ ပိုဆိုးလာနိုင်ပါတယ်" ဟု European Centre for Medium-Range Weather Forecasts (ECMWF) က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကျင်းပ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးအနာဂတ်ကို ပိုမိုကောင်းမွန်အောင် ပုံဖော်ဆောင်ရွက်




နေပြည်တော် ဇူလိုင် ၂၅

ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ကော်မတီနာယကက ဒစ်ဂျစ်တယ်စီးပွားရေး(Digital Economy)သည် ယခုအခါတွင် ကမ္ဘာ့ GDP ၏ အနည်းဆုံး ၁၅ရာခိုင်နှုန်းကိုပံ့ပိုးပေးနေပြီဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းကျော်ထိ တိုးတက်လာနိုင်သည်ဟု World Economic Forum က ခန့်မှန်းထားကြောင်း၊ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် တိုးတက်မှုကိုလျင်မြန်စွာကျော်ဖြတ်နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တိုးတက်နိုင်စေသည့် အဓိကအချက်တစ်ခုဖြစ်သည် ဆိုသည့်အချက်မှာ မငြင်းသာကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ(Digital Economy Development Committee–DEDC)ကို ဖွဲ့စည်းထားပြီး DEDCကော်မတီအနေဖြင့် "မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀" ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါလမ်းပြမြေပုံသည် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားကြရမည့်ကိစ္စရပ်များအတွက် မဟာဗျူဟာမျှော်မှန်းချက် တစ်ရပ်၊ မဟာဗျူဟာရည်မှန်းချက် တစ်ရပ်၊ အဓိကရည်ရွယ်ချက် ခြောက်ရပ်၊ ဦးစားပေးကဏ္ဍကြီး ကိုးခု၊ မဟာဗျူဟာမဏ္ဍိုင် ကိုးခု၊ မဟာဗျူဟာပန်းတိုင် ၂၂ ခု၊ လုပ်ငန်းစဉ် ၇၇ ခုတို့ကို ၂၀၃၀ ပြည့်နှစ်ထိရည်မှန်း၍ ဖွဲ့စည်းရေးဆွဲထားခြင်းဖြစ်ကြောင်း။

လက်ရှိတွင် အဆိုပါလုပ်ငန်းစဉ် ၇၇ ခု အနက် DEDC ၏ သက်ဆိုင်ရာလုပ်ငန်းကော်မတီ (Working Committees)များအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကာလတို၊ ကာလလတ်၊ ကာလရှည်အချိန်ဇယားများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြမည်ဟုယုံကြည်ပါကြောင်း၊DEDC အဖွဲ့ဝင်များအားလုံးအနေဖြင့် ကျရာကဏ္ဍစုံမှ တက်ညီလက်ညီဖြင့် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းသည် မိမိကော်မတီ၏ လုပ်ငန်းပြီးမြောက်ခြင်းအကျိုးအတွက်သာမက အမိမြန်မာနိုင်ငံတော်အတွက်ဒစ်ဂျစ်တယ်စီးပွားရေး အနာဂတ်တစ်ခုကိုဖန်တီးနိုင်စေရန် အရေးပါဆုံးသော အချက်ဖြစ်ကြောင်း၊ထို့ကြောင့်ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းစွာတင်ပြပေးကြရန်နှင့်အဖွဲ့ဝင်တစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်သိစိတ်ဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးအနာဂတ်ကို ပိုမိုကောင်းမွန်အောင်ပုံဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက Living Document အဖြစ် အတည်ပြုထုတ်ပြန်ထားပြီးဖြစ်သည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါလုပ်ငန်းရပ်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများအနေဖြင့် သတ်မှတ်ကာလများအလိုက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့်လုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်နေမှု အခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးစေလိုသည့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ ငါးခုတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ တက်ရောက်လာကြသူများက ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြရာ DEDC ကော်မတီနာယကက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ် ကျောင်းအပ်လက်ခံခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများကို တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ယနေ့တွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းအပ်နှံရေးနေ့ကို ဇူလိုင် ၂၂ ရက်မှ စတင်သတ်မှတ်ခဲ့ပြီး ယနေ့ထိ ကျောင်းသား၊ ကျောင်းသူ ၇၀၅ ဦး လာရောက်အပ်နှံ၍ ပညာသင်ကြားလျက်ရှိသည်။ ကျောင်းအပ်နှံမှုအဆင်ပြေချောမွေ့စေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ၊သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်သားများ၊ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံမိဘပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပြီး တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းပြန်လည်ဖွင့်လှစ်စဉ်။



နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်းများ၌ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ထို့ပြင် နောင်ချိုမြို့သို့ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၄၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ ဆရာဝန်များနှင့် ကျန်းမာရေး ဝန်ထမ်းများက ဒေသခံတိုင်းရင်းသား ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



# ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲနှင့် သစ်ပင်စိုက်ပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုနယ်မြေအတွင်း မြစ်၊ ချောင်း၊ဆည်တမံများအတွင်း ငါးသယံဇာတများတိုးပွားလာစေရေး၊ငါးမျိုးပြုန်းတီးမှုမဖြစ်ပေါ်စေရေး၊သဘာဝရေပြင်နှင့်ကန်များတွင် ငါးမျိုးများ ရေရှည်စဉ်ဆက်မပြတ်တည်တံ့ခိုင်မြဲပြီး ငါးသယံဇာတပေါကြွယ်ဝစေရေး၊ နိုင်ငံတော်၏ ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေးတစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ဆည်၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့်ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်များနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးကငါးသားပေါက်များကို ရန်အောင်မြင်ဆည်အတွင်း စတင်စိုက်ထည့်ပေးပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့်ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်များနှင့်ဝန်ထမ်းများက ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ မြက်စားငါးကြင်းနှင့် ငါးခုံးမငါးသားပေါက် အကောင် ၂၀၀၀၀ ကို ရန်အောင်မြင်ဆည်အတွင်း စိုက်ထည့်ပေးနေမှုကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုသစ်တောကြိုးဝိုင်း အကွက်အမှတ် (၆၁)ပေါ်ရှိ မြေဧရိယာ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ခရေပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များစိုက်ပျိုးကြကာ ပြည်ထောင်စုဝန်ကြီးက လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် လယ်ဝေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းမြေနေရာ၌ ကျင်းပခဲ့ပြီး ကျွန်း၊ ပျဉ်းကတိုး၊ သရက်၊ စိန်ပန်းပြာ၊ ချယ်ရီ၊ ကျွဲကော၊ ပိန္နဲပင်စုစုပေါင်း ၁၀၆၅ ပင် စိုက်ပျိုးခဲ့ကာ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ပိတောက်၊ခရေ၊စိန်ပန်း၊ကုက္ကို၊ တမာ၊ ယမနေ၊ ငုစပ်၊ မန်ကျည်းရှား စုစုပေါင်း ၁၀၂၄ ပင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရုံး၊ ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များကို တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြရာ ပြည်ထဲရေးဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ဒုတိယအကြိမ်စိုက်ပျိုး ပွဲတွင် သစ်ပင်စုစုပေါင်း ၇၇၆၈၉ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ ချီးမြှင့်ငွေများပေးအပ်ကာ ဆရာဝန်၊သူနာပြုများကိုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကိုတစ်နိုင်ငံလုံးအတွက် တစ်ပြိုင်တည်းတစ်ရက်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏အောင်စာရင်းများကို ဇူလိုင် ၂၇ ရက် နံနက် ၆ နာရီတွင် မြန်မာ့အသံ(ရေဒီယို)တိုင်းရင်းသားအစီအစဉ်များမှ စတင်ထုတ်လွှင့်ကြေညာပေးသွားမည်ဖြစ်သည်။

အဆိုပါထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ **ကချင်ပြည်နယ်**မှ ဝိုင်းမော်၊ တနိုင်း၊ ရှင်ဗွေယန်၊ ချီဖွေ၊ မိုးညှင်း၊ ဟိုပင်၊ အင်းတော်ကြီး၊ မိုးကောင်း၊ နမ္မတီး၊ ပင်းဘော၊ ဖားကန့်၊ ကာမိုင်း၊ ဗန်းမော်၊ ရွှေကူ၊ ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်စာစစ်ဌာန၊ **ကယားပြည်နယ်**မှ လွိုင်ကော်စာစစ်ဌာန၊ **ကရင်ပြည်နယ်**မှလှိုင်းဘွဲ့၊ ရွှေဂွန်း၊ ဘုရင့်နောင်တပ်၊ လိပ်သို၊ ကမမောင်း၊ အထက(၂)ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့်မြဝတီစာစစ်ဌာန၊ **ချင်းပြည်နယ်**မှ ဟားခါးနှင့် တီးတိန်စာစစ်ဌာန၊ **ရခိုင်ပြည်နယ်**မှသင်္ဘောပြင်ကုန်း၊ အထက(၁)ကျောက်ဖြူ၊ အထက(၂)ကျောက်ဖြူ၊ အထက(မာန်အောင်)နှင့် အထက(ခွဲ)ဈေးတန်းစာစစ်ဌာန၊ **ရှမ်းပြည်နယ်(တောင်ပိုင်း)**မှဟိုပုံး၊ ဆီဆိုင်၊ ဘန်းယဉ်၊ ဆိုက်ခေါင်၊ အထက(၁)ပင်လောင်း၊ အထက(၂)ပင်လောင်း၊ နောင်တရား၊ တီကျစ်၊ ပင်ခွန်၊ တင်းတက်၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ မိုးနဲ၊ တုန်ဟုန်း၊ မိုင်းရှူး၊ဝမ်ကန်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ မိုင်းပန်နှင့် မောက်မယ်စာစစ်ဌာန၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း)**မှ အထက(၁)တန့်ယန်း၊ အထက(၂)တန့်ယန်း၊ မိုင်းရယ်နှင့် မူဆယ်စာစစ်ဌာန၊ **ရှမ်းပြည်နယ်(အရှေ့ပိုင်း)**မှ မိုင်းခတ်၊ မိုင်းပျဉ်း၊ မက်မန်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းဖြတ်နှင့် မိုင်းယောင်းစာစစ်ဌာန၊ **တနင်္သာရီတိုင်းဒေသကြီး**မှ ကျွန်းစု၊ ပုလောနှင့် ဘုတ်ပြင်းစာစစ်ဌာန၊ **မကွေးတိုင်းဒေသကြီး**မှ စေတုတ္တရာ၊ ငဖဲ၊ ပဒါန်း၊ ပခုက္ကူ၊ ဝါခီး၊ ရေစကြို၊ ပေါက်၊ ဂန့်ဂေါ၊ ကျောနှင့် ဟံသာဝတီစာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီး**မှအထက(၁)ကလေး၊ အထက(၃)ကလေး၊ အင်ဒိုင်းကြီး၊ မင်းကင်း၊ ပန်းဆက်၊ ကလေးဝ၊ တမူး၊ ကန့်ဘလူ၊ ထန်းကုန်း၊ ကျွန်းလှ၊ ရေဦး၊ အရာတော်၊ ကသာ၊ ဗန်းမောက်၊ ဝန်းသို၊ မော်လိုက်၊ ကင်းတပ်၊ ဖောင်းပြင်၊ ခန္တီး၊ အထက(၁)ဟုမ္မလင်း၊ အထက(၂)ဟုမ္မလင်း၊ ကတ်သာ၊ မောင်းခမ်း၊ ထမံသီ၊ လေရှီး၊ ပန်ဆပ်၊ ဆွမ္မရာ၊ လဟယ်၊ နန်းယွန်းနှင့် ပန်ဆောင်စာစစ်ဌာန၊ **ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)**မှ ကျောက်ကြီးစာစစ်ဌာန၊ **ရန်ကုန်တိုင်းဒေသကြီး**မှ ကိုကိုးကျွန်းစာစစ်ဌာနတို့ဖြစ်သည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသများမှ လှိုင်းတို(၅၀ ဒသမ ၇၁ မီတာ)၊ ( ၅၉၁၅ ကီလိုဟာ့ဇ်)မှလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှ လှိုင်းလတ်( ၄၁၁ ဒသမ ၅၂ မီတာ) (၇၂၉ ကီလိုဟာ့ဇ်)မှလည်းကောင်း အသီးသီးဖမ်းယူနားဆင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေက ထုတ်လုပ်လျက်ရှိသည့် ဒေသထွက် MSME ထုတ်ကုန်များနှင့် ပြည်ပသို့တင်ပို့လျက်ရှိသည့် တန်ဖိုးမြင့် MSME ထုတ်ကုန်များကို လိုက်လံကြည့်ရှုအားပေးစဉ်။**

ရှေ့ဖုံးမှအဆက်

အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းကော်မတီ အစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ ငါးကြိမ်ရှိခဲ့ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ပါ MSME လုပ်ငန်းများ ပိုမိုစနစ်ကျပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ အဆိုပါကဏ္ဍမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးပိုင်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် သက်ဆိုင်ရာဌာနအလိုက် ပညာရှင်များက သုတေသနလုပ်ငန်းများကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မွေးမြူရေးပိုင်းတွင်လည်း အသား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ သတ်မှတ်အရည်အသွေး ပြည့်မီစေရေးအတွက် အစာ၊ ဆေး၊ ကုသမှု၊ ပြုစုမှုအပိုင်းများတွင် သုတေသနလုပ်ငန်းများ ကြပ်မတ်လုပ်ဆောင်သွားရန်လိုကြောင်း။

ထိုသို့ ဆောင်ရွက်ရာ၌ နိုင်ငံတော်က ပံ့ပိုးပေးရမည့်အပိုင်းတွင် နိုင်ငံတော်ကိုယ်စား မိမိတို့လုပ်ငန်းကော်မတီအပါအဝင် သက်ဆိုင်ရာ MSME လုပ်ငန်းအဖွဲ့ဝင်များက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေကြသည့် MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီပေးပြီး ချိတ်ဆက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ လိုအပ်သည့်နည်းပညာ၊ လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရေးအတွက် နည်းပညာများ အသိပညာပေးရေးနှင့် ပြန့်ပွားရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ငွေကြေးအရင်းအနှီးများ စိစစ်ပံ့ပိုးပေးနိုင်ရေးနှင့် အခြားလိုအပ်ချက်ဖြစ်သည့် ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးပြီး ဈေးကွက်ခိုင်မာစွာရရှိရေးဆောင်ရွက်ပေးရမည့်တာဝန်မှာ မိမိတို့၏တာဝန်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် နည်းပညာနှင့်လူသားအရင်းအမြစ်များကို စက်မှုဝန်ကြီးဌာနနှင့် အေဂျင်စီများ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးနေသည့် နည်းပညာဆိုင်ရာ သင်တန်းများနှင့် ဆွေးနွေးပွဲများမှ ရယူရမည်ဖြစ်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် MSME လုပ်ငန်းများနှင့် သက်ဆိုင်သည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်သားများကို ကျွမ်းကျင်လုပ်သားများနှင့် နည်းပညာရလုပ်သားများဖြစ်စေရန် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အနာဂတ်တွင် လုပ်ငန်းများနှင့် ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိပြီး မိမိကိုယ်ကို ရေရှည်ရပ်တည်နိုင်ရန်အတွက် KG+9 အောင်မြင်ပြီးသူများကို စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်ကာသင်ကြားပေးလျက်ရှိကြောင်း၊ ယင်းအပိုင်းကို အစိုးရပိုင်းနှင့် လုပ်ငန်းရှင်များက နှစ်ဦးနှစ်ဖက် ဟန်ချက်ညီညီဖြင့် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ငွေကြေးအရင်းအနှီးကိစ္စနှင့်ပတ်သက်၍ နိုင်ငံအတွင်းရှိ လုပ်ငန်းရှင်များအနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ MSME ချေးငွေများ ရယူရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးသွားသည့် လုပ်ငန်းရှင်များအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် ငွေကြေးအရင်းအနှီးလိုအပ်ကြောင်း၊ ချေးငွေများထုတ်ချေးရန်အတွက် ချေးငွေစည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများအရ ကန့်သတ်ချက်များရှိကြောင်း၊ အဆိုပါကန့်သတ်ချက်များအနက်မှ ဖြေလျှော့ပေးသင့်သည်များကို ဖြေလျှော့ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **MSME ချေးငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၇၀ အနက်မှ ဘီလီယံ ၁၅၀ ကို MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ဘီလီယံ ၂၀ ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အသုံးပြု ဆောင်ရွက်လျက်ရှိကြောင်း၊** နိုင်ငံတော်ဝန်ကြီးချုပ်က MSME ချေးငွေ ထုတ်ချေးရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီသည့် လုပ်ငန်းရှင်များကို ထုတ်ချေးပေးရန် လမ်းညွှန်ထားကြောင်း၊ ပုဂ္ဂလိကဘဏ်များသည် MSME ချေးငွေလုပ်ငန်းများ လုပ်ဆောင်ရာတွင် သီးခြားဖြစ်နေရာမှ ရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီ၏ ညှိနှိုင်းပေးမှုများကြောင့် ယခုအခါ ပုဂ္ဂလိကဘဏ် ၁၈ ဘဏ်က MSME ချေးငွေများ ဆောင်ရွက်ပေးသွားမည်ကို လုပ်ငန်းရှင်များအား အသိပေးပြောကြားလိုကြောင်း၊ အာမခံလုပ်ငန်းတွင် မူလသတ်မှတ်ချက်အဖြစ် မြန်မာငွေကျပ် သန်း၂၀ ခွင့်ပြုထားရာမှ ယခုအခါ ညှိနှိုင်းဆွေးနွေးမှုများအရ သန်း ၅၀ ချေးနိုင်ရန်အတွက် SOP ရေးဆွဲလျက်ရှိပြီး အာမခံကုမ္ပဏီများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်စိတ်တစ်ပိုင်းမှ ပါဝင်ပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များက နိုင်ငံ့အကျိုးရှေးရှုလျက် ပူးပေါင်းပါဝင်ခြင်းဖြစ်ကြောင်း။

**လုပ်ငန်းရှင်များအနေဖြင့် ရရှိလာသည့်ချေးငွေများကို အကျိုးရှိရှိဖြင့် မိမိတို့၏ MSME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေလုပ်ဆောင်သွားရမည်ဖြစ်**ကြောင်း၊ ထို့ပြင် မိမိထုတ်ကုန်များကို ပြည်တွင်းအတွက်သာမက ပြည်ပအတွက် ပါရည်ရွယ်၍ ကြိုးစားထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်လုပ်သွားနိုင်ရေး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရှိသည့် အေဂျင်စီများက လုပ်ငန်းရှင်များကို အသိပညာပေး၍ တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ခေတ် ဖြစ်သည့်အတွက် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်များ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များက မိမိတို့၏ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်သည့် အရည်အသွေးမီ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး ဈေးကွက် ချိတ်ဆက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြည်ပနှင့်ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေး မိမိတို့လုပ်ငန်းကော်မတီနှင့် အေဂျင်စီများက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် MSME ပြပွဲနှင့် ပြိုင်ပွဲများတွင်လည်း One Stop Service ဖြင့် ပြည်ပပို့ကုန် တင်ပို့လိုသည့် လုပ်ငန်းရှင်များကို မိမိတို့၏ စီးပွားရေးသံမှူးများကတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ချိတ်ဆက်မှုအရ ပို့ကုန်ပေးပို့မှုအပေါ် နိုင်ငံတကာကုမ္ပဏီများနှင့် လုပ်ငန်းကိစ္စဘဏ်များနှင့် ချိတ်ဆက်ရသည့်ကိစ္စရပ်များ၌ Interact ဝန်ဆောင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာရပ်များ၊ စီးပွားရေးဆိုင်ရာ အသုံးချရယူရမည့် နည်းပညာပိုင်းများကို မဖြစ်မနေ ကျွမ်းကျင်စွာ တတ်မြောက်အသုံးပြုတတ်ရန် လိုအပ်ပါကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်လုပ်သားများဖြင့် စံချိန်စံညွှန်းမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ပညာရှင်များဖြင့် နည်းပညာများကို သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ နည်းပညာများကို အသိပညာပေးသင်ကြားသူများအနေဖြင့်လည်း အလွယ်တကူသိလွယ်၊ တတ်လွယ်သည့် သင်ကြားမှုအပိုင်းများနှင့် ဆွေးနွေးမှုအပိုင်းများဖြင့် သင်ကြားဆွေးနွေးပေးရန် လိုအပ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့်အချက်မှာ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်ဖြစ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း သင်တန်းများ ဖွင့်လှစ်၍ လုပ်ငန်းရှင်များနှင့် လုပ်သားများကို နည်းပညာများ၊ စီမံခန့်ခွဲမှုပိုင်းနှင့် ဈေးကွက်ရရှိမှုဆိုင်ရာ စွမ်းရည်များ တိုးတက်လာစေရန် သင်တန်းအမျိုးအစား ၄၄၁ မျိုးကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာန Website များတွင် ဝင်ရောက်လေ့လာနိုင်ကြောင်း၊ သင်တန်းအကြိမ်အရေအတွက် စုစုပေါင်း ၇၂၇၃ ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသားစုစုပေါင်း ၁၅၀၈၁၉ ဦး တက်ရောက်ခဲ့ကြောင်း၊ အဆိုပါ သင်တန်းများအပြင် MSME ကဏ္ဍ၌ လိုအပ်သည့်စွမ်းရည်များ တိုးတက်လာစေရန် ယခုထက်ပိုမိုတိုးတက်ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊ နိုင်ငံအတွင်းရှိသည့်MSMEလုပ်ငန်းများနှင့် မှတ်ပုံတင်လုပ်ငန်းများ အရေအတွက်ကို ကြည့်မည်ဆိုပါက လျော့နည်းနေသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ၊မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းတို့မှ MSMEလုပ်ငန်းများ၊ MSMEနှင့် ဆက်စပ်သည့် စက်ရုံ၊အလုပ်ရုံများ၊သီးခြားပုဂ္ဂလိကစက်မှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ပျက်စီးမှုအမျိုးအစားတစ်ခုချင်းအလိုက် အသေးစိတ်စာရင်းပြုစု၍ နိုင်ငံတော်အကြီးအကဲထံ တင်ပြရာ ချက်ချင်း ချေးငွေထုတ်ပေးရန် သဘောတူခဲ့ကြောင်း၊ ထိုသို့ချေးငွေထုတ်ပေးရာတွင် အပိုင်းနှစ်ပိုင်းရှိကြောင်း၊ ပထမအပိုင်းအနေဖြင့် MSMEချေးငွေအဖြစ် ငွေကျပ်ဘီလီယံ ၁၅၀ ဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့က ငွေကျပ်ဘီလီယံ ၅၀၀ အပါအဝင်ဗဟိုဘဏ်က ဘီလီယံ ၂၀၀ တို့ ပါဝင်သည့် မြေငလျင်ပြန်လည်ထူထောင်ရေး ရန်ပုံငွေတို့ဖြစ်ပြီး SOP ရေးဆွဲလျက်ရှိကြောင်း၊ ငလျင်ဘေးကြောင့်ပျက်စီးသွားခဲ့သည့် MSME လုပ်ငန်းများ၏ စိန်ခေါ်မှုမှာချေးငွေနှင့်ပတ်သက်၍ မူလချေးငွေများကို အချို့ကအချိုးကျပြန်ဆပ်သည်များရှိပြီး အချို့က ပြန်မဆပ်နိုင်သည်များရှိသည့်အပြင် အချို့လုပ်ငန်းရှင်များက နေရာစုံမှ ငွေကြေးချေးငှားမှုများရှိနေမှုအပေါ် စိစစ်ရသည်များလည်းရှိပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူလုပ်ငန်းရှင်များအနေဖြင့် အရင်းအနှီးပြန်လည်ထူထောင်ရေးကိစ္စတွင် အခက်အခဲများရှိပါက အေဂျင်စီများမှတစ်ဆင့် လုပ်ငန်းကော်မတီသို့ တင်ပြစေလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် မိမိလုပ်ငန်းနှင့်ဒေသမှထွက်သည့် ကုန်ကြမ်းကိုအခြေခံပြီး တန်ဖိုးမြင့်ကုန်ချောများထုတ်လုပ်နိုင်ရန်နှင့် ပြည်တွင်းသုံးစွဲမှုမှတစ်ဆင့်ပြည်ပသို့ အရည်အသွေးမြင့်ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်သည် အထိရည်ရွယ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးရည်မှန်းချက်(၂) ရပ်ဖြစ်သည့် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး” တို့ကို စီးပွားရေးဦးတည်ချက်များနှင့် ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ MSME စီးပွားရေးလုပ်ငန်းများကို **စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

ပြည်တွင်းထုတ်ကုန်အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် အမည်သစ်ပို့ကုန်ရရှိရေးဟူသည့် ရည်ရွယ်ချက်များဖြင့် အလေးပေးဆောင်ရွက်ရန်နှင့် MSME လုပ်ငန်းများ ပိုမိုအားပေး မြှင့်တင်နိုင်ရန်အတွက် မူဝါဒပိုင်းဆိုင်ရာများ၊ နည်းပညာပိုင်းဆိုင်ရာများနှင့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးပြီး စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ ထုတ်ကုန်အမျိုးအစားများအလိုက်တူညီသည့် အမျိုးအစား၊ ထုတ်ကုန်များကို စုစည်းနိုင်မှသာ တစ်နှစ်ထွက်ရှိနိုင်သည့် တစ်နိုင်ငံလုံးတစ်နှစ်ထုတ်လုပ်ရရှိနိုင်မည့်ပမာဏ ကိန်းဂဏန်းကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုအချက်များအပေါ်မူတည်၍ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက်စီမံရာတွင် သက်ဆိုင်ရာပို့ကုန်အမည်များအလိုက် နိုင်ငံတကာဈေးကွက်မှ သတ်မှတ်လိုအပ်ချက်များနှင့် ကိုက်ညီစေရေး စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုသို့ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာက ဈေးကွက်တွင် ယုံကြည်မှုရှိသည့်ဈေးကွက်နှင့် ဖောက်သည်အဖြစ်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ အာမခံချက်ဖြင့် ဈေးကွက်ရှာဖွေသည့် အဆင့်သို့ရောက်ရှိအောင် ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ အေဂျင်စီများကMSME လုပ်ငန်းရှင်များကို ကူညီပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊ စနစ်တကျဖြင့်ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး MSME လုပ်ငန်းဖြစ်ရန်အတွက် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပံ့ပိုးပေးရမည့်အပိုင်းနှင့် လုပ်ငန်းရှင်များက ပြန်ပြီးတုံ့ပြန်ပေးရမည့် အပိုင်းများကို ကြန့်ကြာမှုမရှိဘဲ မူဘောင်အတွင်းမှ အဆင့်ဆင့်ချိတ်ဆက်ပြီး အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီ အစည်းအဝေး(၂/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာချာလီသန်းတို့က MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ MSME ချေးငွေဆိုင်ရာကိစ္စရပ်များ၊ MSME လုပ်ငန်းတာဝန်(၁၄)ရပ်နှင့် စပ်လျဉ်း၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ MSME လုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရေးအတွက်သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့်အသင်းအဖွဲ့များမှ ပညာရှင်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့်လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပကုန်စည်ပြပွဲများတွင် MSME ထုတ်ကုန်များပါဝင်ပြသခဲ့မှု၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ပြည်တွင်းပြည်ပ ဈေးကွက်သုတေသနလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိမှု၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် MSMEလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သည့် အကူအညီများ ဆောင်ရွက်ပေးနေမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊မူဘောင်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အသေးစား၊အငယ်စား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းဆွေးနွေး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သည် အစည်းအဝေးတက်ရောက်လာကြသူများ နှင့်အတူ ခင်းကျင်းပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေမှ ထုတ်လုပ်လျက်ရှိသည့် ဒေသထွက် MSME ထုတ်ကုန်များနှင့် ပြည်ပသို့တင်ပို့လျက်ရှိသည့် တန်ဖိုးမြင့် MSME ထုတ်ကုန်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**MSME ချေးငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၇၀ အနက်မှ ဘီလီယံ ၁၅၀ ကို MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ဘီလီယံ ၂၀ ကို MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိ၊ လုပ်ငန်းရှင်များအနေဖြင့် ရရှိလာသည့် ချေးငွေများကို အကျိုးရှိရှိဖြင့် မိမိတို့၏ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေ လုပ်ဆောင်သွားရမည်ဖြစ်...**

☆ **ကျောဖုံးမှအဆက်**

လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ် ခံစားရမှုများကို သဘာဝ တံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသောရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ခိုကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိက သစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနှ၊ မဓမ၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော၊ နံ့ဖြူး(ငှက်)နှင့် ဓနိပင် စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ တင်ကြီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များ ရှင်သန်ပေါက်ဖွားရာဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ် တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



# မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်းအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၂၂ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၂၂ ပါတီအနက် ဦးအောင်ကြည်မြိုင် ခေါင်းဆောင်သည့် **မျိုးဆက်သစ်ဝံသာနုပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။


ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၂၀ အနက် ပါတီ ၁၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ **ကျောဖုံးမှအဆက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်းနှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ ယနေ့ညမှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**



# နောင်ချိုမှာ လမင်းသာပြီ

မောင်ကျော်(ပညာရေး)

မိုးပေါ်မှာ ကြယ်တစ်လုံး
တိမ်ဖုံးပါလို့ လမသာ
သာတဲ့အခါ သာပါလိမ့်မယ်
နတ်ဒေဝါ သူဖန်ဆင်းတယ်
ဖိုးရွှေလမင်း။

လရောင်သည် အေးမြ၏။ အေးမြသော လရောင်သည် ညအခင်းကို သာယာလှပစေ၏။ ညအခင်းတွင် လမင်းကြီးထိန်ထိန်သာနေလျှင်ကြည်နူးချမ်းမြေ့ရ၏။ လန်းဆန်းပျော်မြူးကြရ၏။ စိတ်ခွန်အားတွေ အလိုလိုရလာ၏။ ထို့ကြောင့် ထိန်ထိန်သာသော လမင်းကြီးကို လူတိုင်းနှစ်သက်မြတ်နိုးကြပါသည်။ မက်မောတောင့်တကြပါသည်။

တစ်ခါတစ်ရံတွင် ထိန်ထိန်သာနေသော လမင်းကြီးကို တိမ်မည်း၊ တိမ်ညို၊ တိမ်ပုပ်များက ထိကပါးရိကပါးလာလုပ်ကြသည်။ ထိကပါးရိကပါးလာလုပ်ကြသော တိမ်မည်း၊ တိမ်ညို၊ တိမ်ပုပ်များကြောင့် အေးအေးချမ်းချမ်း၊ သာသာယာယာ၊ လှလှပပနှင့် ပျော်ရွှင်ကြည်နူးချမ်းမြေ့ရသော ညအခင်းသည် အကျည်းတန်ခဲ့ရပါသည်။ ထိုသို့ အကျည်းတန်သောကြောင့် မပျော်ရွှင်မချမ်းမြေ့နိုင်တော့ဘဲ စိတ်ညစ်ညူးကြရကုန်၏။

သို့သော်ငြား အခိုက်အတန့်မျှသာဖြစ်ပါသည်။ တိမ်မည်း၊ တိမ်ညို၊ တိမ်ပုပ်တို့သည် ကြာရှည်စွာရပ်တည်မနေနိုင်သောကြောင့်ဖြစ်ပါသည်။ အနီတိမ်မည်း၊ တိမ်ညို၊တိမ်ပုပ်တို့သည်လေပြည်လေညင်းများ တိုက်ခတ်လာသည့်အခါတွင် လွင့်စဉ်ပျောက်ကွယ်သွားကြရသည် မဟုတ်ပါလော။ ထိုအခါ လမင်းကြီးက ထိန်ထိန်သာနေတော့၏။ ညအခင်းက သာယာလှပနေတော့၏။ ချမ်းမြေ့ကြည်နူးစရာကောင်းလှပါသည်။

နောင်ချိုဟုခေါ်တွင်သော ရှမ်းမြို့လေးသည် ရေမြေတောတောင်အလှနှင့် ပနံရနေ၏။ သဘာဝအလှတရားများကြောင့် သာယာခံ့ထည်နေ၏။ တည်ငြိမ်အေးချမ်းနေ၏။ ခေတ်မီဖွံ့ဖြိုးတိုးတက်နေ၏။ ပျားပန်းခပ်စည်ကားနေ၏။ လူနေမှုအဆင့်မြင့်မားနေ၏။ ပျော်ရွှင်ကြည်နူးဖွယ်အတိဖြစ်ပါသည်။ နောင်ချိုဒေသခံများကလည်း ရိုးသားကြ၏။ စိတ်ထားဖြူစင်ကြ၏။ ဘာသာတရားကိုင်းရှိုင်းကြ၏။ ရိုးရာဓလေ့ထုံးတမ်းစဉ်လာစရိုက်လက္ခဏာများကို လေးစားမြတ်နိုးတန်ဖိုးထားကြ၏။ ပကတိအလှတရားများဖြစ်ပါသည်။ ပကတိအလှတရားများနှင့် ပျော်ရွှင်ချမ်းမြေ့စရာ နောင်ချိုမြို့သည် တိမ်ညို၊ တိမ်မည်း၊ တိမ်ပုပ်များဖြစ်ကြသော TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အခိုက်အတန့်မျှ အကျည်းတန်အရုပ်ဆိုးရရှာသည်။ လရောင်ပျောက်သည့် အမှောင်အောက်တွင် ကြောက်ခမန်းလိလိနေကြရရှာသည်။ တိမ်ညို၊ တိမ်မည်း၊ တိမ်ပုပ်များကြောင့် ညအခင်းသည် လမင်းမသာဖြစ်ရသကဲ့သို့ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ၏ ရက်စက်ဆိုးညစ်မှုအမျိုးစုံ၊ မိုက်ကန်းကောက်ကျစ်မှုအဖုံဖုံတို့ကြောင့်နောင်ချိုမြို့သည် အမှောင်ဖုံးရရှာလေသည်။ TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူများသည် တွေးခေါ်



မြော်မြင်ဆင်ခြင်တုံတရားကင်းမဲ့ကြသူများဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသည့် လမ်းတံတားအဆောက်အအုံများ၊ ရုံးအဆောက်အအုံများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ နောင်ချိုသူနောင်ချိုသားများ၏ အိုးအိမ်တိုက်တာ အဆောက်အအုံများ စသည့်အဆောက်အအုံများကို အကြောင်းမဲ့ဖျက်ဆီးသည်။ ရဟန်းရှင်လူများကို ရမယ်ရှာဖမ်းဆီးပြီး ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်သည်။ ပစ္စည်းဥစ္စာ ရတနာရွှေငွေများကို အတင်းအဓမ္မ အနိုင်ကျင့်လုယက်ခိုးယူသည်။ အေးချမ်းသာယာပျော်စရာကောင်းလှသည့်နောင်ချိုနယ်မြေရှိဒေသခံများသည် ကျီးလန့်စာစားဘဝသို့ နေ့ချင်းညချင်းရောက်သွားကြသည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများသည်လည်း တစ်မုဟုတ်ချင်း ရပ်တန့်သွားသည်။ အခြေမလှတော့သည့် အဆုံးတွင် ကိုယ်လွတ်ရုန်းပြီး အိုးပစ်အိမ်ပစ် စွန့်ခွာထွက်ပြေးကြရ၏။

ပြည်သူလူထု၏ဘဝလုံခြုံရေး၊ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးလည်မသုန်ထမ်းဆောင်နေသော အစဉ်အလာကောင်းသည့် မြန်မာ့တပ်မတော်သည် အကြမ်းဖက်အဖျက်လုပ်ရပ်ဟူသမျှကို လက်ပိုက်ကြည့်နေမည်မဟုတ်။ မိုက်မိုက်ကန်းကန်း၊ ရမ်းရမ်းကားကား အကြမ်းဖက်အဖျက်သမားများကို နောင်ချိုနယ်မြေမှ သည်ဝေးရာဆီသို့ရောက်အောင်တိုက်ထုတ်မောင်းနှင်ပစ်လိုက်သည်။ ထိုအခါမှ နေရပ်စွန့်ခွာနောင်ချိုနယ်မြေဒေသခံတို့သည် "ဟင်း"ခနဲ သက်ပြင်းချနိုင်ကြလေတော့၏။ မိမိနေထိုင်ရာ နောင်ချိုနယ်မြေဒေသ အသီးသီးသို့ တပျော်တပါးပြန်လည်ရောက်ရှိလာကြ၏။

မြန်မာ့တပ်မတော်သည် အကြမ်းဖက် အဖျက်သမားများအပေါ် ''နေလိုမီးလို'' ကျင့်လင့်ကစား အပြစ်မဲ့ပြည်သူလူထုအပေါ် ''လလိုရေလို'' ကျင့်မြဲဖြစ်ပါသည်။ ရန်မူရန်ပြုနေသော TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများကို မူ ရန်သူကဲ့သို့ဆက်ဆံပြီး နောင်ချိုနယ်မြေဒေသခံများကိုမူ တစ်မိတည်းဖွားသွေးသားရင်းချာမောင်နှမများကဲ့သို့ ဆက်ဆံသည်။ ထို့ကြောင့်လည်း မြန်မာ့တပ်မတော်၏ စေတနာမှန်ကိုနားလည်ပြီးသားဖြစ်သည့် နောင်ချိုနယ်မြေနေဒေသခံတို့သည် ကားကြီး ကားငယ်အသွယ်သွယ်စီးပြီး အိုးစည်ဗုံမောင်းတီးကာ ပျော်ပျော်ကြီးပြန်လာကြခြင်းဖြစ်ပါသည်။

နောင်ချိုနယ်မြေရောက် မြန်မာ့တပ်မတော်သားတို့ကလည်း သူတို့ရပ်သူတို့ရွာ၊ သူတို့အိုး သူတို့အိမ်သို့ ပြန်လည်ရောက်ရှိလာကြသော နောင်ချိုနယ်မြေဒေသခံများကို ကိုယ့်ဆွေကိုယ့်မျိုး၊ ကိုယ့်သွေးကိုယ့်သားများ ပြန်လည်ရောက်ရှိလာကြသကဲ့သို့ ဝမ်းသာအားရ နွေးနွေးထွေးထွေး ပွေ့ဖက်ဆီးကြိုကြသည်၊ လတ်တလောစားဝတ်နေရေးအဆင်ပြေအောင် ထောက်ပံ့ကူညီအားပေးကြသည်၊ ကိုယ်ကျန်းမာအောင်ဆေးဝါးကုသပေးကြသည်။ သူတို့အိုး သူတို့အိမ်နှင့် သူတို့ဘဝ သူတို့ခနလုံခြုံအောင် စောင့်ရှောက်ကာကွယ်ပေးနေကြသည်။ TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ ဖျက်ဆီးမှုများကြောင့် ပျက်စီးသွားသည့် လမ်းတံတားများ၊ အဆောက်အအုံများကို ပြုပြင်ပေးကြသည်။ ညစ်ပတ်စုတ်ပြတ် ဖရိုဖရဲဖြစ်နေပြီး အကျည်းတန်အရုပ်ဆိုးသည်များကို သန့်ရှင်းသာယာလှပအောင် ပြုပြင်ပေးကြသည်။ မြန်မာ့တပ်မတော်သားတို့သည် နောင်ချိုနယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် သွေးစက်နှင်းပြီး လမ်းရှင်းပေးရုံသာမက နောင်ချိုနယ်မြေဒေသခံများ၏ ဘဝလုံခြုံရေး၊ စည်သာဝပြောရေး၊ သန့်ရှင်းသာယာ



လှပရေး၊ လူနေမှုအဆင့်မြင့်မားရေး၊ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချွေးစက်နှင်းပြီး ပန်းခင်းပေးနေကြပါသည်။

မြန်မာ့တပ်မတော်က TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများကို လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်များဖြင့် ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းခဲ့ကြရသည်။ သတ္တိဗျတ္တိပြည့်ဝသော မြန်မာ့တပ်မတော်သားတို့က အသက်ကိုပဓာနမထားဘဲ ကျားကုတ်ကျားခဲ၊ ရှုပ်ရှုပ်ချွံချွံ၊ စွမ်းစွမ်းတမံတိုက်ပွဲဝင်ခဲ့ကြရသည်။

ထိုပွဲတွင် မြန်မာ့တပ်မတော်သားတို့၏ ပြောင်မြောက်လှသောစစ်ရေးစွမ်းရည်၊ စစ်ရေးဗျူဟာကို ထုတ်ဖော်ပြသလိုက်ကြသည်။ နောင်ချိုမြေတွင် တွယ်ကပ်နေသော အကြမ်းဖက်သောင်းကျန်းသူများကို အမြစ်ပါမကျန်အောင် ချေမှုန်းမောင်းထုတ်လိုက်ကြသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်ထူလိုက်ကြသည်။ နောင်ချိုမြေတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံသည် တလူလူတလွင့်လွင့်နှင့် မြူးဝင့်လျက်ရှိပေပြီ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း ချက်ချင်းပင် “ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက်အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကိုသင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါများလာစေရန်တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန်’’လမ်းညွှန်မှာကြားလိုက်ပါသည်။

ထို့ကြောင့်နောင်ချိုမြို့ရှိအခြေခံပညာကျောင်းများအမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်နိုင်ငံ့ရင်သွေးကျောင်းသား၊ ကျောင်းသူမောင်မယ်လေးများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့်ပရိဘောဂပစ္စည်းများပြုပြင်ပြီး ကျောင်းဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ကျောင်းအပ်နှံလက်ခံရေးစသည်တို့ကိုမြန်မာ့တပ်မတော်သားများနှင့်အတူဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားမိဘပြည်သူများက တစ်ခဲနက်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည်။

**စာမျက်နှာ ၂၁ သို့**

# သဘာဝဒီရေတောများနှင့် ဒီရေတောဂေဟစနစ်များ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် အတူပူးပေါင်းဆောင်ရွက်



နေပြည်တော် ဇူလိုင် ၂၅

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ကမ္ဘာ့ဒီရေတောများ ရေရှည်တည်တံ့ဖွံ့ဖြိုးစေရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) က ၂၀၁၅ ခုနှစ်မှစ၍ ဇူလိုင် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်များ ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီရေတောများသည် ကုန်းမြေနှင့် ပင်လယ်အကြား ဆက်စပ်ပေးလျက်ရှိသည့် သစ်တောဂေဟစနစ်များဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၃ နိုင်ငံတွင် ဒီရေတောများ ပေါက်ရောက်လျက်ရှိရာ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောဧရိယာ အများဆုံးပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ပြီး ဒီရေတောဧရိယာဧက ၁ ဒသမ ၂၆ သန်းရှိကြောင်း။

မြန်မာနိုင်ငံ၏ ဒီရေတောဂေဟစနစ်တွင် မြစ်ဝကျွန်းပေါ်ရှိ ဒီရေတောများနှင့် ကမ်းရိုးတန်းဒေသရှိ ဒီရေတောများဟူ၍ အမျိုးအစားနှစ်မျိုးရှိပြီး နိုင်ငံ့စားရေရိက္ခာ ဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် များစွာထောက်ပံ့ပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်းတည်ရှိသော ဒီရေတောများ ရေရှည်တည်တံ့စေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဏ္ဏဝါအမျိုးသားဥယျာဉ်များနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့တည်ထောင်ခြင်း၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ သတ်မှတ်ဖွဲ့စည်းခြင်း၊ ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒီရေတောဂေဟစနစ်ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ဆက်စပ်ဌာနနှင့် အဖွဲ့အစည်းများ၊ ပြည်သူများအနေဖြင့်လည်း ဒီရေတောများ၏ အရေးပါပုံကို သိရှိနားလည်ပြီး သဘာဝဒီရေတောများနှင့် ဒီရေတောဂေဟစနစ်များ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် အတူပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Keynote Presentation ကို ရှင်းလင်းတင်ပြပြီး အထိမ်းအမှတ် ဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပိုစတာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

စာမျက်နှာ ၂၀ မှအဆက်

ထို့ပြင်ကျောင်းတက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့်ပညာသင်ကြားပေးကြမည့် ဆရာ၊ ဆရာမများကို နိုင်ငံတော်အစိုးရနှင့်တပ်မတော်က ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ လက်ဝယ်အရောက်ပေးအပ်ချီးမြှင့်လျက်ရှိသည်။ ဇူလိုင်လ ၂၄ ရက်တွင် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ် ၁၈၀၀၀၀ အုပ်၊ ခဲတံ ၃၈၆၀ ဒါဇင်၊ ဘောပင် ၃၀၀၀ ချောင်းနှင့်ကျောင်းဝတ်စုံ ၂၀၀ စုံကိုလည်းကောင်း ဆရာ၊ ဆရာမများအတွက် တပ်မတော်ကချီးမြှင့်ပေးအပ်သည့် ကျောင်းဝတ်စုံ ၁၇၆ စုံကိုလည်းကောင်း ဖြန့်ဝေပေးအပ်နိုင်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည်တာဝန်ရှိသူများနှင့်အတူ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်တွင် နောင်ချိုမြို့သို့သွားရောက်ခဲ့ပြီး အောင်ပွဲဝင်၊ အောင်ပွဲဆင်၊ အောင်လံတင်နိုင်ခဲ့ကြသော မြန်မာ့တပ်မတော်သား အရာရှိ၊ စစ်သည်များနှင့်တွေ့ဆုံကာ ဂုဏ်ပြုချီးကျူးအားပေးသည်။ စစ်မြေပြင်တွင် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော စစ်သည်များကို စစ်မြေပြင်တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ပေးကာ အဆင့်တံဆိပ်များ တပ်ဆင်ပေးခဲ့သည်။ အရာရှိ စစ်သည်များအတွက် စားသောက်ဖွယ်ရာများကိုပါ ပေးအပ်ခဲ့သည်။ ထို့ပြင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများကိုလည်း တွေ့ဆုံပြီး အားပေးစကားပြောကြားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

အခိုက်အတန့်အားဖြင့် တိမ်ညို၊ တိမ်မည်း၊ တိမ်ပုပ်တို့ကြောင့် လမင်းမသာနိုင်ခဲ့သော နောင်ချိုမြို့သည် မြန်မာ့တပ်မတော်သားတို့၏ စွမ်းရည်စွမ်းပကားကြောင့် ယခုအခါလမင်းထိန်ထိန်သာနေပြီဖြစ်သည်။ အေးချမ်းသာယာသည်နှင့်အမျှ ပျော်မွေ့ဖွယ်ကောင်းသောအခြေအနေသို့ အားလုံးကိုယ်စီတူညီစွာ ဆက်လက်လျှောက်လှမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြင်းပြသောဆန္ဒ၊ မွန်မြတ်သောအာသီသနှင့်အညီ အုပ်ချုပ်ရေးယန္တရားများ ပုံမှန်လည်ပတ်နိုင်ခဲ့လေပြီ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ခဲ့လေပြီ။ နောင်ချိုမြို့တစ်ခွင်နှင့် ဆက်စပ်ဒေသအသီးသီး၌ လူ့စွမ်းအားအရင်းအမြစ်များထွန်းသစ်လာအောင် သင်ကြား၊ လေ့ကျင့်၊ ပြုစု၊ ပျိုးထောင်၊ မွေးမြူပေးရာ အခြေခံပညာကျောင်းများမှ ခေါင်းလောင်းသံတို့သည်လည်း ချိုလွင်နေပြီဖြစ်ပါသတည်း။




**မြန်မာ့တပ်မတော်သားတို့သည် နောင်ချိုနယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် သွေးစက်နှင့်ပြီး လမ်းရှင်းပေးရုံသာမက နောင်ချိုနယ်မြေဒေသခံများ၏ ဘဝလုံခြုံရေး၊ စည်သာဝပြောရေး၊ သန့်ရှင်းသာယာလှပရေး၊ လူနေမှုအဆင့်မြင့်မားရေး၊ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ချွေးစက်နှင့်ပြီး ပန်းခင်းပေးနေကြပါသည်။**

---

## အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာသတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့်အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

# နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲများပြုလုပ်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်များဖြစ်သည့် အမျိုးသား၊ အမျိုးသမီးပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေး ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘော ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီးအသင်း ၁၁ သင်းစီဖြင့် ဩဂုတ် ၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အလားတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် ဖြစ်သည့် ရွှေဘိုတပ်နယ်အသင်းနှင့် မုံရွာ တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှု များကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့ များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဩဂုတ် ၁ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှု တွေ့ရစဉ်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြား ထားသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် အဖြစ် ပြိုင်ပွဲဝင်အားကစားသမားများ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေး ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၀ သင်းဖြင့် ဩဂုတ် ၁ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (၅၀၁)

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) သရုပ်ပြရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး အရာရှိ၊ စစ်သည်၊ မိသားစုများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တွင် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်း နှင့် မဲပေးစက်လက်တွေ့သရုပ်ပြမဲပေးခြင်း ကို ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ မေဃဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ တက်ရောက် ကြသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် အသုံးပြု၍ မဲပေးခြင်းရည်ရွယ်ချက်များ နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုများ က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)တွင် လက်တွေ့သရုပ်ပြစမ်းသပ် မဲပေးခြင်း၊ တာဝန်ရှိသူများက မဲရလဒ်များ အား ထုတ်ယူကြည့်ရှုစစ်ဆေးခြင်းများကို သရုပ်ပြသကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူ များက လိုက်လံကြည့်ရှုအားပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ပြုလုပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် မြိတ်လေတပ်စခန်းဌာနချုပ်အသင်းကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူ များ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင် များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစား သမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာ ကြသူများက မြိတ်လေတပ်စခန်းဌာနချုပ် အသင်းနှင့် တိုင်းစစ်ဌာနချုပ် (စခန်းရုံး) အသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှု များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းအကောင်းဆုံး ဆုရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော မြိတ်လေတပ်စခန်း ဌာနချုပ်အသင်းတို့ကို ဒိုင်းဆု၊ ဂုဏ်ပြု ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်း ရရှိသည်။ (၅၀၁)

## မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY-PDF အဖွဲ့ဝင် ၁၅ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၅

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက်အလေးထား ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့်နယ်မြေများကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ၂၄ ရက်ထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY-PDF အဖွဲ့ဝင် ၂၄ ဦး စုစုပေါင်း ၆၉ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

ယနေ့တွင်လည်း MDY-PDF အဖွဲ့မှ အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၅ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းများကြောင့် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည်လက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကာ မိဘအုပ်ထိန်းသူများထံကို စနစ်တကျ ပြန်လည် လွှဲပြောင်းအပ်နှံပေးလျက်ရှိသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သူများ ဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အဖွဲ့သို့ မဝင်ရောက်ပါက မိဘဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းကိုခံခဲ့ရကြောင်း၊ ထို့ပြင် တောတွင်း၌ ပင်ပန်းကြမ်းတမ်းစွာဖြင့် အနေဆင်းရဲ၊ အစားဆင်းရဲ နေထိုင်ခဲ့ရကြောင်း၊ ၎င်းတို့အဖွဲ့အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက် အနိုင်ကျင့် ဗိုလ်ကျ လူမျိုးရေးခွဲခြားဆက်ဆံခံရခြင်း၊ အဆင့်အတန်းခွဲခြားဆက်ဆံခံရခြင်းများ ရှိကြောင်း၊ တပ်မတော်၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)များဆင်နွှဲမှုတွင် အကျအဆုံး များပြားလာသဖြင့် ခုခံနိုင်ခြင်းမရှိတော့၍ ဆက်လက်တိုက်ခိုက်လိုခြင်းမရှိခြင်းကြောင့် အသက်ရှင်သန်ရေးအတွက် အခက်အခဲ ဒုက္ခမျိုးစုံကြားမှ ထွက်ပြေးတိမ်းရှောင်နေရခြင်းများကြောင့် စိတ်ဓာတ်များကျဆင်းလာခြင်း၊ အကြမ်းဖက်သမားများ၏ လုပ်ရပ်များသည် အပြစ်မဲ့ပြည်သူများအတွက် လူမှုစီးပွားဘဝများ များစွာ ထိခိုက်နစ်နာသည်ကို သိရှိနားလည်လာခြင်း၊ မိသားစုများနှင့်အတူ ယခုကဲ့သို့ နွေးနွေးထွေးထွေး ပြန်လည်နေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်စွန့်ခွာလာပြီး နီးစပ်ရာ တပ်မတော်စခန်းများမှ တစ်ဆင့် ဥပဒေဘောင်အတွင်းကို ပြန်လည် ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ထို့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို နွေးထွေးစွာ ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"အကြမ်းဖက် အဖွဲ့အစည်းထဲကို ရောက်သွားရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို လိမ်ညာပြောဆိုပြီးတော့ ခေါ်ခြင်းဖြစ်ပါတယ်။ သင်တန်းရောက်သွားတဲ့အခါကျတော့ ကျွန်တော်သင်တန်းမတက်ချင်ဘူးလို့ သူတို့ကိုပြောတယ်။ သူတို့က သင်တန်းမတက်လို့ မရဘူးလို့ ပြောပါတယ်။ သင်တန်းမတက်ရင် မင်းကို သတ်ပစ်မယ်။ ထောင်ချပစ်မယ်လို့ ပြောတဲ့အခါကျတော့ ကျွန်တော် ကြောက်ပြီးတော့ တက်ခဲ့ရပါတယ်။ သင်တန်းကာလအတောအတွင်းမှာလည်း အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ မပြည့်စုံမှုတွေအများကြီး ကြုံခဲ့ရတယ်။ ဥပမာ- တစ်ရက်လုံးကို ရှူးရှဲတစ်ထုပ်ထဲနဲ့ စားရတာမျိုးတို့၊ ရေနဲ့ ထမင်းနဲ့ စားရတာမျိုးတို့ အစရှိတဲ့ အခက်အခဲတွေအများကြီးရှိခဲ့ပါတယ်။ ကျွန်တော်တို့နဲ့အတူတူ သင်တန်းလာတက်တဲ့ ကောင်မလေးတွေ အများကြီးပါတယ်။ အဲ့ဒီမိန်းကလေးတွေကို သူတို့ဆီက အထက်အရာရှိဆိုတဲ့ သူတွေက ထိကပါး ရိကပါးစော်ကားတာတို့၊ မထီမဲ့မြင်ပြုတာတို့ အဲဒီလိုတွေ အများကြီးတွေ့တယ်။ တွေ့ရတဲ့အခါမှာလည်း ကျွန်တော်တို့က ပြောချင်ပေမယ့်လည်း ကျွန်တော်တို့က ပြောပိုင်ခွင့်မရှိဘူး။ ကျွန်တော်တို့ရှေ့မှာ ပြောခဲ့တဲ့သူတွေကိုလည်း ဆွဲထုတ်ပြီး ရိုက်တာတို့၊ အကျဉ်းချတာတို့၊ သတ်ပစ်တာတို့ကို ကိုယ်တွေ့ကြုံခဲ့ရတယ်။ အဲဒီလိုတွေကြောင့် ကျွန်တော်တို့မှာ ပြောချင်ပေမယ့် မပြောရဲဘူး။ အဲဒါကြောင့် ကျွန်တော့်



အနေနဲ့ သင်တန်းသုံးလကို ပြီးအောင်တက်ခဲ့တယ်။ သင်တန်းတက်ပြီး သင်တန်းဆင်းတဲ့အခါမှာ မတ္တရာဘက်မှာ တာဝန်ထမ်းဆောင်ရတယ်။ အခုမှ သင်တန်းဆင်းကာစရှိသေးတဲ့သူကို ရှေ့တန်းကိုတန်းပို့တယ်။ ပို့ပြီးတဲ့နောက်ပိုင်း သူတို့အရာရှိတွေ၊ အမိန့်ပေးတဲ့သူတွေအားလုံးက အနောက်ကနေပဲ အမိန့်ပေးတယ်။ တပ်မတော်ဘက်ကနေ အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတဲ့အခါမျိုးကျရင် ကျွန်တော်တို့မှာ အသက်ကို မသေအောင်နေရတယ်။ နောက်ပြန်ဆုတ်ချင်လို့ သူတို့ဆီ အမိန့်တောင်းတယ်။ အဲလိုကျရင် မင်း နောက်ပြန်ဆုတ်ရဲဆုတ်ကြည့် ဆုတ်ရင် ပစ်သတ်ပစ်မယ်။ ဆုတ်သွားတဲ့သူတွေကိုလည်း နောက်မှာ ထောင်ချတာတို့ အစဖျောက်ပစ်တာတွေလည်း အများကြီးရှိတယ်။ ဒါက ကျွန်တော်တို့ ကိုယ်တွေ့ဆိုတော့ ဘယ်လိုမှမပြောရဲဘဲနဲ့ ကိုယ့်အသက်ကို လုံခြုံအောင်မွေးနေရတဲ့ အခိုက်အတန့်တွေ အများကြီးရှိတယ်။ အဲ့ဒီလိုတွေနေရလို့ ကျွန်တော်တို့ မြန်မာ့တပ်မတော်ဘက်ကို အလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချတယ်။ သူတို့လိုင်းပေါ်မှာတင်ထားသလို တပ်မတော်သားတွေကိုလည်း အလင်းဝင်ကြပါ။ အလင်းဝင်ရင် ဆုကြေးငွေဘယ်လောက်ပေးမယ်ဆိုပြီး ပြောတာတွေက အလိမ်အညာတွေပါ။ အရင်တုန်းက ကျွန်တော်တို့ဆီမှာ တပ်မတော်သား သုံးလေးယောက်လောက် အလင်းလာဝင်တာ မြင်ခဲ့ဖူးတယ်။ ရောက်ရောက်ချင်းပဲ သေနတ်ယူပြီး တစ်ခါတည်းသတ်ပစ်တာ။ သတ်ပစ်ပြီးတဲ့အခါမှာလည်း ကျွန်တော်တို့ကို မင်းတို့လည်း တပ်မတော်ဘက်ကို အလင်းဝင်ရင် ဒီလိုပဲ သတ်ပစ်ခံရမှာပဲ ဆိုတဲ့ ဝါဒမှိုင်းတွေက ခေါင်းထဲကိုဝင်ထားတော့ ကျွန်တော်တို့လည်း အလင်းဝင်ဖို့ နှောင့်နှေးခဲ့တယ်။ အလင်းဝင်သွားတဲ့ သူငယ်ချင်းတွေလည်းရှိတယ်။ အလင်းဝင်သွားတဲ့သူငယ်ချင်းတွေနဲ့ ချိတ်ဆက်မေးမြန်းကြည့်တော့ အဆင်ပြေတယ်ဆိုလို့ ကျွန်တော်တို့အဖွဲ့တွေ အရဲစွန့်ပြီးတော့ အလင်းဝင်ခဲ့တယ်။ သူတို့ပြောထားတဲ့အတိုင်းမဟုတ်ဘဲနဲ့ တပ်မတော်ဘက်က ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုတယ်။ မိဘတွေထံကိုလည်း ပြန်အပ်ပေးတယ်။ ပြောချင်တာကတော့ အထဲမှာရှိတဲ့ ညီအစ်ကို၊ မောင်နှမတွေအကုန်လုံးကို အလင်းဝင်ဖို့ တိုက်တွန်းချင်ပါတယ်။ ကျွန်တော်ဆိုရင်လည်း မိဘ၊ မိသားစုတွေနဲ့ အေးအေးချမ်းချမ်း နေချင်တဲ့အတွက် အလင်းဝင်လာခြင်းဖြစ်ပါတယ်။ အိမ်ကို ကောင်းကောင်းမွန်မွန် ပြန်ပို့ပေးတယ်။ တောထဲမှာရှိတဲ့ ညီအစ်ကို၊ မောင်နှမတွေ အလင်းဝင်မယ်ဆိုရင်လည်း ကျွန်တော်တို့ကိုဆက်သွယ်နိုင်တယ်။ အကူအညီပေးဖို့လည်း အဆင်သင့်ရှိနေပါတယ်" ဟု ပြောသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် နေ့အပူချိန်များ

၂၅ - ၇ -၂၀၂၅

| | | | | |
|---|---|---|---|---|
| မချမ်းဘော | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ကော့သောင်း | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြိတ် | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |

ဝတ္ထုတိုကလျာ

# မိုးမြေအနှံ့ရှိနေမှာပါလေ

## ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

(၃)

အောင်ဘသည် မနက်စောစော ဝေလီဝေလင်းကပင် အိပ်ရာထသည်။ ခါတိုင်း လယ်ထဲ ကိုင်းထဲဆင်းသလိုပဲ ဇနီးသည် မဖံနုဖြူ စောစောစီးစီး ချက်ထားသော ထမင်းဟင်းကိုစားပြီး ကားဂိတ်သို့ထွက်လိုက်၏။ ကားဂိတ်တွင် ဟိုရွာ သည်ရွာ ပတ်ဝန်းကျင်ရွာများက တစ်ယောက်တည်းတစ်မျိုး နှစ်ယောက်တစ်တွဲ သုံးယောက်တစ်ဖုံ စသည်ဖြင့် ခြေကျင်လျှောက်လာကြသည်။ မြစ်ချောင်းအစပ် အောက်ရွာဘက်က ခရီးသည်များကတော့ လှေကလေးလှော်ပြီး ရောက်လာကြသည်။

မနက် ၉ နာရီဝန်းကျင်မှာပဲ စစ်တွေ–မြောက်ဦး–မင်းပြားဘက်မှ ရန်ကုန်ပြန် ခရီးသည်တင်ကားကြီး ဆိုက်လာခဲ့ရာ ကိုအောင်ဘ သူ့ခုံနံပါတ်ကိုရှာပြီး စီးနင်းလိုက်ပါလာခဲ့သည်။ ကိုအောင်ဘတွင် သီလရှင်ဆရာကြီး ဒေါ်ဣန္ဒစာရီတို့ စာသင်တိုက်အတွက် အလှူပစ္စည်းအဖြစ် ပင်မှည့်ငှက်ပျောတစ်ခိုင်၊ ကကူရံ ညှင်းပါးခြောက်တစ်ကောင်၊ ပျားရည်နှစ်ပုလင်း သယ်လာခဲ့သည်။

ရခိုင်ရိုးမတောင်ခြေ တောင်စွယ်တောတန်းများကို ဖြတ်သန်းမောင်းနှင်လာသော ခရီးသည်တင်ကားကြီးသည် အမ်းမြို့နယ် ပဲပဒုံဂိတ်တွင်ရပ်နားပြီးလျှင် ရခိုင်ရိုးမတောင်တန်းကြီးပေါ်တွင် မြွေလိမ်မြွေကောက် ကွေ့ကာကောက်ကာ ဖောက်လုပ်ထားသော အမ်းတောင်ကြားလမ်းအတိုင်း တောင်ထိပ်ပေါ်ရောက်လိုက် တောင်အောက်ရောက်လိုက် တောက်လျှောက်မောင်းနှင်နေပေတော့သည်။ ကိုအောင်ဘကတော့ ကြည့်လေရာရာမြင်လေရာရာ အထူးအဆန်းတွေချည်းဖြစ်နေပေတော့သည်။

ရခိုင်ရိုးမတောင်တန်းကြီးက ကျော်ဆင်းလိုက်လျှင် မကွေးတိုင်း ပဒါန်းသို့ရောက်ရှိလာပြီး ပုသိမ်–မုံရွာလမ်းအတိုင်း မောင်းနှင်လာခဲ့သည်။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီး နဝဒေးတံတားကိုဖြတ်ကျော်စဉ် ဧရာဝတီမြစ်ကြီးကိုမြင်တွေ့ခဲ့ရာ ကိုအောင်ဘရင်ထဲမှာ ကျေနပ်သလိုဖြစ်သွားပြီး အာရုံစူးစိုက်ကြည့်လိုက်မိသည်။ ကျောင်းနေစဉ် မူလတန်းဆင့်အရွယ်ကပင် ဧရာဝတီမြစ်ဆိုသည်ကို ကြားဖူးသည်။ ကျောင်းသင်ဘာသာရပ်မှာ ကျက်မှတ်ဖူးသည်။ ဧရာဝတီသည်ကား မြန်မာ့သမိုင်းကို ပြောပြနိုင်သည်။ ဒေသအလိုက် လူသားတို့အတွက် ဝမ်းရေးကိုလည်း ကူညီပေးသည်။

ကိုအောင်ဘ ကြာအင်းတောင်ကားဂိတ်မှ တက်စီးလာခဲ့သည်တွင် နောက်တစ်နေ့မနက် ၁၀ နာရီခန့်တွင် ရန်ကုန်မြို့ကြီးသို့ ရောက်လာခဲ့ပေတော့သည်။ ကိုအောင်ဘ တက္ကစီတစ်စီးကိုခေါ်ပြီး ဆရာတော် ဦးဇဝနဆီက ရယူလာခဲ့သော လိပ်စာအတိုင်း ပို့ခိုင်းလိုက်၏။ နာရီဝက်လောက်ပဲ ကြာလိမ့်မည်ထင်ပါသည်။ တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ပင်းယ (၁၁) လမ်းရှိသီလရှင်ဆရာကြီးဒေါ်ဣန္ဒစာရီ၏ အေးမြသီတာ သီလရှင်စာသင်တိုက်သို့ ရောက်လာခဲ့ပါလေပြီ။

ကိုအောင်ဘက အကျိုးအကြောင်းကိုလျှောက်တင်ပြီး သမီးလေးကို ကျောင်းထားလိုကြောင်း ပြောပြလိုက်သည်။

"ရပါတယ် ဒကာကြီးရယ် သမီးလေးကျောင်းနေမဲ့ကိစ္စပဲ ဒီမှာနေလို့ရပါတယ်။ ဒီရပ်ကွက်မှာ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းဆိုတာရှိတယ်။ သိပ်မဝေးဘူး ရွာမှာဆို တစ်ခေါ်လောက်ပေါ့။ ကျောင်းအုပ်ကလဲ ရခိုင်ကျွန်းစဉ်ဘက်ကပဲ။ သမီးလေးကို သီလရှင်ကိုယ်တိုင် သွားအပ်ပေးမယ်"

"ကျေးဇူးကြီးလှပေတယ်ဗျာ။ ကျွန်တော့်မှာ ဒီသမီးလေး အထက်တန်းပညာကို ဆက်သင်ဖို့အတွက် မြို့မှာရင်းရင်းနှီးနှီးမရှိလို့ စိတ်ဒုက္ခဖြစ်နေရတယ်"

"အခုလို သီလရှင်ဆရာကြီးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုလိုက်တယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာရပါတယ်ဗျာ"

"ရပါတယ် ဘာမှကိစ္စမရှိပါဘူး ပညာလိုသူအတွက် လမ်းကောင်းရအောင် အထောက်အကူပေးတာပေါ့နော်။ မနှစ်ကလဲ မိန်းကလေးတစ်ယောက် သီလရှင်ဝတ်နဲ့ပဲ ဒီကျောင်းက ဆယ်တန်းစာမေးပွဲဖြေတာ အောင်သွားတယ်လေ။ အခုအဝေးသင်တက်ပြီး ဘွဲ့ယူအုံးမယ်။ အဲဒီသီလရှင်က ပရိယတ္တိဘက်မှာလဲ သာသနဓဇဓမ္မာစရိယ အောင်ပြီးသားလေ။

"ဟုတ်ကဲ့ပါ ဝမ်းသာပါတယ်ဗျာ"

ရေစက်သူအတွက် ရေပေးသူနှင့်တွေ့သည် ဟုပဲဆိုရလေမလား။ သမီးလေးအတွက် ဖြစ်စေချင်သည့်ဆန္ဒတစ်ခု ဖြစ်ခွင့်ရလိုက်သည့် ကိုအောင်ဘအတွက် အပျော်ရင်လှိုင်းခတ်သည်ဟု ဆိုရပေလိမ့်မည်။

(၄)

ကိုအောင်ဘမှာ သမီးလေးကို အထက်တန်းပညာသင်စေဖို့အတွက် ရန်ကုန်မြို့တော်ကြီးသို့ ပို့ထားပြီးဖြစ်၍ သမီးလေးရှေ့ရေးကိုတွေးပြီး ပျော်နေပေတော့သည်။ သမီးလေးကျောင်းစရိတ်၊ မုန့်ဖိုး၊ အခြားအထွေထွေစရိတ်တို့အတွက် ငွေလိုသည်။ လစဉ်ပုံမှန်ငွေပို့နိုင်ရမည်။

ကိုအောင်ဘ ကိုင်းထဲက ငှက်ပျောသီး၊ သဘော်သီး၊ သရက်သီးများကို ခူးလိုက်သည်။ ငှက်သမ္ဗာန်လှေလေးတစ်စီးပြည့်ဖို့ နည်းနည်းပဲလိုသည်။ လယ်ထွက်ကောက်ညှင်းဆန်နှင့် အခြားလယ်နီးနားချင်းများဆီက ကောက်ညှင်းဆန်များကို နိုင်သလောက်ကောက်ဝယ်လိုက်ရာ လှေတစ်စင်းစာပစ္စည်းပြည့်သွားတော့သည်။

ကိုအောင်ဘကား သမီးလေးပညာရေးအတွက် ပံ့ပိုးနိုင်အောင် မိဘမေတ္တာပြည့် နှလုံးသားဖြင့် ကြိုးစားနေပေတော့သည်။ ကိုအောင်ဘ လှေထိုးသားနှစ်ယောက်ငှားလိုက်သည်။ ရာသီပြင်းကာလသို့ မရောက်သေး၍ မြေပုံမြို့တည်ရာ အငူမော်အောက်ဘက် ဟန်တာပင်လယ်ကိုဖြတ်၍ ပေါက်တောမြို့နယ် ဖရုံကာကျွန်းများဘက်သို့ ဦးတည်ပြီး ရွက်လွှင့်လိုက်၏။ လေတိုးအားကို အနေတော်လေခံနေရသော ငှက်သမ္ဗာန်လှေမှာ ပင်လယ်ရေပြင်လှိုင်းတိကလေးများကိုဖိနင်းရင်း တရှဲရှဲအသံပေးကာ ပြေးနေပေတော့သည်။

ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည် xxx လူမွဲတွေကမနေ့းခေတ်မီ သူဋ္ဌေးဖြစ်တော့မည် xxx ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါမည် xxx ရတနာခုနစ်သွယ် တကယ်ပင်စုံညီတို့အမျိုးသားတိုင်းပြည် xxx မွဲတဲ့လူလူ့ဒါန်းနိုင်မည် xxx ကျောင်းဆောက်ကာ ဘုရားပါတည် xxx ဘိုးဘိုးအောင်နဲ့ ရှင်အဇ္ဈဂေါဏတို့ မတဲ့ကိန်းဆိုက်မည် xxx

မြစ်ရေပြင်ထဲ ငှက်သမ္ဗာန်လှေလေး တိုးဖောက်ပြီး ထွက်ပေါ်လာသောရေလှိုင်းသံတို့မှာ ကိုအောင်ဘ၏ နဂါးနီသီချင်းသံအတွက် တီးကွက်သဖွယ်ဖြစ်နေပေတော့ရာ နားထောင်လို့ပင် ကောင်းသလိုလိုရှိနေပေတော့သည်။

ကိုအောင်ဘ သမ္ဗာန်လှေကို တစ်နေကုန်ရွက်လွှင့်လိုက်ရာ နေဝင်ရီချိန်တွင် ပေါက်တောမြို့နယ် ကျွဲကူးမြစ်၏လက်တက် တောင်ချောင်းချောင်းထဲသို့ ရောက်ရှိခဲ့သည်။ တောင်ချောင်းရွာအနီး ကျောက်ပြင်ဆိပ်မှာပဲ ရပ်နားပြီး ထမင်းဟင်း စားသောက်ကြသည်။

နောက်တစ်နေ့ မနက်လင်းစအချိန်တွင် အရှေ့လေနှင့် အလွမ်းသင့်နေသဖြင့်ရွက်ဖွင့်ပြီး ကုလားတန်မြစ်ဝကျယ်ကို ခားလွယ်ခုတ်ဖြစ်ကူးလိုက်သည်။ လေတိုးအားနည်းမှုကြောင့် လှေအသွားနည်းသကဲ့သို့ဖြစ်နေပေရာ ပင်လယ်လေ ပြန်တက်လာပြီး လှိုင်းကပါ မြောက်လာရာ ငှက်သမ္ဗာန်လှေကလေးမှာ လှိုင်းလုံးများကြား မရွေ့ချင်ရွေ့ချင် အခြေအနေမျိုးကြောင့် ကိုအောင်ဘရင်ထဲ ထိတ်ထိတ်ပျာပျာဖြစ်လာသည်။ လှိုင်းလုံးများမှာ ငှက်သမ္ဗာန်လှေကို ပုခက်လွှဲသလို လှုပ်ယမ်းစေခဲ့လေပြီ။

"ဟော့ မင်းတို့ဒီလိုနေလို့မရဘူးဟ။ တက်ကူပေးရတယ်"

လှေသမားနှစ်ယောက်မှာလည်း စိုးရိမ်စိတ်ဝင်ကာ ခတ်တက်နှစ်ချောင်းဖြင့် မနားတမ်းခတ်လိုက်ကြသည်။ ပဲ့ကိုင် ကိုအောင်ဘကလည်း ရေအကဲအလဲကို အလိုက်သိစွာ လှေကိုရေစုန်ခံပေးလိုက်ရာ မြစ်လယ်သောင်ခုံဆင်ခြေလျှောက ပိုက်တန်းကိုကျော်ပြီး မြို့ဘက်ရေဆွဲသို့ ရောက်သွားတော့သည်။ စစ်တွေမြို့ မြို့လယ်ချောင်းကမ်းခြေသို့ ရောက်သွားမှ ကိုအောင်ဘ အသက်ဝဝရှူနိုင်ပေတော့သည်။ နေမွန်းမတည့်မီမှာပင် စစ်တွေမြို့ မြစ်နားတန်း ကမ်းနားလမ်း ပွဲရုံတန်းဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပါလေသည်။ ကိုအောင်ဘ ပွဲရုံတန်းသို့ဝင်ကာ နမူနာပစ္စည်းတွေပြပြီး ကြေညာလိုက်ရာပစ္စည်းကောင်းအမျိုးမှန်မို့ အဖိုးတန်ခဲ့ရလေပြီ။ ဟိုကပေးပါ သည်ကပေးပါ စသည်ဖြင့် ဝယ်လက်များကမ်းလှမ်းမှုကြောင့် ပစ္စည်းများချက်ချင်းရောင်းထွက်ခဲ့လေတော့သည်။

ကိုအောင်ဘ၏အိမ်ပြန်ခရီးကား အိမ်ပြန်မော့မော့ဟုဆိုရပေမည်။ အလုပ်ကို အလုပ်ကသင်သည်ဟုများပြောရလေမလားမသိ။ ကိုအောင်ဘ စစ်တွေမြို့မှအပြန်တွင် ကိုယ့်ရပ်ကိုယ့်ရွာမှာ ဈေးပေါပေါနှင့်ရောင်းချနိုင်မည့် လူသုံးကုန်ပစ္စည်းများကို ဝယ်ယူခဲ့သည်။ ရွာသို့ရောက်လျှင် ရွာရိုးကိုးပေါက် လျှောက်အော်ပြီး ရောင်းလိုက်ရာ ချက်ချင်းရောင်းထွက်ခဲ့သည်။ ခရီးတစ်ခေါက်တွင် အသွားကုန်ရောင်းအားကောင်းမှုကြောင့် အဆင်ပြေသလို အိမ်အပြန်ကုန်မှာလည်း တစ်ချီအကျိုးပြုပြန်ရာ ကိုအောင်ဘ၏ခရီးမှာ နှစ်သီးစားခရီးဟုတောင်ဆိုနိုင်ပေတော့သည်။

ကိုအောင်ဘမှာ သမီးကျောင်းနေစရိတ်အတွက် ငွေရှာလမ်းကြောင်း ရခဲ့ပြီဟုဆိုရပေမည်။ ကိုယ့်ခြံထွက်အသီးအနှံအပြင် အခြားခြံစိုက် တောင်သူများဆီကပါ ကောက်ဝယ်ပြီး တစ်လတစ်ကြိမ် ကုန်သွယ်ခရီးပေါက်ခဲ့လေပြီ။ ရာသီပြောင်းချိန်ဆို မြေပုံအငူမော်အောက်ဘက် ဟန်တာပင်လယ်ကိုဖြတ်ပြီး ရွက်လွှင့်သည်။ မိုးတွင်းရာသီများဆို မင်းကြောင်းမြစ်အတိုင်း ဆန်တက်ပြီး ကြက်စင်တောင်မော်အရောက်တွင် ရေကျဖြင့်စုန်ဆင်းပြီး ပေါက်တောမြို့အောက်ဘက် ကျွဲကူးမြစ်ဝအရောက်တွင် ကုလားတန်မြစ်ကို ဖြတ်သန်းပြီး စစ်တွေမြို့သို့သွားသည်။ ကိုအောင်ဘ သမီးလေးအတွက် ကုန်သည်ဘဝသို့ ရောက်မှန်းမသိ ရောက်ခဲ့ရှာလေပြီတည်း။

(၅)

ရခိုင်တောင်စဉ်ကမ်းက အထက်တန်းကျောင်းသူလေး မနှင်းဖုံဖြူမှာ မိဘပေးပို့သော ကျောင်းစရိတ်၊ မုန့်ဖိုး၊ အထွေထွေအသုံးစရိတ် စသည်ဖြင့် ချင့်ချိန်ပြီး မျှတစွာသုံးသည်။ ထမင်းဟင်းကို မနက်စာဆိုလျှင် သီလရှင်ဆရာကြီးက စွန့်သည်။ ညနေစာကိုတော့ ကိုယ်တိုင်ချက်စားသည်။ မိန်းကလေးဆိုတော့ ချက်ရေးပြုတ်ရေး အခက်အခဲမရှိခဲ့။

မနှင်းဖုံဖြူမှာ မိဘပိုက်ဆံ မချမ်းသာသော်လည်း သားသမီးအပေါ် ထားရှိသော မိဘမေတ္တာကြောင့် ရသလောက်ဝင်ငွေလေးကို စည်းကမ်းတကျသုံးသည်။ မကုန်သင့်တာမကုန်ရလေအောင် ချွေတာသည်။ မိဘနှင့်သားသမီး အပြန်အလှန်ကျေးဇူးပြုနေကြသည်။

စာမျက်နှာ ၂၅ သို့ ➤

# ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၈၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၈၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၂၂၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၈၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လဲ ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံအနေနဲ့ကော၊ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်စေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ် ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# သရက်မြို့နယ် ထန်းရုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုလုပ်ငန်း စစ်ဆေး

**သရက် ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ရေဖြူကျေးရွာအုပ်စု ထန်းရုံကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုလုပ်ငန်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ထန်းရုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထန်းရုံကျေးရွာ၌ လမ်းအရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်း၊ Slab Culvert တစ်စင်းနှင့် ရေကျော်တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၆၈ သန်းအသုံးပြု၍ ရွှေမန်း(မကွေး)ကုမ္ပဏီက ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဆက်လူ**

➤ **စာမျက်နှာ ၂၄ မှအဆက်**

မနှင်းဖိဖြူမှာ ပင်ကိုစရိုက်လိမ္မာပြီးသားဖြစ်၍ အုပ်ထိန်းသူသီလရှင်ဆရာကြီး သဘောကျသည်။ ကျောင်းသို့အချိန်မှန်သွားသည်။ စာကိုပုံမှန်ကျက်သည်။ တွက်သည်။ ကြိုးစားသူအတွက် အောင်မြင်မှုဟူသည် ရှိလာစမြဲပဲလေ။ နဝမတန်းတွင် မနှင်းဖိဖြူ ပထမအဆင့်ဖြင့်အောင်သည်။ အခြေခံပညာအထက်တန်း (ဆယ်တန်း)စာမေးပွဲတွင်တော့ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့လေပြီ။

"အဖေ သမီးဆယ်တန်းအောင်ရမှတ်က စီးပွားရေးတက္ကသိုလ်ရယ်၊ ပညာရေးတက္ကသိုလ်ရယ်၊ နည်းပညာတက္ကသိုလ်ရယ် တက်ခွင့်မီပါတယ်။ သီလရှင်ဆရာကြီးကတော့ ပညာရေးတက္ကသိုလ်တက်ဖို့ပဲ အားပေးပါတယ်။ သမီးလဲ ဆရာမဘဝကိုမြတ်နိုးတာကြောင့် ပညာရေးတက္ကသိုလ်ရွေးလိုက်ပြီအဖေ"

သမီးလေး ပြောစကားကြောင့် အဖေကြီးကိုအောင်ဘ နှလုံးစိတ်ဝမ်းအေးချမ်းခဲ့ရပါတော့သည်။ ကိုအောင်ဘတို့ဇနီးမောင်နှံမှာ သမီးကလေးပညာရေးအတွက် တစိုက်မတ်မတ်ကြိုးစား လုပ်ကိုင်ခဲ့သည်တွင် စီးပွားရေးအောင်မြင်ပြီး ချမ်းသာသည်မည်သောအဆင့်ကိုမမီသော်လည်း အိုးနှင့်ဆန်တန်ရုံခပ်ပြီး သမီးလေးပညာရေးခရီးလမ်းကို ဖြောင့်တန်းစေခဲ့လေပြီ။ ပြောရလျှင် ဇောသန်၍ ကံမြောက်ခဲ့ခြင်းပင်ဖြစ်ပါတော့သည်။

(၆)

မနှင်းဖိဖြူ ပညာရေးတက္ကသိုလ်မှာ လေးနှစ်တည်းဟူသော ဆရာအတတ်သင်ပညာရပ်များကို သင်ယူပြီးချိန်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတွင် အစမ်းခန့်သဘောဖြင့် အလယ်တန်းပြဆရာအဖြစ် တာဝန်ပေးခြင်းခံရရာ ရခိုင်ဘူးသီးတောင်မြို့နယ်သို့ ရောက်ရှိခဲ့သည်။ ၎င်းမှ နှစ်နှစ်တာဝန်ထမ်းဆောင်ပြီးသည်တွင် ရမ်းဗြဲမြို့နယ်အထက်တန်းကျောင်းတစ်ကျောင်းသို့ အထက်တန်းပြရာထူးဖြင့် ကျေးလက်ရင်ခွင်ကြားက တောင်သူလယ်သမား ရင်သွေးငယ်များအား ပညာအာဟာရတိုက်ကျွေးခွင့်ရခဲ့ပြန်သည်။ ဒေါ်နှင်းဖိဖြူ အထက်တန်းပြတာဝန်နှင့် ငါးနှစ် ထမ်းဆောင်ပြီးချိန်တွင်တော့ အလယ်တန်းကျောင်းအုပ်တာဝန်ဖြင့် မြေပုံမြို့နယ် ပြည်ခြားရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ရာထူးတိုးဖြင့် ပြောင်းရွှေ့ခွင့်ရခဲ့ပါလေပြီ။

"သမီးရယ် ကိုယ့်ကြာအင်းတောင်ဆို ဘယ်လောက်ကောင်းမလဲနော်"

"အမေကလဲ ကိုယ့်မြို့နယ်ထဲပဲလေ။ ပြည်ခြားရွာဟာ ကိုယ့်ကြာအင်းတောင်ရွာနဲ့ဆို တောင်စဉ်ကမ်းထဲပါနေတာပဲ။ ရန်ကုန်-စစ်တွေကားလမ်းထဲမှာပဲလေ။ ဒီက ကြာအင်းတောင်ကနေ ရန်ကုန်-စစ်တွေကားတက်စီးသွားရင် ပြည်ခြားရွာ ကျောင်းရှေ့တင်ပဲ ကားရပ်တာအမေရဲ့ ဒါပေမဲ့ သမီးကတော့ ကျောင်းဝင်းထဲမှာပဲနေမယ်လို့ စဉ်းစားထားပါတယ်"

" အဲဒီပြည်ခြားရွာက ချင်းတိုင်းရင်းသားတွေနေတဲ့ရွာပဲ အိမ်ခြေလဲ တစ်ရာကျော်လေးပဲရှိတာ ပတ်ဝန်းကျင်မှာ ချင်းရွာ ခုနစ်ရွာတိတိရှိတယ်။ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ဒီနှစ်မှာပဲ ပြည်ခြားရွာ အခြေခံပညာမူလတန်းကျောင်းကို အလယ်တန်းအဆင့်တိုးမြှင့်ပေးခဲ့တာလေ အမေရဲ့"

"သမီးက အဲလိုမဖွံ့ဖြိုးသေးတဲ့နေရာတွေမှာပဲ ကိုယ့်တိုင်းရင်းသားကလေးတွေကို ပြုစုပျိုးထောင်ချင်တာလေ"

ကိုအောင်ဘနှင့် မဖုံနုတို့မှာ တစ်ယောက်ဆိုတစ်ယောက် ထွန်းပေါက်ခဲ့သော သမီးလေး မနှင်းဖိဖြူ၏ခံယူချက် လူသားချင်းစာနာနားလည်တတ်မှုကြောင့် ကျေနပ်မှုပီတိအဟုန်မှာ မိုးမြေအန္တရှိနေမှာပါလေ။

## အတွင်းရန်သူ သတိမူ

- လောဘတွေ တပ်မက်မောတော့
  မပြတ်လည်သော ချားရဟတ်ပမာ၊
  သံသရာ စက်ဝန်းထဲမှ
  ရုန်းထွက်မလွတ်သာ၊
  မပြည့်လေသော သမုဒ္ဒရာ
  အထုပ်ရှာလို့ မိုက်မှား၊
  သံသရာဝဲဂယက်မှာ မြုပ်ရှာပေါ့
  ဒုက္ခတွေများ။
- ဒေါသတွေ အားကြီးတော့
  ရှားမီးသို့ ပုံပမာ၊
  မိမိကိုယ် အရင်လောင်ကျွမ်းလို့
  အမှောင်လမ်းပါ၊
  ချုပ်ထိန်းကြ ဘဝတာ
  အလှဇလာ အရုပ်ဆိုး၊
  ပြုလေသူ ထုပ်ပြလေတော့
  သူ့အခြေပူ ရုပ်မလှပါဘု
  ဒုက္ခတွေတိုး။
- တွေဝေကာ စရိုက်မျိုး
  ရိုက်ချိုးကြ အမြဲပေ၊
  မောဟတွေ အမိုက်ဖုံးတော့
  မိုက်အုံးပေါ့လေ၊
  အမှားအမှန်အား ခွဲတတ်စေ
  လွဲတတ်ပေ သည်တရား၊
  ကိလေသာ လောင်မီးကိုဖြင့်
  ငြိစေကာ အမှောင်ကြီးရင်တော့
  နောင်ခရီး တစ်လျှောက်မှာဖြင့်
  ရောက်ရအပါယ်သွား။ ။

**ရွှေတိုး(ထုံးဘို)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ဝါခေါင်လ၏ စာရေးတံပွဲတော်နှင့် မေတ္တာအခါတော်နေ့

**ကိုယဉ်ချစ်(မန္တလေး)**

မြန်မာတို့၏ ဆယ့်နှစ်ရာသီတွင် ဝါခေါင်လသည် ပဉ္စမမြောက်လဖြစ်သည်။ ဝါခေါင်လသည် ရက်မစုံလဖြစ်သဖြင့် ရက်ပေါင်း ၂၉ ရက်ရှိသည်။ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များသည် ရက်ရာဇာဖြစ်ပြီး ကြာသပတေးနေ့နှင့် စနေနေ့များသည် ပြဿဒါးရက်ဖြစ်သည်။ နဂါးဦးခေါင်းမှာ မြောက်အရပ်သို့ ပြသည်။ ဗေဒင်အခေါ်အရ ရာသီမှာ သိဟ်ရာသီ၊ ဥတုမှာဝဿာနဥတု၊ နက္ခတ်မှာ သရဝဏ်နက္ခတ်၊ ရာသီပန်းမှာ ခတ္တာပန်းဖြစ်သည်။

ပုဂံခေတ်ကျောက်စာများတွင် ဝါခေါင်လကို ဝါခေါင်ဟုလည်းကောင်း၊ နံကာလဟုလည်းကောင်း ရေးထိုးခဲ့ကြောင်းမှတ်သားရသည်။ နံကာလဆိုသည်မှာ မိုးဖြိုင်ဖြိုင်ရွာသောလဖြစ်သဖြင့် တောင်သူလယ်သမားများ စပါးစိုက်ပျိုးချိန်၊ လယ်လုပ်ချိန်၊ စိုက်ပျိုးချိန်လ၊ လယ်လုပ်ချိန်လဟုဆိုသည်။ ဆယ့်နှစ်ရာသီမိုးလင်္ကာတွင် "ဝါခေါင်တစ်ကြောင်း၊ ထနေဒင်း ကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာ၊ ရွာပါသော်လည်း၊ မိုးမသည်း"ဟု မှတ်သားရသည်။ မိုးရာသီဖြစ်သော်လည်း ရွာမယောင်နှင့် မရွာတတ်သလို မိုးရိပ်မဆင်ဘဲ ဖြုန်းခနဲရွာတတ်ပြီး ကောင်းကင်ပြင်တွင် မိုးသားမိုးတိမ်များရှိနေတတ်သည့်ကာလဖြစ်သည်။

ဝါခေါင်လ၏ရာသီပွဲတော်မှာ စာရေးတံပွဲတော်ဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်က စာရေးတံပွဲတော်ကို ဝါခေါင်လတွင်ကျင်းပခဲ့ကြသည်။ စာရေးတံအလှူ စာရေးတံဆွမ်းဟူသော ဝေါဟာရကို အင်းဝခေတ်၊ သာလွန်မင်းလက်ထက်တွင်ပြုစုခဲ့သော စူဠဝါပါဠိတော်၊ စူဠဝါအဋ္ဌကထာ နိဿယကျမ်းတို့တွင်တွေ့ရသည်။ စာရေးတံပွဲတော်နှင့်စပ်လျဉ်း၍ ဆီသည်ရွာစား ဦးအောင်ကြီးက "နံကာဆန်းစ၊ ဝါခေါင်လကား၊ ကျောင်းမှမကွာ၊ ထေရ်သဃာတို့၊ သဒ္ဓါရှင်လန်း၊ ဆွမ်းပန်းကွေးဟန်၊ စာရေးတံဟု၊ ကောင်းမွန်စီရင်၊ သဘင်ဒါန၊ လှူဒါန်းကြလျက်" ဟု စပ်ဆိုခဲ့သည်။

စာရေးတံဆိုသည်မှာ ဆွမ်းစသည်ကိုပေးလှူရာတွင် ကံစမ်းမဲအဖြစ်အသုံးပြုရသော အချောင်းအတံ၊ မဲလိပ်စသည်ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဝါဆိုတော်မူကြသည့် ရဟန်းသံဃာတော်များအား ပုဂ္ဂိုလ်စွဲမထားဘဲ မဲချ၍ဆွမ်းကပ်လှူဒါန်းခြင်းဖြစ်သည်။ ရှေးခေတ်က စာရေးတံကို သစ်သား၊ ဝါး၊ နီးပြား၊ ပေရွက်တို့ဖြင့် ပြုလုပ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် စက္ကူမဲလိပ်များကို အသုံးပြုကြသည်။ စာရေးတံ သို့မဟုတ် မဲလိပ်တွင် အလှူခံရဟန်း၊ သံဃာတော်၏ဘွဲ့အမည်ကို ရေးသားထားပြီး အလှူရှင်က မိမိဆွမ်းကပ်လိုသည့်အရေအတွက်အတိုင်း စာရေးတံမဲကိုနှိုက်ယူကာ အမည်ပါသောရဟန်းသံဃာတော်ကို အိမ်သို့ပင့်ဖိတ်၍ ဆွမ်းကပ်လှူဒါန်းခြင်းဖြစ်သည်။ ယခုအခါ ဝါခေါင်လ၌ သီးသန့်သတ်မှတ်ကျင်းပသောစာရေးတံပွဲတော်မှာ ပျောက်ကွယ်လုနီးပါးဖြစ်သွားသည်။

ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ်လည်းကျင်းပကြသည်။ မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းငါးရာတို့က မြတ်စွာဘုရားထံမှကမ္မဋ္ဌာန်းတရားနာယူ၍ တောအုပ်များအတွင်း ပုရိမဝါဆို တရားအားထုတ်ကြသည်။ ရဟန်းများ၏သီလကြောင့် သစ်ပင်များမှ နတ်များသည် ဖယ်ရှားပေးကြရသဖြင့် ရဟန်းများမနေနိုင်အောင် နှောင့်ယှက်ကြသည်။ ရဟန်းတို့မှာ တရားရှုမှတ်မရကြ၍ မြတ်စွာဘုရားထံ လျှောက်ထားကြရာ မြတ်စွာဘုရားက မေတ္တာပွားများကြရန် မေတ္တာကမ္မဋ္ဌာန်းကို ဟောကြားတော်မူခဲ့သည်။

ထို့နောက် ရဟန်းသံဃာများသည် တောအုပ်အသီးသီးသို့ပြန်လာကြပြီး ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့မှစ၍ ဒုတိယဝါကပ်တော်မူကြပြီး မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း နတ်များနှင့်တကွ အားလုံးသောသတ္တဝါများအပေါ် မေတ္တာပို့သခဲ့ကြရာ နတ်များက ကြည်ညိုချစ်ခင်လာကြသည်။ ထိုသို့ နတ်အပေါင်းတို့၏စောင့်ရှောက်မှုဖြင့် ဝါတွင်းကာလတွင် တရားအားထုတ်ခဲ့ကြရာ ရဟန်းငါးရာတို့သည် ရဟန္တာဖြစ်သွားခဲ့ကြသည်။ မြတ်စွာဘုရားရှင်က ရဟန်းငါးရာတို့ကို ဝါခေါင်လပြည့်နေ့တွင် မေတ္တာသုတ်ဒေသနာတော်ဟောကြားတော်မူခဲ့သည်ကိုရည်မှန်း၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

❖ စာရေးတံဆိုသည်မှာ ဆွမ်းစသည်ကိုပေးလှူရာတွင် ကံစမ်းမဲအဖြစ်အသုံးပြုရသော အချောင်းအတံ၊ မဲလိပ်စသည်ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဝါဆိုတော်မူကြသည့် ရဟန်းသံဃာတော်များအား ပုဂ္ဂိုလ်စွဲမထားဘဲ မဲချ၍ဆွမ်းကပ်လှူဒါန်းခြင်းဖြစ်သည်။ ရှေးခေတ်က စာရေးတံကို သစ်သား၊ ဝါး၊ နီးပြား၊ ပေရွက်တို့ဖြင့် ပြုလုပ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် စက္ကူမဲလိပ်များကို အသုံးပြုကြသည်။ စာရေးတံ သို့မဟုတ် မဲလိပ်တွင် အလှူခံရဟန်း၊ သံဃာတော်၏ ဘွဲ့အမည်ကိုရေးသားထားပြီး အလှူရှင်က မိမိဆွမ်းကပ်လိုသည့်အရေအတွက်အတိုင်း စာရေးတံမဲကိုနှိုက်ယူကာ အမည်ပါသောရဟန်းသံဃာတော်ကို အိမ်သို့ပင့်ဖိတ်၍ ဆွမ်းကပ်လှူဒါန်းခြင်းဖြစ်သည်။ ❖

မေတ္တာဆိုသည်မှာ ပါဠိဝေါဟာရဖြစ်ပြီး ချစ်ခင်ခြင်းဟု အဓိပ္ပာယ်ရသည်။ သတ္တဝါများအချင်းချင်း ဆက်ဆံကြရာတွင် ချစ်ခြင်း၊ မုန်းခြင်းများရှိကြသည်။ ချစ်ခင်ပါက မေတ္တာရှိသည်ဟု ဆိုကြသကဲ့သို့ မုန်းတီးပါက မေတ္တာမရှိဟုဆိုကြသည်။ ခဏတာရှိလာသည့်လူ့ဘဝတွင် တစ်ဦးနှင့်တစ်ဦးမေတ္တာထားဆက်ဆံရပါမည်။ မိမိပွားများလိုက်သည့် မေတ္တာအကျိုးသည် မှန်ပြင်ကိုကြည့်သကဲ့သို့ တိုက်ရိုက်အကျိုးခံစားရသဖြင့် မေတ္တာရောင်ပြန်ဟပ်သည်ဟုလည်း ဆိုကြသည်။

တစ်ဦးအပေါ်တစ်ဦးမေတ္တာပို့ရပါမည်။ မေတ္တာပို့သရာတွင် အရပ်မျက်နှာ၊ ပုဂ္ဂိုလ် စသည်ပိုင်းခြားသော ဩဓိသပုဂ္ဂိုလ် ခုနစ်မျိုးဖြစ်သည့် ခပ်သိမ်းသောမိန်းမ၊ ခပ်သိမ်းသောယောကျာ်း၊ ခပ်သိမ်းသော အရိယာပုဂ္ဂိုလ်၊ ခပ်သိမ်းသော ပုထုဇဉ်ပုဂ္ဂိုလ်၊ ခပ်သိမ်းသောနတ်ဗြဟ္မာ၊ ခပ်သိမ်းသောလူ၊ ခပ်သိမ်းသော ဝိနိပါတိကအသုရကာယ်များကို ရည်စူး၍ မေတ္တာပို့သရပါသည်။

မေတ္တာပို့သရာတွင် ရန်မရှိကြပါစေကုန်သတည်း၊ ကြောင့်ကြကင်းကြပါစေကုန်သတည်း၊ ဆင်းရဲခြင်းကင်းကြပါစေကုန်သတည်း၊ ချမ်းသာစွာမိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေကုန်သတည်းဟု မေတ္တာပို့သရန်ပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင်ဆိုထားပါသည်။

တစ်ဦးအပေါ်တစ်ဦးမေတ္တာထား၍ဆက်ဆံခြင်းကြောင့် မေတ္တာအကျိုး ၁၁ ပါးကို ခံစားရသည်။ မြတ်စွာဘုရားရှင်သည် အင်္ဂုတ္တရနိကာယ်ဧကာဒသနိပါတ်၌ "ရဟန်းတို့ စိတ်၏ကိလေသာမှ လွတ်ကြောင်းဖြစ်သော မေတ္တာကိုမှီဝဲအပ်သည်ရှိသော်၊ ပွားစေအပ်သည်ရှိသော်၊ အကြိမ်များစွာပြုအပ်သည်ရှိသော်၊ စီးသောယာဉ်ကဲ့သို့ပြုအပ်သည်ရှိသော်၊ တည်ရာကဲ့သို့ပြုအပ်သည်ရှိသော်၊ မေတ္တာမှမကွာစေအပ်သည်ရှိသော်၊ လေ့ကျက်အပ်သည်ရှိသော်၊ ကောင်းစွာအားထုတ်အပ်သည်ရှိသော်၊ တစ်ဆယ့်တစ်ပါးကုန်သော အကျိုးဆက်တို့ကိုအလိုရှိအပ်ကုန်၏။ တစ်ဆယ့်တစ်ပါးတို့ဟူသည်ကား ချမ်းသာစွာအိပ်ရ၏။ ချမ်းသာစွာ နိုးကြားရ၏။ မကောင်းသောအိပ်မက်ကိုမမြင်မက်နိုင်။ လူတို့၏ချစ်ခြင်းသည်ဖြစ်၏။ နတ်၊ ဘီလူးအစရှိသည်တို့၏ချစ်ခြင်းသည်ဖြစ်၏။ နတ်တို့သည် စောင့်ကုန်၏။ ထိုမေတ္တာတရားကိုပွားများလေ့ရှိသောပုဂ္ဂိုလ်အား မီးသည်လည်းကောင်း၊ အဆိပ်သည်လည်းကောင်း၊ ဓား၊ လက်နက်သည်လည်းကောင်း မလောင်မကျက် မစူးဝင်နိုင်။ ပျံ့လွင့်သော စိတ်သည်တည်ကြည်၏။ မျက်နှာအရောင်အဆင်းသည်ကြည်လင်၏။ မတွေဝေသည်ဖြစ်၍ စုတိစိတ်ကျရ၏။ တရားအထူးကို ထိုးထွင်း၍ မသိနိုင်ငြားအံ့၊ ဗြဟ္မာပြည်သို့ကပ်ရသည်ဖြစ်၏"ဟု ဟောကြားတော်မူခဲ့သည်။

မေတ္တာအကျိုးအာနိသင်ခံစားရသည့် မေတ္တာသုတ်ကိုရွတ်ဖတ်ပူဇော်ခြင်းကြောင့် အကျိုးများစွာ ရရှိနိုင်သည်။ မေတ္တာသုတ်ကိုရွတ်ဖတ်ပူဇော်ရာတွင် ရွတ်ဖတ်ပူဇော်သည့်ပုဂ္ဂိုလ်သည် အောက်ပါအချက်များနှင့်ညီညွတ်အောင်ကျင့်ကြံ၍ ရွတ်ဖတ်ပူဇော်ပါက ပိုမိုအကျိုးထူးနိုင်သည်။

မေတ္တာစိတ်ကို တစိုက်မတ်မတ်စွမ်းနိုင်အောင် ပွားများရမည်။ ကိုယ်နှုတ်နှစ်ပါးစလုံးရိုးသား ဖြောင့်မတ်ရာတွင်သာမန်မဟုတ်ဘဲ အလွန်ကောင်းစွာဖြောင့်မတ်ရမည်။ ဆိုဆုံးမလွယ်သူဖြစ်ပြီး စိတ်ထားမှာလည်း နူးညံ့သိမ်မွေ့ရမည်။ မိမိကိုယ်ကို အထင်ကြီးခြင်း၊ သူတစ်ပါးကိုအထင်သေးခြင်း ဆိုသည့်မာန်မာနမထားရ၊ ရောင့်ရဲလွယ်တတ်ပြီး အသက်မွေးမှုပညာရှိရမည်။ အမှုကိစ္စတို့နည်းပါးသင့်ပြီး ပေါ့ပါးသောအသက်မွေးမှုရှိရမည်။ ငြိမ်သက်သောဣန္ဒြေရှိပြီး ရင့်ကျက်တည်ငြိမ်သည့်ပညာဉာဏ်လည်းရှိရမည်။ ကိုယ်၊ နှုတ်၊ နှလုံး ကြမ်းတမ်းခြင်းမရှိ၊ အမျိုးလေးပါးတို့တွင် တပ်မက်မှုမရှိဘဲ ဒုစရိုက်တို့ကို အနည်းငယ်မျှ မပြုကျင့်ရာတို့ဖြစ်သည်။

မေတ္တာပွားများခြင်းကို လူတိုင်းကိုယ်စီ ကျင့်ကြံအားထုတ်နိုင်ကြပါက မေတ္တာဓာတ်များ ဖုံးလွှမ်းကာ အေးချမ်းတည်ငြိမ်ခြင်း၊ စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာခြင်း အကျိုးကျေးဇူးများကိုခံစားကြရပါမည်။ မေတ္တာသည် ကောင်းကျိုးကိုဖြစ်ထွန်းစေပြီး ဆိုးကျိုးများကိုယုတ်လျော့စေသည်။

အေးချမ်းသာယာမှုများခံစားနိုင်ရန် မေတ္တာပို့ကြသည်။ ဦးစွာမိမိကိုယ်ကိုမေတ္တာပို့သရမည်။ ပို့သသော မေတ္တာကြောင့် စိတ်အေးချမ်းမှုကိုကိုယ်တိုင် ခံစားရသည်။ ထိုမှတစ်ဆင့်တက်၍ ကျန်ပုဂ္ဂိုလ်များကို မေတ္တာပို့ရမည်။ မေတ္တာပို့ရာတွင် ပုဂ္ဂိုလ်စွဲ၊ အာဃာတစွဲကင်းကင်းဖြင့် အယုတ်အလတ်အမြတ် မရွေး သတ္တဝါများအားလုံး ကောင်းကျိုးချမ်းသာ ခံစားနိုင်ကြပါစေဆိုသည့် စိတ်စေတနာဖြင့်ပို့သသည့်မေတ္တာသည် အထိရောက်ဆုံးနှင့်အမွန်မြတ်ဆုံးဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်းမှ လူသားများသည် လောဘ၊ ဒေါသ၊ မောဟဆိုသည့် အကုသိုလ်တရားများကြောင့် မေတ္တာတရားများ ခေါင်းပါးလာကြသည်။ ထို့ကြောင့် ကတိတည်မှု၊ သစ္စာဖောက်ဖျက်မှုများပြုလုပ်လာကြသည်။ တစ်ဦးပေါ်တစ်ဦးမေတ္တာဖြင့်ဆက်ဆံရမည့်အစား သံသယစိတ်၊ အငြိုးအတေး၊ လက်စားချေလိုစိတ်များဖြင့် ဆက်ဆံမှုကြောင့် မဖြစ်သင့်သည့်ထိခိုက်ဆုံးရှုံးမှုများကို ခံစားနေကြရသည်။

အချို့ကိစ္စရပ်များသည် လူသားများလုပ်သည့် အလုပ်ကိုလူသားများကိုယ်တိုင် ဖြေရှင်းနိုင်သော်လည်း တချို့က မေတ္တာတရားများပျောက်ကွယ်၍ အတွေးအခေါ်အယူအဆများလွဲမှားကာ မမှန်ကန်သည့်လမ်းကြောင်းပေါ်ရောက်သွား၍ ကိုယ်တိုင် မဖြေရှင်းနိုင်ကြဘဲ အဆိုးသံသရာတွင် ဝဲလည်နေကြသည်။ လောကကြီးကိုလည်း အကျည်းတန်စေသည်။

လောကကြီးကိုလှပစေရန် မေတ္တာဖြင့်အလှဆင်ရန်ဖြစ်သည်။ ငြိမ်းချမ်းသာယာသောလူ့ဘောင်လောကတွင် မေတ္တာအရင်းခံစိတ်ရှိကြရန်လိုအပ်သည်။ ကိုယ်ချင်းစာစိတ်၊ အများကောင်းကျိုးကို ဖော်ဆောင်ပေးလိုစိတ်များရှိမှသာ မေတ္တာဓာတ်များ ကိန်းအောင်းလာနိုင်မည်။ မေတ္တာတရားများ ခေါင်းပါးနေပါက ဆိုးကျိုးသက်ရောက်မှုများကိုသာ ခံစားနေကြရမည်ဖြစ်သည်။

နံနက်အိပ်ရာထချိန်မှ ညအိပ်ရာဝင်ချိန်ထိ လုပ်သမျှအလုပ်တိုင်းကို မေတ္တာစိတ်၊ အကောင်းမြင်စိတ်များဖြင့်ရှုမြင်ကာ ကိုယ်ချင်းစာစိတ်ထားဖြင့် လုပ်ကိုင်ကြပါက တိုးတက်အောင်မြင်မှုများရရှိနိုင်ပါမည်။ လူတိုင်းတွင် မေတ္တာစိတ်များပွားများကျင့်ကြံနေထိုင်သွားမှသာ တည်ငြိမ်အေးချမ်းသည့်လူမှုဘဝဝင်စိတ်အေးချမ်းစွာရှင်သန်ရပ်တည်နိုင်ကြမည်ဖြစ်သောကြောင့် မေတ္တာတရားများထွန်းကားနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- မှတ်အပ်မှတ်ရာမှတ်စုပဒေသာသုခမှတ်စု
- နေ့စဉ်ထုတ်သတင်းစာများ။

# တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၂၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၂၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၃၄၇ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၂၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ စပါးဧက ၉၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ငဖဲမြို့နယ် ဂုတ်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဇင်ပြွန်းကျေးရွာအုပ်စု ဂုတ်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ဇူလိုင် ၂၄ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဂုတ်ဝကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၈၁ သိန်းထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေ ထံမှ သိရသည်။

ဇင်မာ

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူအား ကောင်းနေကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ အဆင်ပြေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်နေမှု စစ်ဆေး

**ညောင်ဦး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မြေနဲလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ မြေနဲလေးကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အရှည်ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ချင်းကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မြေနဲလေးကျေးရွာ၌ လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ချင်းကျောက်ခင်းခြင်း အမျိုးအစား ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း၊ Slab Culvert သုံးစင်းနှင့် ရေကျော်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၆၃ ဒသမ ၁၈ သန်းဖြင့် လင်းယုန်အားမာန်ကုမ္ပဏီက ယခုနှစ် ဇွန်လပထမပတ်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၃၄ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက မြေနဲလေးကျေးရွာရှိ အိမ်ခြေ ၁၉၃ အိမ်၊ လူ ၈၁၇ ဦး၏ စိုက်ပျိုးလယ်မြေများကို အဆင်ပြေစွာသွားလာစိုက်ပျိုးနိုင်မည့်အပြင် စိုက်ခင်းများမှ ထွက်ရှိသော လယ်ယာထွက်ကုန်သီးနှံများကို ဈေးကွက်သို့ လွယ်ကူစွာဖြင့် သယ်ယူပို့ဆောင်ရောင်းချနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွာတော်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ မြို့နယ်ဦးစီးမှူး ဦးကိုကိုက ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများဖော်ဆောင်ရန် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းအဖွဲ့ဝင်ငါးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ ကြောင်း သိရသည်။

ရွာသစ်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF) ပံ့ပိုးငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက အစုအဖွဲ့လေးဖွဲ့ ဖွဲ့ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နော်လူး

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ပါကစ္စတန် တပ်မတော်အကြောင်း တစေ့တစောင်း (အပိုင်း-၁)

ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံတော်၏ တပ်မတော်သည် ၂၀၂၄ ခုနှစ် ကမ္ဘာ့တိုက်စွမ်းအား ဖော်ပြချက်တွင် အဆင့်(၉)၌ ရပ်တည်ခဲ့သည်။ အာရှတိုက်ရှိ အကြီးမားဆုံး တပ်မတော်များအနက် တစ်ခုဖြစ်သောကြောင့် ပါကစ္စတန်ကြည်းတပ်၌ အမြဲတမ်းတပ်ဖွဲ့ဝင် ၅၅၀၀၀၀၊ ပါကစ္စတန်ရေတပ်၌ တပ်ဖွဲ့ဝင် ၃၀၀၀၀ နှင့် ပါကစ္စတန်လေတပ်၌ တပ်ဖွဲ့ဝင် ၅၀၀၀၀ တို့အပြင် နျူကလီးယားကျည်ထိပ်ဖူး ၁၁၀ ခန့်ကိုလည်း ပိုင်ဆိုင်ထားသည်။

ပါကစ္စတန်အစိုးရသည် ၂၀၂၅ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံ ခွင့်ပြုထားပြီး ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံသာ အသုံးပြုခဲ့သည်။ ထို့ပြင် အဓိကကျသောစစ်လက်နက်ပစ္စည်းများဝယ်ယူမှု၊ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များအတွက် သီးခြားရန်ပုံငွေခွင့်ပြုထားသောကြောင့် တိုင်းပြည်၏ ကာကွယ်ရေးအသုံးစရိတ်အသေးစိတ်ကို ရှင်းရှင်းလင်းလင်း မသိရှိရပေ။ ပါကစ္စတန်အစိုးရသည် တိုင်းပြည်အတွင်းရှိ တရုတ်၏စီးပွားရေးလုပ်ငန်းများကို လုံခြုံရေးတိုးမြှင့်ထမ်းဆောင်နိုင်ရန် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် တပ်မတော်အတွက် အမေရိကန်ဒေါ်လာ ၁၆၂ သန်းကို ထပ်ဆောင်းခွင့်ပြုပေးခဲ့သည်။

**ပြည်တွင်း၊ ပြည်ပရှိ ရန်သူများ**

ဒေသတွင်းလုံခြုံရေးနှင့် ပြည်တွင်းလုံခြုံမှု ဆက်လက်ထိန်းသိမ်းနိုင်ရန် ပါကစ္စတန်နိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်ကို ဦးစားပေးသုံးစွဲလျက်ရှိသည်။ ပါကစ္စတန်နိုင်ငံသည် ပြည်တွင်းစစ်သွေးကြွများနှင့် သောင်းကျန်းသူများ ရန်ကိုကာကွယ်ရန်အတွက် တိုက်ပွဲဝင်အသင့်ဖြစ်မှုအနေအထားကို ထိန်းသိမ်းထားရလျက်ရှိသည်။

ပါကစ္စတန်၏ ပြည်တွင်းလုံခြုံမှုတည်တံ့ခိုင်မြဲရေးသည် အမျိုးသားတာဝန်တစ်ရပ်ဖြစ်သည့်အပြင် တိုင်းပြည်စီးပွားရေးအတွက် မောင်းနှင်အားလည်းဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှ ပြည်ပနိုင်ငံများ၏ အကျိုးစီးပွားများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်သောကြောင့် အဓိကကျလျက်ရှိသည်။ တရုတ်နိုင်ငံသည် ပိုးလမ်းမရပ်ဝန်းစီမံကိန်း (BRI) ၏ တစ်စိတ်တစ်ဒေသအနေဖြင့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ (CPEC)တွင် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားရှိပြီး BRI သည် ကားလမ်းနှင့် ရထားလမ်းကွန်ရက်များ၊ ပိုက်လိုင်းများနှင့် စွမ်းအင်စက်ရုံများကို အသုံးပြုကာ တရုတ်နိုင်ငံ၏ အနောက်ပိုင်း ရှင်ကျန်းဒေသကို ဘလူချီစတန်ပြည်နယ်ရှိ ဂွါဒါဆိပ်ကမ်းသို့ ဆက်သွယ်ပေးသွားမည်ဖြစ်သည်။

ပါကစ္စတန်သည် အိမ်နီးချင်း အီရန်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းထားရှိကာ နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်လျက်ရှိသည်။ ပါကစ္စတန်စစ်ဘက်က နိုင်ငံ၏ပြည်တွင်းလုံခြုံရေးသည် အဓိကကျကြောင်းကို အခိုင်အမာယုံကြည်ထားပြီး အကြမ်းဖက်သမားများ အမြစ်ပြတ်ချေမှုန်းရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း အခိုင်အမာ ကတိပြုထားသည်။

**မဟာမိတ်ဆက်ဆံရေးထူထောင်ခြင်း**

ပါကစ္စတန်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အာစင်မူနီယာသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ထိုစဉ်က အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်းနှင့်တွေ့ဆုံကာ နှစ်နိုင်ငံကြား ဒေသတွင်း လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ အလားတူ ၂၀၂၄ ခုနှစ် ဧပြီလတွင် တူကီယဲကာကွယ်ရေးကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စလုခ်ဘောရတ်တာရိုဂလူသည် ဗိုလ်ချုပ်ကြီး အာစင်မူနီယာနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်



အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့သည်။ ထို့အတူ ၂၀၂၄ ခုနှစ် မေလတွင် အဇာဘိုင်ဂျန် နိုင်ငံခြားရေးဝန်ကြီးသည်လည်း ဗိုလ်ချုပ်ကြီး အာစင်မူနီယာနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်သည် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ပါကစ္စတန်သို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး လာရောက်စဉ် နှစ်နိုင်ငံစစ်ဘက်ဆက်ဆံရေးမြှင့်တင်ရန်လိုအပ်မှုကို အလေးထားပြောကြားခဲ့ပြီး ဒေသတွင်း အေးချမ်းတည်ငြိမ်မှုအတွက် အကြမ်းဖက်တိုက်ဖျက်မှုလုပ်ငန်းများကို သက်စွန့်ဆံဖျားဆောင်ရွက်ခဲ့သည့် ပါကစ္စတန်တပ်မတော်၏အခန်းကဏ္ဍကို ချီးကျူးပြောကြားခဲ့သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် မြေပြင်တပ်ဖွဲ့ (PLAGF) ဦးစီးချုပ် ဗိုလ်ချုပ်ကြီး လီယောင်မင်းသည် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ပါကစ္စတန်သို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့ပြီး နှစ်နိုင်ငံအကျိုးစီးပွား၊ ဒေသတွင်းလုံခြုံရေး၊ စစ်ဘက်သင်တန်းနှင့် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအစီအမံများကို ဆွေးနွေးခဲ့သည်။ ခရီးစဉ်အတွင်း ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များတွင် ထိန်းချုပ်ရေးမျဉ်း (LoC) တစ်လျှောက် အခြေအနေများ၊ တရုတ်နှင့်အိန္ဒိယတို့ကြား နယ်စပ်အငြင်းပွားမှုများ၊ ကက်ရှ်မီးယားနှင့် အာဖဂန်နစ္စတန်တို့တွင် တိုးတက်လာမှုအခြေအနေများ ပါဝင်သည်။ ထို့ပြင် တရုတ်၏ အထောက်အပံ့ဖြင့် ပါကစ္စတန်၏ မဟာဗျူဟာမြောက် စစ်ဘက်အဆင့်မြှင့်တင်ရေး ကြိုးပမ်းမှုများနှင့် နှစ်နိုင်ငံဆက်ဆံရေး အားသစ်လောင်းရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

တရုတ်ဝန်ကြီးချုပ် လီကျင်းသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ပါကစ္စတန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့ပြီး ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူနီယာ၊ ရေတပ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး နာဗီဒ်အာရှက်ဖ်နှင့် လေတပ်ဦးစီးချုပ် လေတပ်ဗိုလ်ချုပ်ကြီး ဇာဟီဃာအာမက်ဘာဘာတို့နှင့်တွေ့ဆုံကာ ဒေသတွင်း အေးချမ်းတည်ငြိမ်မှုနှင့် မဟာဗျူဟာမြောက် ဟန်ချက်ထိန်းညှိရာ၌ အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသော နှစ်နိုင်ငံ မဟာဗျူဟာမြောက် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ကို ဂုဏ်ယူပါကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။ တရုတ်နှင့် ပါကစ္စတန် နှစ်နိုင်ငံခေါင်းဆောင်များသည် စစ်ရေးလေ့ကျင့်မှုများ အဆင့်မြှင့်တင်ဆောင်ရွက်ရန်အပြင် အကြမ်းဖက်ဝါဒ တန်ပြန်တိုက်ခိုက်မှုနှင့် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ခိုင်မာအားကောင်းရေးကို ဆက်လက်လုပ်ဆောင်သွားရန် ကတိကဝတ်ပြုခဲ့ကြသည်။

**စစ်ရေးစွမ်းအားအဆင့်မြှင့်တင်ခြင်း**

၂၀၂၄ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်သည့် ပါကစ္စတန်လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနား၌ ပါကစ္စတန်စစ်ဘက်သည် နောက်ဆုံးထုတ်စစ်လက်နက်ပစ္စည်းများကိုပြသခဲ့ရာ ပြည်တွင်းထုတ် Haider ပင်မတိုက်ပွဲဝင်တင့်ကား (MBT)၊ HQ-9/P မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် (SAM)၊ Fatah II ဘက်စုံသုံးပဲ့ထိန်းရော့ကတ်စနစ် (MLRS)၊ ပစ်မှတ်ပေါင်းစုံကို တစ်ပြိုင်တည်းပစ်ခတ်နိုင်သော (MIRV) Ababeel ပဲ့ထိန်းဒုံးကျည်၊ နျူကလီးယားစွမ်းဆောင်ရည်ရှိသော Shaheen I ၊ II နှင့် III အမျိုးအစား တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်(MRBM)များနှင့်အတူ Ghouri၊ Babar နှင့် Nasr ဒုံးကျည်များလည်း ပါဝင်သည်။

အဆိုပါအခမ်းအနား၌ ပါကစ္စတန်လေတပ်၏ Bayraktar TB2 အလတ်ပျံတာဝေးသွား(MALE) နှင့် Akinci အမြင့်ပျံတာဝေးသွား (HALE) မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ် (UCAV) များ၊ ပြည်တွင်းထုတ်ခဲယမ်းများ၊ ဝေဟင်မှဝေဟင်ပစ်ဒုံးကျည် (AAM)များ၊ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်(SAM)များ၊ တိကျပဲ့ထိန်းခဲယမ်း (PGM) များအပြင် J-10C နှင့် JF-17 Block III လေယာဉ်များလည်းပါဝင်သည်။ Akinci အမြင့်ပျံတာဝေးသွား မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်သည် ပါကစ္စတန်လေတပ်က တီထွင်ထားသော အကြီးမားဆုံး မောင်းသူမဲ့လေယာဉ်ဖြစ်ပြီး ဝေဟင်ပစ်ခရုဇ်ဒုံးကျည် (ALCM) များအပါအဝင် ခဲယမ်းများ သယ်ဆောင်နိုင်သည့် တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဧပြီလတွင် တရုတ်နိုင်ငံ၏ NORIN-CO ကုမ္ပဏီသည် ပါကစ္စတန်ကြည်းတပ်သို့ SH-15 ၁၅၅ မီလီမီတာပဲ့ထိန်းဟောင်ဝစ်ဇာ(SPH)ဒုတိယအသုတ်ကို လွှဲပြောင်းပေးခဲ့ရာ ခြောက်ဘီးယက်တင်ဟောင်ဝစ်ဇာ ၅၆ စုံထိ ပိုင်ဆိုင်လာပြီဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံထံမှ SH-15 အမျိုးအစား ဟောင်ဝစ်ဇာ ၂၃၆ စုံထိ ဝယ်ယူခဲ့ရာ ပထမဆုံးအသုတ်သည် ၂၀၂၂ ခုနှစ်တွင် လက်ခံရရှိခဲ့သည်။ အလားတူ ပါကစ္စတန်ကြည်းတပ်လေကြောင်းတပ်ဖွဲ့သည် တရုတ်နိုင်ငံထံမှ Z-10 တိုက်ခိုက်ရေး ရဟတ်ယာဉ်များဝယ်ယူခဲ့ရာ ၂၀၂၃ ခုနှစ်တွင် ပထမအသုတ်ကို လက်ခံရရှိခဲ့သည်။ တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် စင်ကာပူလေကြောင်းပြပွဲ၌ ပြည်ပတင်ပို့မည့်မူကွဲဖြစ်သည့် Z-10ME တိုက်ခိုက်ရေးရဟတ်ယာဉ်ကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့သည်။

ပါကစ္စတန်ရေတပ်၏ ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုတွင် ဒေသတွင်း၌ အာဏာဖြန့်ကြက်တည်ဆောက်ခြင်း၊ ပင်လယ်ပြင်ဝင်ရောက်ခွင့်မှသည် အိန္ဒိယသမုဒ္ဒရာအတွင်း၌ စဉ်ဆက်မပြတ်တပ်ဖြန့်ချထားနိုင်ရေးတို့ ပါဝင်သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ၃၈ ဒသမ ၈ မီတာ ရှည်သော စစ်ရေယာဉ်အသစ်ကို ရေခင်းအခမ်းအနားကျင်းပခဲ့သည်။ အမေရိကန် သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ Swiftships သည် ပါကစ္စတန်သင်္ဘောတည်ဆောက်ရေးကုမ္ပဏီဖြစ်သည့် ကရာချိသင်္ဘောကျင်းနှင့် အင်ဂျင်နီယာလုပ်ငန်း (KS&EW)ကို သင်္ဘောအသစ်အစီး ၂၀ တည်ဆောက်ရန် ကူညီပံ့ပိုးသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ပါကစ္စတန်ရေတပ်သည် Type 054S/P ဖရီးဂိတ် နှစ်စင်းဖြစ်သည့် PNS Tippu Sultan နှင့် PNS Shahjahan ကို တရုတ်နိုင်ငံ ရှန်ဟိုင်းရှိ ဟူဒေါင်းရှောင်ဟွာ သင်္ဘောကျင်း၌ အခမ်းအနားဖြင့် လက်ခံရရှိခဲ့သည်။ Type 054A/P ကို CM-302 သင်္ဘောဖျက်ဒုံးကျည်၊ LY-80 တာလတ်ပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်(SAM) များကဲ့သို့သော နောက်ဆုံးပေါ် စစ်လက်နက်များနှင့် အာရုံခံစနစ်များ တပ်ဆင်ထားရှိသည်။

ပါကစ္စတန်ရေတပ်၏ Babur အမျိုးအစား ကော်ဗက်စစ်ရေယာဉ်ဖြစ်သည့် PNS Babur ကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် တူကီယဲနိုင်ငံ အစ္စတန်ဘူရေတပ်သင်္ဘောကျင်း၌ တပ်တော်ဝင်ခဲ့သည်။ ၎င်းစစ်ရေယာဉ်ကို PN-MILGEM စီမံကိန်းအောက်၌ အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အလားတူ Babur အမျိုးအစား စစ်ရေယာဉ် သုံးစီးဖြစ်သည့် PNS Badr ၊ Tariq နှင့် Khaibarတို့ကိုလည်း တည်ဆောက်နေဆဲဖြစ်သည်။ တူကီယဲနိုင်ငံပိုင်ကုမ္ပဏီဖြစ်သည့် ASFAT သည် Badrကို ၂၀၂၂ ခုနှစ် မေလတွင် လည်းကောင်း၊ Khaibarကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင်လည်းကောင်း၊ Tariq ကို ၂၀၂၃ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း အစ္စတန်ဘူရေတပ်သင်္ဘောကျင်း၌ အသီးသီးတည်ဆောက်လျက်ရှိပေသည်။

**ကိုးကား**

- Pakistan Armed Forces by Asian Defense Journal.

**မောင်စိန်အိ(နဘဲမြေ)**

M L

# တနင်္ဂနွေနေ့ညကစားမဲ့ ယူရိုပြိုင်ပွဲဗိုလ်လုပွဲစဉ်မှာ အင်္ဂလန်အမျိုးသမီးအသင်းကို ရွေးရမှာပါ



တနင်္ဂနွေနေ့ညမှာတော့ အမျိုးသမီးယူရို ၂၀၂၅ ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကစားမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မှာ သေချာပါတယ်။ အမျိုးသမီးယူရိုပြိုင်ပွဲဟာ အခြားအမျိုးသမီး ဘောလုံးပြိုင်ပွဲတွေထက် ပရိသတ်စိတ်ဝင်စားမှုများတဲ့ ပြိုင်ပွဲတစ်ခုဖြစ်သလို ဘောလုံးအဆင့်အတန်းမြင့်မားတဲ့ အသင်းတွေကစားတာကြောင့် ဘောလုံးရသကို အပြည့်အဝပေးစွမ်းနိုင်တာကို တွေ့ရမှာပါ။ အမျိုးသမီးယူရိုပြိုင်ပွဲကို ၁၉၈၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ပထမဆုံးကျင်းပချိန်မှာ ဒိန်းမတ်၊ အင်္ဂလန်၊ အီတလီ၊ ဆွီဒင်တို့က အိမ်ရှင်အဖြစ် ပူးတွဲကျင်းပခဲ့သလို ပြိုင်ပွဲဝင်အသင်း လေးသင်းသာရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းထိရှိလာခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခွင့်ရခဲ့ပါတယ်။

ဗိုလ်လုပွဲမှာတော့ လက်ရှိချန်ပီယံအင်္ဂလန်အသင်းနဲ့ ပြိုင်ပွဲအရပ်ရပ်မှာဆုဖလားတွေဆွတ်ခူးခဲ့ပြီး ခြေစွမ်းပိုင်းကောင်းနေတဲ့ စပိန်အသင်းတို့တွေ့ဆုံနေတာဖြစ်ပါတယ်။ စပိန်အသင်းဟာ ယူရိုပြိုင်ပွဲမှာ ဆုဖလားမရခဲ့ဖူးပေမဲ့ ၂၀၂၃ ကမ္ဘာ့ဖလားနဲ့ ၂၀၂၃-၂၀၂၄ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ဖလားဆက်တိုက်ရယူထားတာကြောင့် ယုံကြည်မှုအားကောင်းနေသလို အင်္ဂလန်အသင်းကလဲ လက်ရှိချန်ပီယံဆုကို ရယူထားတဲ့ အသင်းဖြစ်ပြီး နည်းပြဗိုင်ဂ်မန်းကလဲ နည်းပြသက်တမ်းတစ်လျှောက် နိုင်ငံတကာပြိုင်ပွဲအရပ်ရပ်မှာ ဗိုလ်လုပွဲစဉ်ကို ငါးကြိမ်ထိရောက်ရှိခဲ့တာကြောင့် အတွေ့အကြုံပိုင်းမှာ အသာရနေတာကို တွေ့ရမှာပါ။

**အင်္ဂလန်အမျိုးသမီးအသင်းကို ရွေးချယ်ရမှာပါ**

တနင်္ဂနွေနေ့ည အမျိုးသမီးယူရိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှာတော့ အင်္ဂလန်အသင်းနဲ့ စပိန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကို တွေ့ရမှာပါ။ အင်္ဂလန်အမျိုးသမီးအသင်းဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၅)မှာ ရပ်တည်နေပြီး ကစားသမားတွေကလဲ ဥရောပထိပ်သီး အသင်းကြီးတွေမှာကစားနေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာဖြစ်ပါတယ်။ သူတို့အသင်းမှာ တိုက်စစ်မှူး ရက်ဆို၊ ဘက်မီယာ၊ ကယ်လီ၊ လောရန့်ဟမ့်၊ လောရန့်ဂျိမ်း၊ ကွင်းလယ်က အယ်လာတိုနီတို့လို ထိပ်တန်းကစားသမားတွေရှိတာကြောင့် ပြိုင်ဘက်မရွေး ယှဉ်ပြိုင်နိုင်စွမ်းရှိတာကို သတိပြုရမှာပါ။ အခုပြိုင်ပွဲမှာတော့ အင်္ဂလန်အသင်းဟာ အုပ်စု (D) မှာ ပြင်သစ်၊ နယ်သာလန်၊ ဝေးလ်အသင်းတို့နဲ့ ကစားခဲ့ရတာကြောင့် အုပ်စုကျပ်ခဲ့တာဖြစ်ပါတယ်။ အုပ်စုအဖွင့်ပွဲစဉ်မှာတော့ ပြင်သစ်အသင်းနဲ့တွေ့ဆုံခဲ့တာကြောင့် အပြန်အလှန်ဖိအားပေးမှုတွေနဲ့ကစားခဲ့ရတာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာမရခဲ့ပေမဲ့ တန်ပြန်တိုက်စစ်ကောင်းမွန်ခဲ့တာကြောင့် ပွဲချိန် ၃၆ မိနစ်နဲ့ ၃၉ မိနစ်မှာ ဦးဆောင်ဂိုးဆက်တိုက်ရခဲ့လို့ အင်္ဂလန်အသင်းအခက်တွေ့ခဲ့ပြီး ဒုတိယပိုင်းမှာ တိုက်စစ်ကစားအား မြှင့်တင်ခဲ့ပေမဲ့ ပြင်သစ်အသင်းခံစစ်ကစားပုံပိုကောင်းခဲ့လို့ ပွဲချိန် ၈၇ မိနစ်မှာ ချေပဂိုးရခဲ့ပြီး နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။

အုပ်စုဒုတိယပွဲစဉ်မှာတော့ နယ်သာလန်အသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ နည်းပြဗိုင်ဂ်မန်းက ၄-၂-၃-၁ ကစားပုံကို ပြောင်းလဲမှုမလုပ်ခဲ့ဘဲ ခံစစ်ပိုင်းအားနည်းချက်ကို ပြုပြင်နိုင်ခဲ့တာကြောင့် ပွဲစကတည်းက နယ်သာလန်အသင်းကို ဖိအားပေးကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပွဲကစားချိန် ၂၂ မိနစ်နဲ့ ပွဲချိန် ၄၅ မိနစ်မှာ ဦးဆောင်ဂိုးတွေရခဲ့ပြီး ဒုတိယပိုင်းမှာလဲ ပြိုင်ဘက်ရဲ့အားနည်းချက်ကို ရှာဖွေနိုင်ခဲ့တာကြောင့် ပွဲချိန် မိနစ် ၆၀ နဲ့ ပွဲမိနစ် ၆၇ မိနစ်မှာ ဦးဆောင်ဂိုးထပ်ရခဲ့တာကို တွေ့ရမှာပါ။ နယ်သာလန်အသင်းကတော့ အင်္ဂလန်အသင်းခံစစ်ကြောင်းကို ဖြတ်ကျော်နိုင်ခြင်းမရှိဘဲ ထိရောက်တဲ့ကန်သွင်းမှုတစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး လေးဂိုးပြတ်နဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ အုပ်စုနောက်ဆုံးပွဲစဉ်မှာတော့ နောက်တစ်ဆင့်တက်ရောက်ဖို့ ဝေးလ်အသင်းနဲ့အဆုံးအဖြတ်ပွဲစဉ် ကစားခဲ့ရတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာလဲ နည်းပြဗိုင်ဂ်မန်းက ၄-၃-၃ ကစားကွက်နဲ့ တိုက်စစ်ဖွင့်ကစားခဲ့တာကြောင့် ကစားသမားစုဖွဲ့မှု အားနည်းတဲ့ဝေးလ်အသင်းက ထိန်းချုပ်ရခက်သွားပြီး ခြောက်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အင်္ဂလန်အသင်းဟာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်နဲ့ အုပ်စုဒုတိယနေရာကနေ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ပါတယ်။

ကွာတားဖိုင်နယ်အဆင့်မှာတော့ အုပ်စု (C) က အုပ်စုပထမနေရာနဲ့ တက်ရောက်ခဲ့တဲ့ ဆွီဒင်အသင်းနဲ့ကစားခဲ့ရလို့ အကြိတ်အနယ်ရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဆွီဒင်အသင်းက ပထမပိုင်းပွဲကစားချိန်မှာ အဘက်ဘက်က အသာစီးနဲ့ကစားနိုင်ခဲ့တာကြောင့် ပွဲချိန် နှစ်မိနစ်နဲ့ ပွဲချိန် ၂၅ မိနစ်မှာ ဦးဆောင်ဂိုးတွေရခဲ့လို့ အင်္ဂလန်အသင်း ဖိအားအောက်ရောက်ခဲ့ရတာကို တွေ့ရမှာပါ။ ဒါပေမဲ့ နည်းစနစ်ပိုင်းကောင်းတဲ့ နည်းပြဗိုင်ဂ်မန်းရဲ့ လူစားလဲမှုမှန်ကန်မှုနဲ့ တိုက်စစ်ကစားအားမြှင့်တင်နိုင်ခဲ့တာကြောင့် ပွဲချိန် ၇၉ မိနစ်နဲ့ ပွဲချိန် ၈၁ မိနစ်မှာ ချေပဂိုးတွေ ပြန်သွင်းနိုင်ခဲ့လို့ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုထိ ရောက်ရှိခဲ့ပါတယ်။ အချိန်ပိုပွဲကစားချိန်မှာတော့ နှစ်သင်းစလုံး ထိန်းချုပ်ကစားနေတာကြောင့် ဂိုးမရခဲ့ဘဲ ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပါတယ်။ ပင်နယ်တီမှာ တစ်ဖက်ခုနှစ်ကြိမ်စီကန်သွင်းခဲ့ရပေမဲ့ အင်္ဂလန်ဂိုးသမား ဟမ်ပတန် လက်စွမ်းပြနိုင်ခဲ့လို့ သုံးဂိုးနှစ်ဂိုးနဲ့ဆွီဒင်ကို အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာလဲ ခံစစ်ကောင်းတဲ့ အီတလီအသင်းနဲ့ကစားခဲ့ရတာကြောင့် အခက်တွေ့ခဲ့ပြီး ပထမပိုင်းပွဲကစားချိန် ၃၃ မိနစ်မှာ ဦးဆောင်ဂိုးခွင့်ပြုပေးရပါတယ်။ ဒုတိယပိုင်းပွဲချိန်တွေမှာ အီတလီအသင်းက အနိုင်သေချာဖို့ ထိန်းချုပ်ကစားခဲ့ပေမဲ့ အင်္ဂလန်အသင်းက တိုက်စစ်မြှင့်ခဲ့တာကြောင့် တန်ပြန်တိုက်စစ်ကနေ အခွင့်အရေးတွေ ပေးခဲ့ရပေမဲ့ ဂိုးသမားဟမ်ပတန် လက်စွမ်းပြနိုင်ခဲ့သလို ပွဲချိန်နာကျင်အချိန်ပို မိနစ် ၉၀ ကျော်မှာ ချေပဂိုးပြန်သွင်းနိုင်ခဲ့ပြီး သရေရလဒ်ရခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း အချိန်ပိုပွဲကစားချိန်မှာ အင်္ဂလန်အသင်းက ဘောလုံးကိုင်ကစားခဲ့ပြီး ပြိုင်ဘက်အားနည်းချက်ကို ရှာဖွေခဲ့သလို ပွဲကစားချိန် ၁၁၈ မိနစ်မှာ ပင်နယ်တီရရှိခဲ့ကာ ဦးဆောင်ဂိုးရခဲ့တာကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။

စပိန်အမျိုးသမီးအသင်းကတော့ လက်ရှိပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ရေပန်း စားနေတဲ့ အသင်းဖြစ်သလို ကမ္ဘာ့အဆင့်ရပ်တည်ချက်ကလဲ အဆင့်(၂) မှာရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းကတော့ အုပ်စု (B) မှာ အီတလီ၊ ဘယ်လ်ဂျီယံ၊ ပေါ်တူဂီအသင်းတို့နဲ့ တစ်အုပ်စုတည်း ကစားခဲ့ရတာဖြစ်ပါတယ်။ အုပ်စုအဖွင့်ပွဲမှာတော့ ခြေစွမ်းပိုင်းအားနည်းတဲ့ ပေါ်တူဂီအသင်းနဲ့ကစားခဲ့ရတာကြောင့် အဘက်ဘက်က အသာစီးရယူနိုင်ခဲ့ပြီး ပွဲချိန် နှစ်မိနစ်၊ ပွဲချိန် ၄၃ မိနစ်၊ ပွဲချိန် ၄၀ မိနစ်နဲ့ပွဲချိန် မိနစ် ၉၀ ကျော်တို့မှာ ဦးဆောင်ဂိုးတွေ သွင်းယူနိုင်ခဲ့လို့ လေးဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အုပ်စုဒုတိယပွဲစဉ်မှာတော့ ဘယ်လ်ဂျီယံအသင်းနဲ့ ကစားခဲ့ရတာကြောင့် အကြိတ်အနယ်ရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းဟာ တိုက်စစ်ဖွင့်ကစားခဲ့လို့ စပိန်အသင်းဂိုးရဖို့ ပိုမိုလွယ်ကူခဲ့တာကြောင့် ပွဲချိန် ၂၂ မိနစ်၊ ပွဲချိန် ၃၉ မိနစ်၊ ပွဲချိန် ၅၂ မိနစ်၊ ပွဲချိန် ၆၁ မိနစ်၊ ပွဲချိန် ၈၁ မိနစ်၊ ပွဲချိန် ၈၆ မိနစ်တွေမှာ ဦးဆောင်ဂိုးတွေရခဲ့တာဖြစ်ပါတယ်။ ပြိုင်ဘက်အသင်းကတော့ ပွဲချိန် ၂၄ မိနစ်နဲ့ ပွဲချိန် ၅၁ မိနစ်မှာ ချေပဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့လို့ စပိန်အသင်းက ခြောက်ဂိုးနှစ်ဂိုးနဲ့နိုင်ပွဲဆက်ခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးပွဲမှာတော့ အီတလီအသင်းနဲ့ အုပ်စုပထမနေရာအတွက် ယှဉ်ပြိုင်ခဲ့ရလို့ အကြိတ်အနယ်ရှိခဲ့တာဖြစ်ပေမဲ့ အီတလီအသင်းက ပွဲအစမှာ တိုက်စစ်မြှင့်ကစားပြီး ပွဲချိန် ၁၀ မိနစ်မှာ ဂိုးသွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ခံစစ်အားပြုကစားလာတဲ့ အီတလီအသင်းကို စပိန်အသင်းက တိုက်စစ်မြှင့်ကစားခဲ့တာကြောင့် ပွဲချိန် ၁၄ မိနစ်၊ ပွဲချိန် ၄၉ မိနစ်၊ ပွဲချိန် မိနစ် ၉၀ မှာ ဦးဆောင်ဂိုးတွေ ဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး သုံးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။

ကွာတားဖိုင်နယ်အဆင့်မှာတော့ အိမ်ရှင်ဆွစ်ဇာလန်အသင်းနဲ့ ကစားရတာကြောင့် စပိန်အသင်းက အဘက်ဘက်က အသာစီးနဲ့ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာလဲ စပိန်နည်းပြတိုမီဟာ ပုံမှန်အသုံးပြုနေတဲ့ ၄-၃-၃ ကစားကွက်ကိုသာ အသုံးပြုခဲ့တာကြောင့် ပွဲအစ ကိုးမိနစ်မှာ ပင်နယ်တီအခွင့်အရေးရခဲ့ပေမဲ့ မာရီအိုနာ လွဲချော်ခဲ့လို့ ဂိုးမရခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ ခံစစ်အားပြုနေရတဲ့ ဆွစ်ဇာလန်အသင်းက စပိန်အသင်းရဲ့တိုက်စစ်ကိုသာ ထိန်းချုပ်နေရတာကြောင့် ပွဲချိန် ၆၆ မိနစ်နဲ့ ပွဲချိန် ၇၇ မိနစ်မှာ ဦးဆောင်ဂိုးတွေ ပေးလိုက်ရတာကို တွေ့ရမှာပါ။ အဲဒီနောက်မှာ စပိန်အသင်းအနိုင်သေချာဖို့ ထိန်းချုပ်ကစားခဲ့တာကြောင့် ဆွစ်ဇာလန်အသင်းချေပဂိုးရဖို့ အခွင့်အရေးမရတော့ဘဲ စပိန်အသင်း နှစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ ယူရိုပြိုင်ပွဲမှာ ဆုဖလား အောင်မြင်မှုအများဆုံးရထားတဲ့ ဂျာမနီအသင်းနဲ့ကစားခဲ့ရလို့ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ဂျာမနီအသင်းက ခံစစ်အားပြုကစားခဲ့ပြီး တန်ပြန်တိုက်စစ်ကနေ ဖိအားပေးခဲ့ပေမဲ့ စပိန်အသင်းက အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ကာ ဦးဆောင်ဂိုးရဖို့တော့ ရှန်းကန်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီနောက် ပွဲချိန်အတွင်းမှာ နှစ်သင်းစလုံး ဂိုးမရခဲ့လို့ အချိန်ပိုဆက်လက် ကစားခဲ့ရပြီး အချိန်ပိုပွဲကစားချိန်မှာတော့ စပိန်အသင်းက ပွဲကစားချိန် ၁၁၃ မိနစ်အရောက်မှာ ကက်စတယ်လို ဖန်တီးပေးမှုကို ဘွန်မာတီအဆုံးသတ်နိုင်ခဲ့တာကြောင့် ဦးဆောင်ဂိုး ရခဲ့ပြီး တစ်ဂိုးဂိုးမရှိနဲ့ ဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။

အခုပြိုင်ပွဲမှာ စပိန်အသင်းတွေ့ဆုံခဲ့တဲ့ အသင်းတွေက အားနည်းချက်ရှိတဲ့ အသင်းတွေများခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်မှာသာ အတွေ့အကြုံကောင်းတဲ့ ဂျာမနီအသင်းနဲ့ကစားခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်က ခြေစွမ်းအရဆိုရင် စပိန်အသင်းဟာ တိုက်စစ်ကောင်းတဲ့ အသင်းဖြစ်ပေမဲ့ ခံစစ်ကောင်းတဲ့ ဂျာမနီအသင်းကိုတော့ ဂိုးရဖို့ရှန်းကန်ရတာကြောင့် နည်းစနစ်ပိုင်းကောင်းပြီး ခြေစွမ်းပြကစားသမားတွေ ပိုင်ဆိုင်ထားတဲ့ အင်္ဂလန်အသင်းကိုလဲ ပွဲချိန်အတွင်းနိုင်ပွဲရဖို့တော့ မလွယ်ကူနိုင်ပါဘူး။ ဒါ့ပြင် သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ၁၀ ကြိမ်မှာလဲ အင်္ဂလန်အသင်းက ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးနဲ့အသာရခဲ့သလို လက်ရှိနည်းပြနှစ်ယောက်ရဲ့ နည်းစနစ်ပိုင်းနဲ့အတွေ့အကြုံပိုင်းမှာလဲ အင်္ဂလန်အသင်းက အသာရနေတာကြောင့် အခုပွဲမှာ အင်္ဂလန်အမျိုးသမီးအသင်းကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

**အင်္ဂလန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပြင်သစ် | ၂ | - | ၁ | အင်္ဂလန် |
| အင်္ဂလန် | ၄ | - | ၀ | နယ်သာလန် |
| အင်္ဂလန် | ၆ | - | ၁ | ဝေးလ် |
| ဆွီဒင် | ၂ | - | ၂ | အင်္ဂလန် |
| အင်္ဂလန် | ၂ | - | ၁ | အီတလီ |

**စပိန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၅ | - | ၀ | ပေါ်တူဂီ |
| စပိန် | ၆ | - | ၂ | ဘယ်လ်ဂျီယံ |
| အီတလီ | ၁ | - | ၃ | စပိန် |
| စပိန် | ၂ | - | ၀ | ဆွစ်ဇာလန် |
| ဂျာမနီ | ၀ | - | ၁ | စပိန် |

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**
**ဒေါ်မြမေ (ခ) ဒေါ်နီနီ**
**အသက် (၉၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၁၂)နေ ဦးမြတ်ဟိန်း-ဒေါ်ထွေးထွေးညွန့်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ (ဦးညွန့်မောင်)၏ချစ်လှစွာသောဇနီး ဒေါ်မြမေ (ခ) ဒေါ်နီနီ (၉၉)နှစ်သည် ၂၄-၇-၂၀၂၅ ရက်(ကြာသပတေးနေ့) ညနေ ၅:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ



**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ။**



**“အဂတိပယ်ခွာ ပြည်သာယာ”**
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)










# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၈၃၈ ကေ စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၅၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ကေ ၄၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းစတဲ့သီးနှံတွေ စိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝမြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပြင်ဦးလွင် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သိုက်တောကျေးရွာအုပ်စု ဘော်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဇူလိုင်၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်၊ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ဘော်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်သုံးမိုင်၊ အကျယ် ၁၂ပေ၊ မြေသားတစ်ပေ၊ ချင်းကျောက်ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၄၂၅ ဒသမ ၆၃၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၉ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဘော်ကျေးရွာမှ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇေယျာညို ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**


**စာအုပ်စာပေ လူ့မိတ်ဆွေ**










## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဘုန်းတော်ကြီးသင်ပညာရေး(ဘ-က၊၆) စောမွန်လှပေါ်တော်မူကျောင်း၊ Grade–8 တွင်ပညာသင်ကြားနေသော (ဘ)ဦးကျော်မြင့်၏သား မောင်ကျော်ဇင်ထက်ကို မောင်ခန့်ညာကျော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခန့်ညားကျော်**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စလေ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade–11 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်သူလင်း၏သမီး မနွေးနွေးအောင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မနှင်းရတီနွေးနွေးအောင်ဖြစ်ပါကြောင်း။

**မနှင်းရတီနွေးနွေးအောင်(၉/အမရ(နိုင်)၂၁၁၃၅၇)**

## ပျောက်ဆုံးကြောင်း

မိုင်းငေါ့မြို့၊ ဈေးရပ်ကွက်နေ မောင်အောင်ကျော်ဦး (ဘ) ဦးကျော်မြင့်(၁၃/မငန(နိုင်)၀၁၀၉၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC–182361)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၀၁၇၁၆၈၁

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး။**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ကန်ကြီးကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ Grade–6 တွင် ပညာသင်ကြားနေသော မဇူဇင်ထွေး၏ မွေးသက္ကရာဇ်အမှန်မှာ (၄-၁-၂၀၁၁)ဖြစ်ပါကြောင်း။ **မဇူဇင်ထွေး(၄-၁-၂၀၁၁)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အထက-အုန်းချော၊ Grade–11 တွင် ပညာသင်ကြားနေသော မသကြ်န်မိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆန်းဝင်းဖြစ်ပါကြောင်း။ **ဦးဆန်းဝင်း(၉/ပသက(နိုင်)၁၁၁၇၅၀)**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့၊ ဒေါနဘွားရပ်ကွက်တွင် နေထိုင်သော ဦးနေဝင်း၏သား ချစ်ဝေအောင်အား မောင်ကောင်းခန့်ထူးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းခန့်ထူး**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နောင်မွန်ကျေးရွာအုပ်စု၊ နားယာမကျေးရွာနေ ဒေါ်ဝူလုံကျူး (ဘ) ဦးဝူစီး(၁၃/လရန(နိုင်)၀၆၇၀၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၃၇၁၉၉၆၈

**အဖိုးတန်ရေချိုကို ချွေတာပါ**









# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးသည် မိမိတို့၏ အန္တိမရည်မှန်းချက်ပင်ဖြစ်...

❖ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာလေ့လာထားရန်လို...


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မုန်တိုင်းငယ်၏အရှိန်ကြောင့် အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၅

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကိုးလ်ကတ္တားမြို့၏ တောင်ဘက်မှ ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသော မုန်တိုင်းငယ်(Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

စာမျက်နှာ ၁၉ ကော်လံ ၄ ❑




## ခိုကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်



နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်းဧက ၂၃၃၇၀ ရှိသော နယ်မြေကို **"ခိုကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၂၅)အရ ၁၃၈၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၂ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ် ကျောင်းအပ်လက်ခံခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စာမျက်နှာ- ၁၆

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY-PDF အဖွဲ့ဝင် ၁၅ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက် စာမျက်နှာ- ၂၃

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)သရုပ်ပြရှင်းလင်းခြင်းနှင့်လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက် စာမျက်နှာ- ၂၂

